# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၀၆၉)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၇**

(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီကို ရုံးအမိန့်ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်ခြောက်ရပ် ချမှတ်ပေးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီတစ်ခုနှင့် ဆပ်ကော်မတီကိုးခုကိုလည်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁*

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နေ့စဉ် ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်မှုနှင့်ပတ်သက်၍ . . .

ဆောင်းပါး - စာမျက်နှာ - ၆

## လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

ပြည်တွင်းသတင်း - စာမျက်နှာ - ၉

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

ပြည်တွင်းသတင်း - စာမျက်နှာ - ၁၀

## ယှဉ်မင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ စတင်

နိုင်ငံတကာသတင်း- စာမျက်နှာ - ၁၄

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၇**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တရုတ်ပြည်မကြီးမှ ရွေ့လျားလာသော လေအေးများနှင့် ဘင်္ဂလားပင်လယ်အော်ဘက်မှ ရွေ့လျားလာသော လေနွေးများစုဆုံမှုကြောင့် လေထုမငြိမ်သက်မှုဖြစ်ကာ ဒီဇင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာ့အလင်း




မြန်မာ့အလင်း

# အဂတိကင်းစင်ရေးနှင့် ပြည်သူ့အစိုးရ

ပြည်သူတို့က ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များက ဒီမိုကရေစီအပြောင်းအလဲခေတ်တစ်ခုကို ဖော်ဆောင်လျက်ရှိပြီး ယနေ့ကာလကို ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလအဖြစ် သတ်မှတ်ကာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့် အဘက်ဘက်သောကဏ္ဍများတွင် ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့်အတူ နိုင်ငံတွင်း ငြိမ်းချမ်းရေးကို အင်တိုက်အားတိုက် လုပ်ဆောင်နေချိန်ဟု ဆိုရပါမည်။

နိုင်ငံပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်အရပ်ရပ်ကို နှေးကွေးလေးလံအောင်၊ မအောင်မမြင်ဖြစ်အောင် ပိတ်ဆို့ကာဆီးနေသည့် အကြီးစား ဆူးငြောင့်ခလုတ်တစ်ခုမှာ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ ဖြစ်သည်ဟုဆိုလျှင် မမှားနိုင်ပါ။

ဗဟိုဦးစီးစနစ်ဖြင့် ချီတက်ခဲ့သော ခေတ်ကာလအဆက်ဆက်တွင် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုတို့သည် တဖြည်းဖြည်းချင်း လှိုက်စားထိုးဝင်လာခဲ့ရာ နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးတို့၌ အဂတိရောဂါဆိုး အမြစ်တွယ်သွားခဲ့ပါတော့သည်။

ပညာရေး၊ ကျန်းမာရေးကဲ့သို့သော အလွန်မွန်မြတ်သန့်ရှင်းလှသည့် နယ်ပယ်များတွင်းသို့ပင် အဂတိရောဂါဆိုးက ဝင်ရောက်ခြေချလာခဲ့ခြင်းဖြင့် တိုင်းပြည်၏စီးပွားရေး နိမ့်ကျဆင်းရဲမှုပါမက ကိုယ်ကျင့်သိက္ခာ ချွတ်ခြုံကျမှုတို့ပါ လွှမ်းမိုးခဲ့သည့်နိုင်ငံ ဖြစ်ခဲ့ရပါသည်။

ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ပြီး အစိုးရတာဝန်နှင့် လွှတ်တော်တာဝန်များ ယူပြီးသည့်အချိန်ကစ၍ အဂတိကင်းစင်ရေးကို အလေးအနက်ထား ဆောင်ရွက်သည်တို့ကို တွေ့ရှိလာရရာ ပြည်သူတို့ကလည်း အထူးပင်အားပေးကာ ဝိုင်းဝန်းကူညီလာခဲ့ကြပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့် သမ္မတတာဝန် စတင်ထမ်းဆောင်ချိန်မှစ၍ အဂတိလိုက်စားမှုကို ပိုမိုထိရောက်စွာ တိုက်ဖျက်ရေးကို အလေးပေးပြောဆိုခဲ့ပါသည်။ "လုပ်ပိုင်ခွင့်အာဏာ အရှိန်အဝါရှိသူများ၏ ပါဝင်ပတ်သက်မှု၊ ဝင်ရောက်စွက်ဖက်မှုများအား တိကျခိုင်လုံသည့် အချက်အလက် အထောက်အထားများနှင့် တိုင်ကြားကြရန်နှင့် ... မျက်နှာကြီးငယ် မလိုက်၊ ဆူကြုံနိမ့်မြင့်မရွေး ဥပဒေနှင့်အညီ ပြတ်ပြတ်သားသား ဆောင်ရွက်ရန်" စသည်ဖြင့် ပြောကြားခဲ့ခြင်းက အဂတိကင်းစင်ရေးကို မည်မျှအလေးအနက်ထားကြောင်း ပေါ်လွင်လှပါသည်။

ဒီမိုကရေစီ လူမှုအဖွဲ့အစည်းတစ်ခုအဖြစ် တည်ဆောက်ရာတွင် ထိပ်ဆုံးရှိ ဦးစီးဦးဆောင်များမှသည် အောက်ဆုံးဝန်ထမ်းများအထိ အဆင့်ဆင့် အဂတိကင်းစင်ရန် အရေးကြီးပါသည်။ အဂတိကင်းစင်ရေး ကြိုးပမ်းရာတွင်လည်း အဂတိလိုက်စားမှုကို ထိရောက်စွာအရေးယူခြင်း၊ အသိပညာနှင့် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေး ဆောင်ရွက်ခြင်း၊ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ပွင့်လင်းမြင်သာမှုရှိစေခြင်း၊ အဆင့်ဆင့်၏ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးကို ထိန်းကွပ်ခြင်း စသည်တို့အားဖြင့် အားစိုက်လုပ်ကိုင်ရန်လိုမည်ဟု ယူဆပါသည်။

လွတ်လပ်စွာ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်း၊ တရားစွဲခြင်း စသည်ကဲ့သို့သော တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပိုမိုရရှိလာပြီဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်အတူ အစိုးရဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော လူထုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများ အပါအဝင် ပြည်သူလူထုကြီး၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို များစွာအရှိန်အဟုန်မြှင့် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဒီဇင်ဘာ ၉ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု တင်ပြလိုက်ရပါသည်။ ။

## မြန်မာဆယ်မာအူးလ်အွန်ဒုံစီမံကိန်းနှင့် ကျေးရွာပြည်သူတို့ ပူးပေါင်း၍ မူကြိုကျောင်းဖွင့်

**ကလော ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု ဥသကံကျေးရွာ ဘုန်းကြီးကျောင်း၌ မြန်မာဆယ်မာအူးလ်အွန်ဒုံစီမံကိန်းနှင့် ကျေးရွာပြည်သူတို့ ပူးပေါင်းဆောင်ရွက်သည့် မူကြိုကျောင်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားကို ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်း၊ ခရိုင်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဥသကံကျေးရွာ SMU ကော်မတီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥသကံကျေးရွာမှ ဒေသခံတစ်ဦးက အထိမ်းအမှတ်အလံပေးအပ်ပြီး ကျေးရွာ SMU ဥက္ကဋ္ဌ ဦးအောင်နိုင်စိုးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **မောင်ကျော်ကြီး**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Legal Advisory for Elaboration of Cyber Legal and Policy Framework စီမံကိန်း၏ Round Table Discussion and Survey စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၇

**မြန်မာနိုင်ငံတွင် e-Government နှင့် e-Commerce လုပ်ငန်းများအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် လိုအပ်သော "e- Government, e-Commerce Cyber Security နယ်ပယ်များနှင့် သက်ဆိုင်သည့် ဥပဒေနှင့် မူဝါဒများ မူကြမ်း" ရေးဆွဲသွားနိုင်ရန် Legal Advisory for Elaboration of Cyber Legal and Policy Framework စီမံကိန်း၏ "Round Table Discussion and Survey အစည်းအဝေး"ကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ ရုံးအမှတ်(၂) နေပြည်တော်၌ ကျင်းပခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။** (အောက်ပုံ)



ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် Digital Tools များကို အသုံးပြုမှု ပိုမိုများပြားလာခြင်းနှင့် သတင်းအချက်အလက် နည်းပညာများ အချိန်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ယနေ့ ကမ္ဘာကြီး၏ အပြောင်းအလဲမှာ Digital ခေတ်ကို ထင်ဟပ်လာပြီး ပြည်သူလူထုသို့ ကောင်းမွန်သော၊ လွယ်ကူလျင်မြန်သော၊ အကျိုးရှိထိရောက်သော အီလက်ထရွန်နစ် ဝန်ဆောင်မှုများ ပေးနိုင်ရေး ကြိုးစား ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ e-Government, e-Commerce နှင့် Cyber Security လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်သည်ကို မြဲမြံစွာယုံကြည်ပါကြောင်း။

**ဆိုက်ဘာလုံခြုံရေး လိုအပ်**

ပြည်သူလူထုသို့ ယုံကြည်စိတ်ချရသော အီလက်ထရွန်နစ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ရန် e-Government Steering Committee ကို ဖွဲ့စည်းခဲ့ပြီး ASEAN Agreement on e-Commerce တွင်လည်း မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း၊ e-Government and e-Commerce platform များကို လွယ်ကူအဆင်ပြေ လုံခြုံစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ဆိုက်ဘာလုံခြုံရေးသည် မရှိမဖြစ် လိုအပ်ပါကြောင်း။

နိုင်ငံ၏ ဒီဂျစ်တယ်ကူးပြောင်းမှု ခရီးစဉ်၏ ရည်မှန်းချက်ကို အောင်မြင်စွာ ရောက်ရှိရေး ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်ရန်အတွက် Cyber Law ကို ပြဋ္ဌာန်းပေးရမည် ဖြစ်ပါကြောင်း၊ အဆိုပါ မူဘောင်အား electronic services နှင့် cashles digital ecosystem ကို အားပေးမြှင့်တင်ရန်၊ နိုင်ငံ၏ Critical Information Infrastructure ကို ထိန်းသိမ်းကာကွယ်နိုင်ရန်၊ Personal Data များကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်နိုင်ရန်၊ ဆိုက်ဘာရာဇဝတ်မှု ကျူးလွန်ခြင်းများကို အပြစ်ပေး အရေးယူနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲသွားမည် ဖြစ်ပါကြောင်း။

**သတင်းအချက်အလက်များ ထောက်ပံ့**

ပါဝင်ရေးဆွဲမည့် နယ်ပယ်များနှင့် သက်ဆိုင်သည့် ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ရေးအတွက် ယခုလို အစည်းအဝေးကျင်းပရခြင်း ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံအတွက် အရေးပါသော ဆိုက်ဘာဥပဒေ(မူကြမ်း) ကို သတ်မှတ်ထားသော စီမံကိန်းကာလအတွင်း အောင်မြင်ပြည့်စုံစွာ အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် အကြံပေးအဖွဲ့ ဖြစ်သည့် TRPC မှ သတင်းအချက်အလက်များ မှန်ကန်စွာကောက်ယူပြီး ကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားလိုပါကြောင်းနှင့် တက်ရောက်လာသော ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကလည်း တိကျမှန်ကန်သည့် သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်ပါရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးရင်က စီမံကိန်းဆိုင်ရာ အချက်အလက်များအား မိတ်ဆက်ရှင်းလင်းဆွေးနွေး၍ စင်ကာပူနိုင်ငံ TRPC မှ အကြံပေးပညာရှင်က Cyber Law နှင့် ပတ်သက်၍ နိုင်ငံတကာမှ အကောင်းဆုံး အတွေ့အကြုံများအား ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် TRPC မှ အကြံပေး ပညာရှင်များသည် ဖိတ်ကြားထားသော ဝန်ကြီးဌာနအသီးသီးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူအရာထမ်းများ၊ ပုဂ္ဂလိကကဏ္ဍများမှ ကျွမ်းကျင်ပညာရှင်များ၊ Telecom Operator များသည် TRPC မှ အကြံပေး ပညာရှင်များနှင့် ဆွေးနွေးခြင်း၊ စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအသီးသီးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အရာထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များ၊ Telecom Operator များနှင့် စင်ကာပူနိုင်ငံ TRPC မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ MySoP သင်တန်းဆင်းများ သီတင်းပတ်အခမ်းအနားတက်ရောက်

**ထားဝယ် ဒီဇင်ဘာ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ယနေ့ ညနေ ၄ နာရီတွင် မောင်းမကန်ကမ်းခြေ Dawei Beauty Hotel ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် MOU လက်မှတ်ရေးထိုးထားသည့် Netherlands Institute for Multiparty Democarcy (NIMD) နှင့် Political Parties of Finland Democracy တို့၏ မြန်မာနိုင်ငံရေးသင်တန်းကျောင်း Myanmar School of Politics (MySoP) မှ ဦးဆောင်ကျင်းပသည့် မြန်မာနိုင်ငံရေးသင်တန်းကျောင်း Myanmar School of Politics (MySoP) သင်တန်းဆင်းများ သီတင်းပတ်အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများကျင်းပနိုင်ရေး ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ဖွံ့ဖြိုးနိုင်ရေး ပြည်သူလူထု၏ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်ထပ်တူကျရေးတို့အတွက် ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မဲဆန္ဒရှင်များ၊ ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အစရှိသည့် ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ သက်ဆိုင်သူများအားလုံးက စည်းစည်းလုံးလုံးနှင့် လက်တွဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်မှ စတင်ပြီး NIMD / Demo Finland နှင့် လက်တွဲဆောင်ရွက်ခဲ့ပြီး နားလည်မှုစာချွန်လွှာကို ၂၀၁၅ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးကာ ၂၆-၉-၂၀၁၇ ရက်နေ့တွင် သက်တမ်းတိုးခဲ့ပါကြောင်း။

မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီမှ နိုင်ငံရေးသမားများ၏ အရည်အသွေးမြှင့်တင်ရေး၊ ပါတီစုံဒိုင်ယာလော့ယဉ်ကျေးမှုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံရေးသင်တန်းကျောင်းဖွင့်လှစ်ပြီး သင်တန်းများဖွင့်လှစ်ရေးတို့အတွက် အဖွဲ့ကဆောင်ရွက်ရာတွင် အဆင်ပြေစေရန် ကော်မရှင်အနေဖြင့် ကူညီပေးခြင်းဖြစ်ပါကြောင်း၊ ယနေ့အထိ Core Course သင်တန်း (၁၃)ကြိမ် ပြုလုပ်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ နိုင်ငံရေးပါတီခေါင်းဆောင် ၂၀ ကျော်တက်ရောက်ခဲ့ပြီး ဖြစ်သည်ကို သိရှိထားပါကြောင်း၊ ယခုလို သင်တန်းသားများတွေ့ဆုံပွဲကို နေပြည်တော်၊ ထားဝယ်၊ တောင်ငူ၊ ဘားအံ၊ ပဲခူးနှင့် ပုဂံတို့တွင် စုစုပေါင်း ခြောက်ကြိမ်ပြုလုပ်၍ သင်တန်းသားများအချင်းချင်း ခိုင်မာသည့်ကွန်ရက်တစ်ခုကို ဖော်ဆောင်နိုင်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် နားလည်မှု၊ ယုံကြည်မှုတို့ကို ပိုမိုဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ တနင်္သာရီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေးသင်တန်းကျောင်းမှ သင်တန်းနည်းပြနှင့် သင်တန်းသား/သင်တန်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**✪ ရှေ့ဖုံးမှ**

ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ယခင်နှစ်များကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

### ဝိုင်းဝန်းပူးပေါင်းကူညီ

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်မပျက်ကျင်းပလာခဲ့ရာ ရန်ကုန်မြို့တွင် ၆ ကြိမ်နှင့် နေပြည်တော်တွင် ၁၂ ကြိမ် စုစုပေါင်း ၁၈ ကြိမ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကျင်းပခဲ့သည့် ညီလာခံအဆက်ဆက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တစ်ခုတည်းဖြင့် တာဝန်ယူဆောင်ရွက်နိုင်ခဲ့သည် မဟုတ်ဘဲ နှီးနွှယ်ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု (၁၉) ကြိမ်မြောက် ညီလာခံတွင်လည်း အစဉ်အလာမပျက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း။

(၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ကျင်းပရသည့် ရည်ရွယ်ချက်များမှာ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေး တိုးတက်ရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာများ၏ အရည်အချင်းနှင့် ကျင့်ဝတ်သိက္ခာမြင့်မားရန်၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရန်တို့ ဖြစ်ပါကြောင်း။

### သုတေသနလုပ်ငန်းများ တိုးမြှင့်

မြန်မာ့တိုင်းရင်းဆေးသမားတော်များ နှီးနှောဖလှယ်ပွဲကို တိုင်းရင်းဆေးဖုံများတွင် ကုထုံးနည်းအသစ်များ ပေါ်ပေါက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နိုင်ရေး၊ သမားတုသမားယောင်များ ပပျောက်ရေးနှင့် ဆေးပညာရပ်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရေး၊ ပြည်တွင်း၌ ပရဆေးဥယျာဉ်များ တိုးချဲ့ရေးနှင့် ဆေးဖက်ဝင်အပင်များ ပိုမိုတိုးမြှင့်စိုက်ပျိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များအား လေ့ကျင့်သင်ကြား မွေးထုတ်ပေးရေးစသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပသည့် နှစ်စဉ်နှစ်တိုင်းတွင် နိုင်ငံတော်သမ္မတက ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပါကြောင်း၊ ညီလာခံ မကျင်းပမီတစ်ရက်အလိုတွင် ညီလာခံအကြိုဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံဖွင့်ပွဲနေ့တွင် ဖွင့်ပွဲအခမ်းအနားပြီးဆုံးပါက ညီလာခံကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ညနေပိုင်းတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ပါကြောင်း၊ နောက်ရက်တွင် နှီးနှောဖလှယ်ပွဲ ဆက်လက်ပြုလုပ်သွားမည်ဟု သိရှိရပါကြောင်း။

### ညီလာခံကိုယ်စားလှယ်များ တက်ရောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဆရာအသင်းဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ အသင်းဝင်များ၊ ပြည်တွင်းမှ အစိုးရမဟုတ်သော အသင်းအဖွဲ့အစည်းကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ကြမည်ဟု သိရှိရပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်ကျင်းပခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံပြီး ယခု(၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်နှင့် အဘက်ဘက်မှ လစ်ဟာမှုမရှိအောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

### ရလဒ်ကောင်းများ ထွက်ပေါ်လာရေးဆောင်ရွက်

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးပညာလောက ပိုမိုတိုးတက်ကောင်းမွန်လာရေး၊ သုတေသနလုပ်ငန်းများ စနစ်တကျလုပ်ကိုင်နိုင်ရေး၊ တိုင်းရင်းဆေးဝါးများ အရည်အသွေးပြည့်မီစွာဖြင့် နိုင်ငံတကာသို့ တင်ပို့နိုင်ရေး၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် လုပ်ငန်းများ ယခုထက် တိုးတက်အောင်မြင်အောင် ပိုမိုလုပ်ကိုင်နိုင်ရေးနှင့် (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲတွင် ရလဒ်ကောင်းများ ထွက်ပေါ်လာရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဦးစီးကော်မတီအတွင်းရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း

လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန်များ ခွဲဝေချထားမှု၊ ညီလာခံကျင်းပမည့် အစီအစဉ်များ၊ ညီလာခံတက်ရောက်မည့် စာရင်းများ၊ အဆိုပြုလွှာနှင့်ထောက်ခံချက်များ တင်သွင်းမည့်အစီအစဉ်များနှင့် ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးသက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။


ယင်းနောက် ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီကိုးခုမှ ကော်မတီဝင်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အမေရိကန်သမ္မတဟောင်း ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၇**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတဟောင်းဖြစ်သူ H.E. George H.W.Bush ကွယ်လွန်သွားသည့်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၄၀)ရှိ အမေရိကန်စင်တာတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်တွင် ယနေ့ မွန်းလွဲ ၂ နာရီက လက်မှတ်ရေးထိုးသည်။ **(ယာပုံ)**



အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတဟောင်းဖြစ်သူ H.E. George H.W.Bush သည် အသက် ၉၄ နှစ်ရှိပြီး နိုဝင်ဘာ ၃၀ ရက်တွင် ကွယ်လွန်သွားခဲ့ရာ ရန်ကုန်မြို့ရှိ အမေရိကန်စင်တာတွင် လာရောက်ဂါရဝပြုလိုသူများ ဝမ်းနည်းခြင်းမှတ်တမ်း ရေးထိုးနိုင်ရန်အတွက် ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်မှ သွားရောက်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

သမ္မတဟောင်းဖြစ်သူ H.E. George H.W.Bush သည် အမေရိကန် ပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတအဖြစ် ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြစ်ကြီးနားမြို့ရှိ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) တွင် ပြည်သူများအား ဝန်ဆောင်မှုပေးနေသည်များကို ကြည့်ရှုစဉ်။

❊ *ကျောဖုံးမှ*

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များ ပေးအပ်သွားမည် ဖြစ်ပါကြောင်း။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိကြသည့် တောင်သူများအနေဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပါ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ယင်းမှ ပေါ်ထွက်လာသော အကျိုးအမြတ်ခံစားခွင့်များအပြင် သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်နှင့် အမွေဆက်ခံခွင့်များကိုလည်း ရရှိကြမည် ဖြစ်ပါကြောင်း။

ယခင်က မြို့ပြဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းတံတားများနှင့် လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ လုံခြုံရေးဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ စီးပွားရေးဆိုင်ရာအထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များတည်ဆောက်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများအတွက် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများသို့ မြေနေရာချထားပေးခြင်း စသည့်အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံခဲ့ရမှုများ ရှိခဲ့ပါကြောင်း။

လယ်ယာမြေ သိမ်းဆည်းခံရသည့် ဒေသခံပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး စသည့် အခက်အခဲမျိုးစုံ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်အတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းပြီး မူဝါဒ လုပ်ငန်းစဉ် ၅၂ ချက် ချမှတ်ကာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာကော်မတီ အဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

မြေယာပြဿနာများသည် ရှုပ်ထွေးနက်နဲ၊ ကျယ်ပြန့်သည့်အတွက် ဖြေရှင်းဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းအသီးသီးတွင်ပါဝင်သည့် ပုဂ္ဂိုလ်များအနေဖြင့် ဥပဒေ၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ တရားမျှတမှုရှိစေရေး အလေးထားဖြေရှင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

**ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိ**

ပြန်လည်လုပ်ပိုင်ခွင့်ရရှိလာသည့် လယ်ယာမြေများကိုအသုံးချပြီး ထွက်ရှိလာမည့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ဈေးကောင်းရရှိကာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ဝင်ငွေတိုးတက် ရရှိစေရေးအတွက် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေး လိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

**ပြုပြင်ပြောင်းလဲစိုက်ပျိုး**

စိုက်ပျိုးတောင်သူများ အကျိုးအမြတ်ပိုမိုရရှိစေရေးအတွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်သည့် အခြေအနေအထိရောက်ရှိရန် Contract Farming များ၊ လက်ကားဈေးကွက်များ ဒေသအလိုက် ပေါ်ပေါက်လာစေရေးကိုလည်း နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။ တောင်သူများအနေဖြင့်လည်း ယခင်ကကျင့်သုံးခဲ့သည့် စိုက်ပျိုးနည်းပုံစံဟောင်း၊ ဓလေ့ထုံးစံဟောင်းများအစား ပုံစံသစ်၊ ခေတ်မီနည်းစနစ်သစ်များနှင့် အညီ အစေ့ချစိုက်ပျိုးခြင်း၊ ရေသွင်းစိုက်ပျိုးခြင်း၊ Green House များဖြင့် စိုက်ပျိုးခြင်းတို့ဖြင့် ပြုပြင်ပြောင်းလဲစိုက်ပျိုးသွားနိုင်ပါက အပျက်အစီးနည်းပြီး အကျိုးအမြတ်ရရှိလာစေမည် ဖြစ်ပါကြောင်း။

**ခံယူချက် ယုံကြည်ချက်များ မွေးမြူ**

တောင်သူလယ်သမားကြီးများအနေဖြင့်လည်း မိမိတို့လုပ်ကိုင်နေသည့် စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတွင် ရပ်တည်နေသည် ဆိုသည်ကို သိမြင်ပြီး ဘဝရပ်တည်မှု အဆင့်အတန်းနှင့် ကုန်ထုတ်လုပ်နိုင်မှု စွမ်းပကား မြင့်မားစေရမည်ဆိုသည့် ခံယူချက် ယုံကြည်ချက်များ မွေးမြူကာ တိုင်းပြည်က အားကိုးရသူများအဖြစ် ရပ်တည်သွားနိုင်ကြပါစေဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ်အတွင်း လယ်ယာမြေများနှင့် အခြားမြေများ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ရေး ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မျိုးဝင်းက မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီးအား ပြန်လည်စွန့်လွှတ်မြေဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်လင်း၊ ပြည်နယ်ဝန်ကြီး ဦးမြသိန်း၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်နှင့် ဦးဝင်းခန့်တို့က ဒေသခံတောင်သူများ ကိုယ်စား ကိုယ်စားလှယ် များအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇)များကို လွှဲပြောင်းပေးအပ်ကြသည်။

**ကျေးဇူးတင်စကား ပြောကြား**

ယင်းနောက် တောင်သူတစ်ဦးက စွန့်လွှတ်မြေများ ပြန်လည်လက်ခံရရှိခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြစ်ကြီးနားမြို့ရှိ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) တွင် ပြည်သူများအား ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိနေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာမိုးဆွေ<br>မကွေးတိုင်းဒေသကြီး<br>ပြည်သူ့ကျန်းမာရေး/<br>ကုသရေးဦးစီးဌာနမှူး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |
| (၂) | ဦးအောင်ခိုင်ထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်/<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု<br>အစီရင်ခံရေးဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

# လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့နှင့် ရမ်ကလောင်းတို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ ဖလမ်းမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငွေကျပ်သိန်းနှစ်ထောင် ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၇

**မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Hong Liang နှင့်အဖွဲ့က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)အတွက် ငွေကျပ်သိန်းနှစ်ထောင်အား ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံသည်။** (အောက်ပုံ)




တရုတ်သံအမတ်ကြီးက ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းတွင် Cash for Work Program ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်အား ကြိုဆိုထောက်ခံပါကြောင်း၊ ယခင် Assembled Board Houses အလုံး ၁၀၀၀ ကိုလည်း လှူဒါန်းထားပြီး ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေး လုပ်ငန်းများတွင် အသုံးပြု ဆောင်ရွက်နိုင်ရန်အတွက် Truck ကားများကိုလည်း ဆက်လက်လှူဒါန်းသွားရန်ရှိပါကြောင်းနှင့် နိုင်ငံတကာစာမျက်နှာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ခိုင်ခိုင်မာမာ ဆက်လက်ရပ်တည်ပေးသွားမည်ဖြစ်ပါကြောင်းတို့ကို ပြောကြားသည်။

**များစွာကျေးဇူးတင်ရှိ**

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ယခုလို လှူဒါန်းပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံဘက်မှ အမြဲထောက်ခံရပ်တည်ပေးနေခြင်းကိုလည်း လွန်စွာဝမ်းမြောက်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များအပြင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင်လည်း လိုအပ်သော ကူညီပံ့ပိုးမှုများကို ဆက်လက် ကူညီပေးသွားမည်ဆိုသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ပြည်သူများအားလုံး နှစ်သစ်တွင် ကျန်းမာရွှင်လန်းပါစေရန် ဆန္ဒပြုပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက လှူဒါန်းငွေကျပ် သိန်းနှစ်ထောင်ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၀) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော်  ဒီဇင်ဘာ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိရိပျံချီ ကျော်ဆွေနှင့် ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိရိပျံချီ ရဲအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မောင်မောင်ကျော်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**ချီတက်အလေးပြု**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေ စည်သူ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၆၀)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း အောင်ခန့်မင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းကောင်းထက်၊ စာပေထူးချွန်ဆု (ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းစိုးရန်နိုင်၊ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်းညီညီနိုင်၊ စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်း သက်ခိုင်ထူးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

**ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နှင့်အညီ ကျင့်ကြံကြိုးစား**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် တပ်ရင်းတပ်ဖွဲ့အသီးသီးတွင် ပြန်တမ်းဝင်အရာရှိ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်မည့် မိမိတို့အနေဖြင့် ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ဖွဲ့ဝင်များအပေါ် မှန်ကန်သည့် ခေါင်းဆောင်မှုပေးရန် လိုကြောင်း၊ လက်အောက်ကို ခေါင်းဆောင်မှုပေးရာတွင် လက်အောက်က ယုံကြည်အားကိုးပြီး တစ်စိတ်တစ်ဝမ်းတည်း အားလုံးလိုက်ပါဆောင်ရွက်သည့် ခေါင်းဆောင်မှုမျိုးဖြစ်ရန် လိုအပ်ကြောင်း၊ စစ်မှန်သည့် ခေါင်းဆောင်ဆိုသည်မှာ ကိုယ်တိုင်စံနမူနာပြ နေထိုင်ကျင့်ကြံပြောဆိုပြီး လက်အောက်ငယ်သားများ၏ ချစ်ခင်လေးစားမှုနှင့် ပတ်ဝန်းကျင်ရှိလူများ၏ လေးစားအသိအမှတ်ပြုမှုကို ရယူနိုင်သည့်သူမျိုးဖြစ်ကြောင်း၊ ခေါင်းဆောင်လုပ်သူသည် လက်အောက်ငယ်သားများအပေါ် မိဘသဖွယ်၊ တပ်မှူးကောင်းသဖွယ်၊ ဆရာသမားသဖွယ်၊ ဆွေမျိုးသားချင်း၊ ရဲဘော်ရဲဘက်များသဖွယ် ခံယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ခေါင်းဆောင်မှု၊ ဥပဒေနှင့် ညီညွတ်သည့်အမိန့်၊ မျှတသည့်ဆုံးဖြတ်ချက်များနှင့် မိမိကွပ်ကဲရသည့် တပ်ဖွဲ့ကို တိုးတက်အောင်မြင်အောင် စနစ်တကျ ဦးဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်မှု အရည်အချင်းပြည့်ဝနေစေရန်အတွက် တပ်မတော်ကချမှတ်ပေးထားသည့် ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ရပ်နှင့် အညီ ကျင့်ကြံကြိုးစားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း။

**စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို တိကျစွာလိုက်နာ**

တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိ/စစ်သည်များအား စစ်မှုထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ခန့်အပ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် တပ်မတော်သားများသည် စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ရသည့်အပြင် နယ်ဘက်ဆိုင်ရာဥပဒေ၊ နိုင်ငံတကာစစ်ပွဲဆိုင်ရာဥပဒေများနှင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rule of Engagement-ROE) များကိုလည်း တိကျစွာလိုက်နာကြရကြောင်း၊ တပ်မတော်၏ စစ်မှုထမ်းစည်းမျဉ်းအရ အသက် ၁၈ နှစ်ပြည့်ပြီးမှသာ တစ်နည်းအားဖြင့် ဥပဒေအရ မဲပေးခွင့်ရှိသူများသာ တပ်မတော်အတွင်း တာဝန်ထမ်းဆောင်ခွင့်ရှိသောကြောင့် တရားဥပဒေအား မသိနားမလည်သဖြင့်ဆိုပြီး ချိုးဖောက်၍ မရသကဲ့သို့ ချိုးဖောက်လာခဲ့ပါက အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့် စစ်ဘက်၊ နယ်ဘက်ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဥပဒေအရ ပေးထားသည့်အခွင့်အရေးနှင့် အကာအကွယ်ပေးမှုများကိုလည်း တစ်ပြေးညီရယူနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်မည့် မိမိတို့အနေဖြင့် ပြဋ္ဌာန်းထားသည့် စစ်ဘက်၊ နယ်ဘက်ဆိုင်ရာဥပဒေများနှင့် ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များကို သိရှိအောင် လေ့လာမှတ်သားပြီး မိမိကိုယ်တိုင်စံနမူနာပြ လိုက်နာကျင့်သုံး၍ လက်အောက်ငယ်သားများပါ လိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် အလေးထားမှာကြားသည်။

**မိသားစုစိတ်ဓာတ်မွေးမြူပြီး စည်းလုံးညီညွတ်စွာနေထိုင်ကြ**

တပ်မတော်ထဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားများ စုစည်းနေထိုင် တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ် မွေးမြူပြီး စည်းလုံးညီညွတ်စွာ နေထိုင်ကြရမည်ဖြစ်ကြောင်း၊ စုပေါင်းအားသည် ထုကို ရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်သူများအားလုံး စုပေါင်းအားနှင့်ရှိနေပါက မည်သည့်အရာကိုမဆို ရင်ဆိုင်အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူအားလုံး၏ စုပေါင်းအားရရှိစေရန်အတွက်လည်း တပ်ပြင်စည်းရုံးရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ တစ်ရပ်လုံး ပါဝင်ဆင်နွှဲသည့် တရားသောစစ်ကသာ ကျူးကျော်သူမှန်သမျှကို ရာနှုန်းပြည့်တွန်းလှန်နိုင်ခဲ့သည်ကို အတိတ်ကဖြစ်စဉ်များတွင် တွေ့ခဲ့ရကြောင်း၊ ပြည်သူပါဝင်ပူးပေါင်းမှ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည့်အတွက် တပ်နှင့် ပြည်သူ တစ်သားတည်းရှိစေရန်၊ စုစည်းညီညွတ်မှုရှိရန် တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် စစ်သည်တော်ကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံပြီး မိမိနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါက လူနည်းစု၊ တိုင်းရင်းသား၊ ဘာသာခွဲခြားမှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ပေးခြင်းအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှအား "ပြည်သူသာ အမိ၊ ပြည်သူသာ အဖ" ကဲ့သို့ သဘောထားပြီး ဆောင်ရွက်ပေးကြရန်၊ နိုင်ငံ့အားကို အလေးထားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ်၊ ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

ညနေပိုင်းတွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၊ အနော်ရထာတပ်ရင်း ဗိုလ်လောင်းတန်းစီကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**သတင်းစဉ်**

## အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းခြောက်ခုအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

**နေပြည်တော်  ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၀/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂၂၆ ဦး ဖန်တီးပေးနိုင်မည့် လုပ်ငန်းခြောက်ခုအား ခွင့်ပြုသည်။ အဆိုပါလုပ်ငန်းများတွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ Network Facilities ဝန်ဆောင်မှုလုပ်ငန်း၊ CMP စနစ်ဖြင့် အထည်ချုပ်၊ အိတ်ချုပ်လုပ်ငန်း၊ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများပါဝင်ပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဦးစီးအရာရှိများ လုပ်ငန်းခွင်ဝင်အကြို သင်တန်းဆင်း

**နေပြည်တော်  ဒီဇင်ဘာ ၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ဦးစီးအရာရှိများ လုပ်ငန်းခွင်ဝင်အကြို သင်တန်းအမှတ်စဉ် (၁/၂၀၁၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပေါင်းလောင်းသင်တန်းကျောင်း ရဲရွာ ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးက ထူးချွန်သင်တန်းသားများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အမြဲတမ်းအတွင်းဝန်က သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နေ့စဉ် ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်မှုနှင့်ပတ်သက်၍ . . .

**မေတိုးဝင်း(ဗဟိုဘဏ်)**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃(ခ) နှင့်အညီ ဈေးကွက်ငွေလဲလှယ်နှုန်းကိုအခြေခံ၍ သတ်မှတ်သည့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို နေ့စဉ် ထုတ်ပြန်ကြေညာလျက်ရှိပါသည်။ ဈေးကွက်ငွေလဲလှယ်နှုန်းကို အခြေခံ၍ဟု ပြဋ္ဌာန်းထားသဖြင့် ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ရန် ဈေးကွက်လိုအပ်ပါသည်။ ၂၀၁၂ ခုနှစ်၊ ဧပြီလမှစတင်၍ မြန်မာနိုင်ငံ၏ ငွေလဲလှယ်နှုန်းကို တစ်ပေါင်းတစ်စည်းတည်းဖြစ်စေရန် ဆောင်ရွက်ခဲ့ပြီး စီမံခန့်ခွဲမှုရှိသည့် နှုန်းရှင်နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို ကျင့်သုံးခဲ့ပါသည်။ ယင်းသို့ ကျင့်သုံးခြင်းနှင့်အတူ ရည်ညွှန်းငွေလဲလှယ်နှုန်းကို နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူ (Authorized Dealer License-AD) ဘဏ်များသို့ နေ့စဉ် နိုင်ငံခြားငွေ ဈေးပြိုင်လေလံခေါ်ယူ၍ သတ်မှတ်ခဲ့ပါသည်။ နိုင်ငံခြားငွေ ဈေးပြိုင်လေလံခေါ်ယူ၍ ဆောင်ရွက်ခဲ့ရခြင်းမှာ ထိုစဉ်က နိုင်ငံခြားငွေကြေးဈေးကွက် မရှိသေးခြင်းကြောင့် ဖြစ်ပါသည်။

**ရည်ညွှန်းငွေလဲလှယ်နှုန်းကိုသတ်မှတ်ထုတ်ပြန်**

၂၀၁၂ ခုနှစ်၊ ဧပြီလမှ စတင်ဆောင်ရွက်ခဲ့သည့် နိုင်ငံခြားငွေ ဈေးပြိုင်လေလံတွင် ရည်ညွှန်းငွေလဲလှယ်နှုန်းသတ်မှတ်ရန်အတွက် AD လိုင်စင်ရဘဏ်များက ဈေးပြိုင်လေလံတွင် နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လာရောက်ရောင်းချနိုင်သကဲ့သို့ လာရောက်ဝယ်ယူခြင်းလည်း ဆောင်ရွက်နိုင်ပါသည်။ အဆိုပါ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းအပေါ် မူတည်၍ ရည်ညွှန်းငွေလဲလှယ်နှုန်းကို သတ်မှတ်ထုတ်ပြန်ပါသည်။

**အရောင်းအဝယ်ပြုလုပ်ခြင်း**

၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်အချင်းချင်း အရောင်းအဝယ်ပြုလုပ်သည့် နိုင်ငံခြားငွေကြေးဈေးကွက်(Interbank Market) ကို တည်ထောင်ခဲ့ပါသည်။ အဆိုပါဈေးကွက်တွင် ဘဏ်အချင်းချင်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ဘဏ်နှင့် Customer တို့အကြား အရောင်းအဝယ်ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။

**ကွာခြားမှုများ ဖြစ်ပေါ်လာ**

၂၀၁၃ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့် ဘဏ်အချင်းအချင်း အရောင်းအဝယ်ပြုလုပ်သည့်ဈေးကွက် တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်လာသဖြင့် ဘဏ်များက အဆိုပါဈေးကွက်တွင် ပိုမိုအရောင်းအဝယ်ပြုခဲ့ကြပြီး နေ့စဉ် နိုင်ငံခြားငွေဈေးပြိုင်လေလံတွင် အရောင်းအဝယ်ပြုလုပ်မှု နည်းပါးလာသဖြင့် ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ရန် အခက်အခဲရှိလာပါသည်။ ရည်ညွှန်းငွေလဲလှယ်နှုန်းနှင့်ဈေးကွက်တွင် အမှန်တကယ်ဖြစ်ပေါ်သည့် ငွေလဲလှယ်နှုန်းတို့အကြား ကွာခြားမှုများလည်း ဖြစ်ပေါ်လာပါသည်။

အဆိုပါ ဈေးကွက်အခြေအနေများအပြင် ၂၀၁၇ ခုနှစ်၊ နှစ်ဦးပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ရည်ညွှန်းငွေလဲလှယ်နှုန်းနှင့် ဈေးကွက်တွင် အမှန်တကယ်ဖြစ်ပေါ်သည့် ငွေလဲလှယ်နှုန်းတို့အကြား ကွာခြားမှုများ ဖြစ်ပေါ်နေသဖြင့် Interbank Market တွင် အရောင်းအဝယ်ဖြစ်မှုအပေါ်မူတည်၍ ရည်ညွှန်းငွေလဲလှယ်နှုန်းကို သတ်မှတ်ရန် အကြံပြုခဲ့ပါသည်။

**စတင်ဆောင်ရွက်ခဲ့**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၇ ခုနှစ်၊ မေလမှစတင်၍ နေ့စဉ် ရည်ညွှန်းငွေလဲလှယ်နှုန်းအား ယခင်နေ့ Interbank Market တွင် အရောင်းအဝယ်အပေါ် အလေးပေးတွက်ချက်၍ သတ်မှတ်ခြင်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။

**ဝက်ဘ်ဆိုက်တွင် ကြေညာပေးလျက်ရှိ**

ယင်းသို့ Interbank Market တွင် နေ့စဉ်အရောင်းအဝယ်ဖြစ်မှု အခြေအနေကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဝက်ဘ်ဆိုက်တွင် ကြေညာပေးလျက်ရှိပါသည်။

နေ့တစ်နေ့၏ Interbank Market တွင် နေ့စဉ်အရောင်းအဝယ်ဖြစ်မှုအား အလေးပေးတွက်ချက်၍ ရရှိသည့် ငွေလဲလှယ်နှုန်း(Weighted Average Rate-WAR)အား အခြေခံပြီး နောက်တစ်နေ့ ရည်ညွှန်းငွေလဲလှယ်နှုန်းကို သတ်မှတ်ခြင်းဖြစ်သဖြင့် ထိုနေ့(နောက်နေ့)၏ ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ပြီးနောက် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်သည့် ငွေလဲလှယ်နှုန်းနှင့် ရည်ညွှန်းငွေလဲလှယ်နှုန်းတို့အကြား ကွာဟချက်များ ရှိနိုင်ပါသည်။

**မကြာမီပြောင်းလဲဆောင်ရွက်သွားရန်စီစဉ်**

ယင်းအတွက်ကြောင့် ဗဟိုဘဏ်သည် နေ့ချင်း Interbank Market တွင် အရောင်းအဝယ်ဖြစ်သည့် လဲလှယ်နှုန်းအား ထိုနေ့တွင်ပင် ကြေညာနိုင်မည့် ပိုမိုကောင်းမွန်သော နည်းလမ်းတစ်ရပ်ကို မကြာမီပြောင်းလဲဆောင်ရွက်သွားရန် စဉ်းစားစီစဉ်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**■ နေ့တစ်နေ့၏ Interbank Market တွင် နေ့စဉ်အရောင်းအဝယ်ဖြစ်မှုအား အလေးပေးတွက်ချက်၍ ရရှိသည့် ငွေလဲလှယ်နှုန်း(Weighted Average Rate-WAR)အား အခြေခံပြီး နောက်တစ်နေ့ ရည်ညွှန်းငွေလဲလှယ်နှုန်းကို သတ်မှတ်ခြင်းဖြစ်သဖြင့် ထိုနေ့ (နောက်နေ့)၏ ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ပြီးနောက် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်သည့် ငွေလဲလှယ်နှုန်းနှင့် ရည်ညွှန်းငွေလဲလှယ်နှုန်းတို့ အကြား ကွာဟချက်များ ရှိနိုင်။**

**■ ယင်းအတွက်ကြောင့် ဗဟိုဘဏ်သည် နေ့ချင်း Interbank Market တွင် အရောင်းအဝယ်ဖြစ်သည့် လဲလှယ်နှုန်းအား ထိုနေ့တွင်ပင် ကြေညာနိုင်မည့် ပိုမိုကောင်းမွန်သော နည်းလမ်းတစ်ရပ်ကို မကြာမီပြောင်းလဲဆောင်ရွက်သွားရန် စဉ်းစားစီစဉ်လျက်ရှိ။**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဥပဒေအရာရှိ အဆင့်-၄ (အစမ်းခန့်များ) လုပ်ငန်းဝင်သင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၇**

ဥပဒေအရာရှိ အဆင့်-၄(အစမ်းခန့်များ) လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၁/၂၀၁၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ လမ်းညွှန်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



**ဥပဒေအရာရှိကောင်းများဖြစ်ရန်ကြိုးပမ်း**

ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေအရာရှိများအဖြစ် တာဝန်ထမ်းဆောင်ကြသည့်အခါ စိတ်ဓာတ်၊ ခံယူချက်များ မှန်ကန်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေအရာရှိ ကျင့်ဝတ်တို့ကို လေးစားလိုက်နာ၍ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ရှေးရှု၍ အများပြည်သူ၏ ဥပဒေဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရိုးသားမှုကို အခြေခံပြီး ဘက်လိုက်မှုကင်းစွာဖြင့် ဥပဒေအရာတွင် အားလုံးတန်းတူညီမျှ အခွင့်အရေးရရှိစေရန်အတွက် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အရည်အသွေးမြင့်မားပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသော အရာရှိများအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်ကြောင်း၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ လုပ်ငန်းများတွင် မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများကို လိုက်နာကျင့်သုံး၍ တရားမျှတမှုကို ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ဆောင်ရမည်ဖြစ်ပြီး တရားစီရင်ရေးစနစ်အပေါ် အများပြည်သူ ယုံကြည်ကိုးစားမှုရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရည်အချင်းရှိသော ဥပဒေအရာရှိများဖြစ်ရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရမည် ဖြစ်ကြောင်း၊ မိမိတို့ တတ်ကျွမ်းသော ဥပဒေပညာဖြင့် အများအကျိုးကို သယ်ပိုးဆောင်ရွက်ပေးနိုင်သော ဥပဒေအရာရှိကောင်းများဖြစ်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် ၇၈ တွင် စံပြဆုရရှိသော သင်တန်းသူ ဒေါ်ခိုင်ဇင်သက်နှင့် လုပ်ငန်းဝင်သင်တန်းတွင် ထူးချွန်ဆုများရရှိသည့် သင်တန်းသူ၊ သင်တန်းသားများကို ဆုများ အသီးသီးချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ ၁၄၉ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်(သန်လျင်)၌ အလုပ်အကိုင်ပြပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

နည်းပညာတက္ကသိုလ် (သန်လျင်)၏ Project Show & Job Fair ကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက ယင်းတက္ကသိုလ်ရှိ သုံးထပ်ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုး၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသီဂီ နှင့် ပါမောက္ခဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အစီအစဉ်အရ ပါမောက္ခချုပ် ဒေါက်တာသီဂီက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ ဘာသာရပ်ကိုးခုမှ ကျောင်းသား ကျောင်းသူများ Project များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

နည်းပညာတက္ကသိုလ် (သန်လျင်)၏ ပြပွဲတွင် ကုမ္ပဏီ ၁၄ ခုအပါအဝင် အလုပ်အကိုင်ပေးမည့် ကုမ္ပဏီများလည်း ပါဝင်ကြသည်။

ယနေ့ ကျင်းပသည့်ပွဲသည် ကျောင်းသား ကျောင်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၏ **ဒီပဲယင်းမြို့နယ်၊ သရက်ကန်ကျေးရွာရှိ တောင်သူလယ်သမားများသည် ပြီးခဲ့သည့် နွေစပါးစိုက်ပျိုးရာတွင် Great Wall Tomorrow Hi-Tech Agriculture Co., Ltd.၏ (GW-1 Hybrid Pearl Rice Seed) စပ်မျိုးစပါး၊ မျိုးစေ့ကိုယူပြီး ပျိုးထောင်စိုက်ပျိုးခဲ့ရာ မျိုးစေ့မှန်ကန်မှုမရှိ၍ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါသောကြောင့် ကုမ္ပဏီကို မည်သို့အရေးယူဆောင်ရွက်ပြီး တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုကို မည်သို့ကုစားပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မျိုးစေ့ထုပ်ပိုးအိတ်များပေါ်တွင် ကုမ္ပဏီအမည် ရိုက်နှိပ်မှုနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်အရ ကုမ္ပဏီသည် တစ်ခုတည်းဖြစ်ပြီး Great Wall Tomorrow Hi-Tech Agriculture Co.,Ltd. အမည်နှင့် မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်ရန် လိုင်စင်ယူထားသည့် ကုမ္ပဏီဖြစ်ပါကြောင်း၊ သို့သော် တောင်သူများအား မျိုးစေ့ဖြန့်ဖြူးမှုတွင် ယင်းကုမ္ပဏီက လိုင်စင်ယူထားသည့် အမည်ကိုသာ Great Wall အမည်ပါဝင်စေပြီး စာတန်းအမျိုးအစားကွဲပြားစွာ ရိုက်နှိပ်၍ မျိုးစေ့ဖြန့်ဖြူးမှုကို ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း။

အထွက်နှုန်းနည်းခဲ့သည့် စိုက်ပျိုးဧရိယာ ၁၄၀၄ ဒသမ ၆၉ ဧကကို နစ်နာကြေးအဖြစ် တစ်ဧက ငွေကျပ် တစ်သိန်းနှုန်းပေးရန်၊ အဆိုပါဧရိယာများသို့ ဖြန့်ဖြူးခဲ့သည့် မျိုးစေ့တန်ဖိုးများကို တောင်သူမှ ပေးချေပြီးပါက ပြန်လည်ထုတ်ပေးရန်နှင့် ပေးချေရခြင်းမရှိသေးပါက တောင်သူမှ ကုမ္ပဏီသို့ ပေးချေခြင်းမပြုတော့ရန် ညှိနှိုင်းရရှိခဲ့ပါကြောင်း၊ ညှိနှိုင်းချက်အတိုင်း တောင်သူများသို့ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ဒီပဲယင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် ပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

## ကုမ္ပဏီအနေဖြင့် ယင်းပြဋ္ဌာန်းချက်ကို ချိုးဖောက်သည့်အတွက် မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဒဏ်ကြေးငွေ ငွေကျပ် ၁၀ သိန်းကို ပေးဆောင်စေရန်နှင့် ပြင်းထန်စွာ သတိပေးပြီးဖြစ်

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ ထိန်းကျောင်းဆောင်ရွက်ရာတွင် မျိုးစေ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တွင် တိကျစွာ ပြဋ္ဌာန်းထားသော်လည်း ကုမ္ပဏီအနေဖြင့် ယင်းပြဋ္ဌာန်းချက်ကို ချိုးဖောက်သည့်အတွက် မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဒဏ်ကြေးငွေ ငွေကျပ် ၁၀ သိန်းကို ပေးဆောင်စေရန်နှင့် ပြင်းထန်စွာသတိပေးပြီးဖြစ်သည့်အပြင် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးမှုအပိုင်းကိုလည်း ဌာန၏ စစ်ဆေးမှုခံယူပြီးသည်အထိ ရပ်ဆိုင်းထားရန် ပြစ်ဒဏ်ပေးဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ယင်းဖြစ်စဉ်ပေါ်ပေါက်ပြီးနောက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယင်းကုမ္ပဏီ၏ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်သည့် စိုက်ကွင်းများသို့ ကွင်းဆင်းစစ်ဆေးခြင်း ပြုလုပ်ခဲ့ပါကြောင်း၊ စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်း၊ သန့်စင်၊ သိုလှောင်၊ ဖြန့်ဖြူးမှုအဆင့်ဆင့်အထိ လိုအပ်ချက်များကို စစ်ဆေးပြုပြင်စေခဲ့ပါကြောင်း၊ ကြီးကြပ်မှုဆိုင်ရာ အားနည်းမှုအတွက် စစ်ဆေးနိုင်မည့် ပညာရှင်တိုးချဲ့ခန့်ထားရေးကိစ္စများကို ဆောင်ရွက်စေခဲ့ပါကြောင်း၊ ယင်းအချက်များအပေါ် လိုက်နာဆောင်ရွက်ပြီး ထုတ်လုပ်ထွက်ရှိလာသည့် မျိုးစေ့များကို ဌာန၏မျိုးစေ့အရည်အသွေးစစ်ဆေးသည့် ဓာတ်ခွဲခန်းတွင် စစ်ဆေးအတည်ပြုပြီးမှသာ မျိုးစေ့ထုတ်လုပ်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ မျိုးစေ့ထုတ်ကုမ္ပဏီများအနေဖြင့် အရည်အသွေးပြည့်မီသော မျိုးစေ့များ ထုတ်လုပ်ရေး၊ အရည်အသွေးပြည့်မီမှုရှိ၊ မရှိ စစ်ဆေးအတည်ပြုချက်ရရှိမှသာ ဖြန့်ဖြူးရောင်းချရေးကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် မျိုးစေ့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း၏ **ဈေးကွက်အတွင်းရှိ တောင်သူလယ်သမားများ၏ သွင်းအားစုများဖြစ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့နှင့် မြေဆီအမျိုးမျိုးတို့၏ အရည်အသွေးကို မည်သို့စစ်ဆေးခွင့်ပြုနေသည်ကို သိလိုခြင်းနှင့် ဈေးကွက်အတွင်းရှိ သံသယရှိသော သွင်းအားစုများကို စစ်ဆေးပေးစေလိုပါက မည်သို့တာဝန်ယူဆောင်ရွက်ပေးသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက သီးနှံမျိုးစေ့နှင့် စပ်လျဉ်း၍ မျိုးစေ့လုပ်ငန်း လုပ်ကိုင်လိုသော၊ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း၊ ကုမ္ပဏီ၊ လုပ်ငန်းရှင်များသည် ဆောင်ရွက်လိုသည့် သီးနှံအတွက် မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အသိအမှတ်ပြုလက်မှတ်ရရှိပြီးသည့် မျိုးကိုသာ မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဆက်လက်လျှောက်ထားရယူနိုင်မည် ဖြစ်ပါကြောင်း၊ မျိုးသစ်အသိအမှတ်ပြုလက်မှတ်နှင့် မျိုးစေ့လုပ်ငန်း လိုင်စင်ရရှိပြီးသောမျိုးများကိုသာ မျိုးစေ့ဥပဒေနှင့်အညီ ထုတ်လုပ်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း။

## ပိုးသတ်ဆေးများအား ပြည်ပမှတင်သွင်းနိုင်ရေးအတွက် ဦးစွာ ပိုးသတ်ဆေးမှတ်ပုံတင်နိုင်ရန် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ပုံစံဖြင့် အရည်အသွေးစစ်ဆေးရန် နမူနာပူးတွဲပြီး လျှောက်ထားရမည်ဖြစ်

ပိုးသတ်ဆေးများအား ပြည်ပမှတင်သွင်းနိုင်ရေးအတွက် ဦးစွာ ပိုးသတ်ဆေးမှတ်ပုံတင်နိုင်ရန် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ပုံစံဖြင့် အရည်အသွေးစစ်ဆေးရန် နမူနာပူးတွဲပြီး လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ မှတ်ပုံတင်အဖွဲ့မှ နည်းပညာအချက်အလက်များကို စိစစ်ခြင်းနှင့် အရည်အသွေးမှန်၊ မမှန်ကို ဓာတ်ခွဲစစ်ဆေးခြင်းများကို စနစ်တကျ စိစစ်ဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ခွင့်ပြုပါကြောင်း၊ မှတ်ပုံတင်ရရှိပြီးနောက် စိုက်ပျိုးရေးဦးစီးဌာနမှ တင်သွင်းခွင့် ထောက်ခံချက်ဖြင့် ပြည်ပမှ တင်သွင်းလာသည့် ပိုးသတ်ဆေးများကို မှတ်ပုံတင်လျှောက်ထားစဉ်က တင်ပြသည့် ပါဝင်ရာခိုင်နှုန်း၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ စိစစ်ပြီး အရည်အသွေး ထိန်းချုပ်နိုင်ရန် ပြည်ပမှ တင်သွင်းလာသည့် အချိန်တွင် နမူနာရယူစစ်ဆေးပြီး ကိုက်ညီမှုရှိမှသာ ဆိပ်ကမ်းမှ ထုတ်ယူတင်သွင်းခွင့်ပြုပြီး ဈေးကွက်တွင် ရောင်းချနိုင်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးလှကျော်



ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း

## စစ်ဆေးရရှိသောအဖြေသည် မူလစံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိပါက သက်ဆိုင်ရာကော်မတီများသို့ တင်ပြ၍ အရေးယူမှုများ ဆောင်ရွက်လျက်ရှိ

တောင်သူလယ်သမားများမှ ဈေးကွက်အတွင်းရှိ သံသယရှိသော သွင်းအားစုများကို အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးပေးစေလိုပါက သက်ဆိုင်ရာ စိုက်ပျိုးရေး ဦးစီးဌာန၊ စစ်ဆေးရေးအဖွဲ့များနှင့် သတ်မှတ်ထားသည့် ပုံစံ၊ နည်းလမ်းများအတိုင်း နမူနာရယူ၍ စိုက်ပျိုးရေးဦးစီးဌာန သက်ဆိုင်ရာ ဓာတ်ခွဲခန်းများသို့ ပေးပို့စစ်ဆေးရပါကြောင်း၊ စစ်ဆေးရရှိသောအဖြေသည် မူလစံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိပါက သက်ဆိုင်ရာကော်မတီများသို့ တင်ပြ၍ အရေးယူမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေးအရောင်းဆိုင် ပိုင်ရှင်များကိုလည်း စနစ်တကျ အန္တရာယ်ကင်းစွာဆောင်ရွက်နိုင်ရန် နည်းပညာပေးခြင်း၊ သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးလျက်နည်းတူ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရေး၊ ပညာပေးနည်းများ၊ စီမံခန့်ခွဲရေးနည်းလမ်းများနှင့် ထိန်းကျောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ် မြေတိုင်းစီမံချက်ရေးဆွဲ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်

ကျုံပျော် မဲဆန္ဒနယ်မှ ဦးစိုင်းအောင်နိုင်၏ **ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေချိုအင်းများ၏ အင်းနယ်နိမိတ် သတ်မှတ်ချက်မြေပုံများကို တိကျမှန်ကန်စွာ ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အင်းနယ်နိမိတ်တိုင်းတာခြင်း လုပ်ငန်းအတွက် လျာထားဘဏ္ဍာရန်ပုံငွေ တောင်းခံထားခြင်းမရှိသည့်အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ် မြေတိုင်းစီမံချက်ရေးဆွဲဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းနှင့် ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်တို့၏မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာ သုံးသပ်အကြံပြုချက်ကို ကော်မတီအတွင်းရေးမှူး ဦးခမ်ခန့်ထန်က ဖတ်ကြားရာတွင် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအသီးသီး၏ လုပ်ဆောင်ချက်များကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီသို့ အသိပေးထားမည်ဆိုပါက ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ယခုထက်ပိုမို၍ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီသို့ ပေးပို့လာသော တင်ပြစာများကို ပညာရေးဝန်ကြီးဌာနသို့ ဖြေရှင်းနိုင်ရန် ပေးပို့ရာတွင် ဝန်ကြီးဌာနအနေဖြင့် မည်သို့ဖြေရှင်းပေးခဲ့သည်ကို ကော်မတီသို့ ပြည့်ပြည့်စုံစုံ ပြန်ကြားသင့်ပါကြောင်း။

ပြည်သူများနှင့် အဓိကထိတွေ့နိုင်သော လွှတ်တော်ကိုယ်စားလှယ်များက တစ်ဆင့် ပြည်သူများ၏ ပညာရေးလိုအပ်ချက်များကို ဖော်ထုတ်ပြီး သက်ဆိုင်ရာဌာနများသို့ တင်ပြခြင်း၊ အကြံပေးခြင်း၊ အမျိုးသားပညာရေးနှင့် ဆက်စပ်သော ဆင့်ပွားဥပဒေများ ပေါ်ပေါက်ရေးတွင် ပါဝင်ပူးပေါင်းပြီး လက်တွေ့ကျကျဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ ပညာရေးကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာပညာရေးအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပါမောက္ခများနှင့် လက်ခံတွေ့ဆုံ၍ အတွေ့အကြုံဖလှယ်ခြင်းဖြင့် ရေရှည်တည်တံ့၍ နိုင်ငံတကာအဆင့်မီသော ပညာရေးစနစ်တစ်ခု ပေါ်ပေါက်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာကို သထုံ မဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ ပုသိမ်ကြီး မဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်းနှင့် ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင်တို့က ဆွေးနွေးကြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ယင်းအစီရင်ခံစာကို သဘောတူလက်ခံရန် ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထား ရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစတီဖန်က အစီရင်ခံစာ တင်သွင်းသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ရာသီဥတုဖောက်ပြန်သောဒဏ် ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာ သိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်း

ထို့နောက် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက **ရာသီဥတုဖောက်ပြန်သောဒဏ် ဖြေရှင်းနိုင်ရန် အရန်သီးနှံမျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာသိုလှောင်ထားရှိရန် ပြည်သူ့လွှတ်တော်မှ အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ရေကြီးနစ်မြုပ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေလျှင်လှုပ်ခြင်းစသည့် ရာသီဥတုဖောက်ပြန်မှုနှင့် လူလုပ်ပဋိပက္ခများကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးသွားပါက ဒေသနှင့် ကိုက်ညီသည့် သီးနှံမျိုးစေ့၊ မျိုးဆန်များ၊ မျိုးသန့်မျိုးမှန်များ အချိန်မီပြန်လည်ဖြည့်ဆည်း စိုက်ပျိုးနိုင်စေရန်၊ နိုင်ငံတော်အနေဖြင့် အရန်စပါးစနစ်တကျ သိုလှောင်ထားခြင်းဖြင့် ဈေးနှုန်း၊ ဈေးကွက်၊ တည်ငြိမ်အောင် ထိန်းချုပ်နိုင်ခြင်း၊ နိုင်ငံခြားသို့ အချိန်မီတင်ပို့နိုင်ခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးနှုန်းဈေးကွက်များကို လိုအပ်သလို ထိန်းညှိဆောင်ရွက်နိုင်ခြင်းအပြင် နိုင်ငံတော်အတွက် အကျိုးအမြတ်ရရှိနိုင်စေရန်နှင့် နိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံထားပြီး ရာသီဥတုဖောက်ပြန်ပျက်စီးမှု ထိခိုက်လွယ်သဖြင့် ရာသီဥတုဖောက်ပြန်မှုဒဏ်၏ နောက်ဆက်တွဲ စားနပ်ရိက္ခာပြတ်လပ်မှုကို ကာကွယ်ထိန်းချုပ်စီမံဆောင်ရွက်နိုင်စေရန်တို့အတွက် အဆိုကိုတင်သွင်းရခြင်းဖြစ်ပါကြောင်း။

အရန်သီးနှံမျိုးဆိုသည်မှာ စိုက်ပျိုးရေးနှင့်ပတ်သက်၍ လက်ရှိစိုက်ပျိုးနေသော သီးနှံအလိုက် မျိုးများကို လိုအပ်ချက်ပမာဏထက် အရန်အပိုဆောင်း၍ စနစ်တကျ သိုလှောင်ထားရှိရန် ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ထိုသို့ စနစ်တကျ သိုလှောင်ထားရှိပြီး ရုတ်တရက်ပျက်စီးပါက အခြေအနေ ကိုက်ညီသော နည်းစနစ်ကို အသုံးပြု၍ အမြန်အစားထိုးစိုက်ပျိုးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

## စားနပ်ရိက္ခာဖူလုံရေး စနစ်တကျ ကြိုတင်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ပြီး အရန်သီးနှံမျိုးများကို စနစ်တစ်ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်

စားနပ်ရိက္ခာဖူလုံရေး စနစ်တကျ ကြိုတင်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန်လိုအပ်ပြီး အရန်သီးနှံမျိုးများကို စနစ်တစ်ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အရန်မျိုး၊ အရန်စပါး၊ အရန်ဆန်၊ အရန်ရိက္ခာ သိုလှောင်စီမံခန့်ခွဲဖြန့်ဖြူးရေးဗဟို တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အဆင့်အလိုက် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ဆောင်းထွက်သီးနှံမှစ၍ ဝယ်ယူကာ စတင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေက ထောက်ခံတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ၂၀၁၈ ခုနှစ် ဧပြီလ လစာနှုန်းများ တိုးမြှင့်ပေးပြီးသည့်နောက်တွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာတိုးမြှင့်ပေးနိုင်ရေးကိစ္စအား နိုင်ငံတော်အစိုးရမှ သုံးသပ်ဆောင်ရွက်ဆဲဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြ မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း တစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့လယ်၊ စည်ပင်သာယာဈေးကြီး မြောက်ဘက်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် အန္တရာယ်ရှိအဆောက်အအုံများကို အမြန်ဆုံးဖျက်သိမ်းပြီး သက်ဆိုင်ရာဌာနအတွက် လည်းကောင်း၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး လွှဲပြောင်းအသုံးချရန်အတွက် လည်းကောင်း အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အဆိုပါ မြေနှင့် အဆောက်အအုံအား ဒေသခံမြို့လူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် ရှောပင်းစင်တာတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စွန့်လွှတ်ပေးပါရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ညှိနှိုင်းလာခဲ့ပါကြောင်း။

တစ်ဖက်တွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါမြေပေါ်တွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံး၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံရုံးနှင့် ကုန်သွယ်မှုဗဟိုဌာနတို့အတွက် အဆောက်အအုံများ လိုအပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ မြေကွက်ကို မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရန် ဆန္ဒရှိပါကြောင်း၊ ထိုသို့ ဆန္ဒရှိသည့်အတွက် ဝန်ကြီးဌာန၏ မြို့နယ်ရုံးများ အစားထိုးရရှိနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွန်း၏ **အစိုးရရာထူးအဆင့်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို မည်သည့်အချိန်တွင် အငြိမ်းစားယူခဲ့သည်ဖြစ်စေ၊ ရာထူးအဆင့်နှင့် လုပ်သက် တူညီပါက တစ်ပြေးညီ တူညီစွာခံစားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပင်စင်အသုံးစရိတ်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေ၊ အငြိမ်းစားဝန်ထမ်းအင်အားအရေအတွက်၊ လစဉ်ကျခံသုံးစွဲလျက်ရှိသည့် လစာစရိတ်၊ ပင်စင်လစာနှင့် ဆုကြေးစရိတ်၊ ငွေကြေးဖောင်းပွမှုနှုန်း စသည့်အချက်များအား သုံးသပ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၅၂(ဇ)နှင့်အညီ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်အတွက် ယင်းတို့ပင်စင်ယူသည့်အချိန်ရှိ တည်ဆဲနည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ နောက်ဆုံးထုတ်လစာကို အခြေခံတွက်ချက်၍ ခံစားခွင့်ပြုခဲ့ခြင်းဖြစ်သည့်အတွက် အငြိမ်းစားလစာယူသည့် အချိန်ကာလ ကွာခြားမှုအရ လစာနှုန်းသစ်ခံစားပြီး အငြိမ်းစားယူသူ၏ ပင်စင်လစာနှင့် လစာနှုန်းဟောင်းခံစားပြီး အငြိမ်းစားယူသူ၏ ပင်စင်လစာမှာ ကွာခြားမှုရှိမည် ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်း လစာနှုန်းတိုးမြှင့်သည့်အချိန်တိုင်းတွင် ၎င်းအချိန်မတိုင်မီက အငြိမ်းစားယူခဲ့သူများ၏ ပင်စင်လစာ တိုးမြှင့်သတ်မှတ်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ အထက်တင်ပြပါ အခြေအနေများအရ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အခြေအနေအပေါ်တွင် ချင့်ချိန်သုံးသပ်ဆုံးဖြတ်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလ လစာနှုန်းများ တိုးမြှင့်ပေးပြီးသည့်နောက်တွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာတိုးမြှင့်ပေးနိုင်ရေးကိစ္စအား နိုင်ငံတော်အစိုးရမှ သုံးသပ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း ဖြေကြားသည်။

## အသစ်ထပ်မံထုတ်ဝေရောင်းချမည့် ငွေကျပ် ၁၀၀၀ တန် အောင်ဘာလေ ထီလက်မှတ်များ ဖြန့်ဖြူးရောင်းချသည့်အချိန်တွင် ကြိုတင်မှာကြားချက်၊ ဈေးကွက်လိုအပ်ချက်များနှင့်အညီ မှာကြားရိုက်နှိပ် ဖြန့်ဖြူးခြင်းဖြင့် ထီဈေးနှုန်းကြီးမြင့်မှု မရှိစေရေးအတွက် စီမံဆောင်ရွက်ရမည်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ၏ **အောင်ဘာလေ ထီလက်မှတ်များကို အကွာရာတိုးမြှင့်ထုတ်ဝေရန် ပျက်ကွက်နေသောကြောင့် နိုင်ငံတော်မှ လစဉ်အခွန်ဝင်ငွေများ နစ်နာနေခြင်း၊ ထီလက်မှတ်တစ်စောင်လျှင် ၆၅၀ ကျပ် / ၇၀၀ ကျပ် ဖြစ်နေ၍ ပြည်သူများ နစ်နာဆုံးရှုံးနေခြင်း၊ တစ်နိုင်တစ်ပိုင် ထီရောင်းသူများ ဝင်ငွေကျဆင်းနေခြင်းတို့ ဖြစ်ပေါ်နေသော်လည်း ထီလုပ်ငန်းရှင်ကြီးများမှာ အကျိုးအမြတ်များစွာ ရရှိနေကြပါသဖြင့် လိုအပ်သလို ပြုပြင်တည့်မတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးအရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လက်ရှိ အောင်ဘာလေထီဖြန့်ဖြူးမှုစနစ်အား ပြန်လည်သုံးသပ်ရမည် ဖြစ်ပါကြောင်း၊ အသစ်ထပ်မံထုတ်ဝေရောင်းချမည့် ငွေကျပ် ၁၀၀၀ တန် အောင်ဘာလေ ထီလက်မှတ်များ ဖြန့်ဖြူးရောင်းချသည့်အချိန်တွင် ကြိုတင်မှာကြားချက်၊ ဈေးကွက်လိုအပ်ချက်များနှင့်အညီ ထီအကွာရာလုံးရေအား မှာကြားရိုက်နှိပ် ဖြန့်ဖြူးခြင်းဖြင့် ထီဈေးနှုန်းကြီးမြင့်မှု မရှိစေရေးအတွက် စီမံဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။



**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**



**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း**

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ထီဈေးနှုန်းကြီးမြင့်မှု မရှိစေရေး၊ ထီကံစမ်းလိုသူများ လိုသလောက် အလွယ်တကူဝယ်ယူကံစမ်းနိုင်ရေးနှင့် အောင်ဘာလေထီ ရောင်းချဖြန့်ဖြူးခြင်းလုပ်ငန်းအား စီးပွားရေးလုပ်ငန်းရှင်ကြီးများမှ လက်ဝါးကြီးအုပ်ချုပ်ကိုင်မှု မပြုနိုင်စေရေးတို့အတွက် သတ်မှတ်ချက်နှင့်အညီ ကြိုတင်လျှောက်ထားစေခြင်း၊ Deposit တင်သွင်းစေခြင်း၊ ထီလုပ်ငန်းရှင်များအား ဥပဒေနှင့်အညီ စာချုပ်ချုပ်ဆို၍ ရောင်းချခြင်း၊ စာချုပ်ပါ စည်းကမ်းချက်များအား တိကျစွာလိုက်နာမှုမရှိသော ထီဝယ်ယူခွင့်လျှောက်ထားသူများနှင့် ဖြန့်ဖြူးရောင်းချသူများ၊ လက်ကားဆိုင်ကြီးများ / လက်ခွဲ / လက်လီအရောင်းဆိုင်များအား မြို့နယ်များအလိုက် စုံစမ်းစိစစ်ဖော်ထုတ်မှုများပြုလုပ်၍ ထီစာအုပ်ဝယ်ယူခွင့်များ ပိတ်သိမ်းခြင်းနှင့် စပေါ်ငွေများ သိမ်းယူခြင်း စသည့် စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများနှင့် လိုအပ်သလို အရေးယူကြပ်မတ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့် (ခ) ဆင်မြူရယ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် **စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့်တို့က ဆွေးနွေးကြသည်။

## တောရိုင်းတိရစ္ဆာန်များ သတ်ဖြတ်မှုကို ကာကွယ်စေလိုပါက အစိုးရ၏ စိတ်ဝင်စားမှုသည် အရေးအကြီးဆုံးဖြစ်ပြီး မူဝါဒပိုင်းအရ ပံ့ပိုးပေးရန်လို

ယင်းနောက် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ သက်ရှိသဘာဝသယံဇာတဖြစ်သော ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်ရန် ရည်ရွယ်လျက် အများပြည်သူ သတိပြုမှု မြင့်တက်စေရန်နှင့် ဆင် အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ ပြောင်ပြောင်တင်းတင်း ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်ပစ်နိုင်ရန်အတွက် ထိရောက်စွာ အရေးယူမှုများ ပြုလုပ်ခြင်းဖြင့် အချိန်မီ ကယ်တင်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်က ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်၍ ဥပဒေလွှမ်းမိုးစေရန် လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သားငှက်ဌာနကို သီးခြားဌာနတစ်ခုဖွင့်လှစ်၍ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်စေသင့်ပါကြောင်း၊ တောရိုင်းတိရစ္ဆာန်များ သတ်ဖြတ်မှုကို ကာကွယ်စေလိုပါက အစိုးရ၏ စိတ်ဝင်စားမှုသည် အရေးအကြီးဆုံးဖြစ်ပြီး မူဝါဒပိုင်းအရ ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း၊ ရန်ပုံငွေမတည်ထူထောင်ပေးခြင်း၊ အသိပညာပေးခြင်း၊ ထိရောက်သည့် တရားစီရင်ရေးဖြစ်စေရန်အတွက် ဆောင်ရွက်ပေးခြင်း၊ သစ်တောရဲတပ်ဖွဲ့အား အင်အားတိုးချဲ့ပေးခြင်း၊ ဘေးမဲ့တောဝန်ထမ်းများကို လက်နက်ကိုင်ဆောင်ခွင့်ပြုပေးခြင်းတို့ လိုအပ်ပါကြောင်း။

ထို့ပြင် တောရိုင်းတိရစ္ဆာန် ဟင်းလျာများ ရောင်းချနေမှုကို ထိထိရောက်ရောက်တားမြစ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုသည့် ကဏ္ဍသုံးခုသည် ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် အရေးကြီးသည့် ဆင်အပါအဝင် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးအဆိုကို လွှတ်တော်က ထောက်ခံပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး က ၁၉၉၄ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို ပြောင်းလဲလာသည့်အခြေအနေနှင့် လျော်ညီစေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဥပဒေပြုစုရေးဆွဲ၍ ၂၀၁၈ ခုနှစ် မေ ၁၁ ရက်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါ ဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းနိုင်ရန် ဖြစ်ပါကြောင်း၊ ရှားပါးတိရစ္ဆာန်များကို နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု၊ သဘာဝနယ်မြေများ သတ်မှတ်စီမံခန့်ခွဲသည့် အစီအမံများနှင့်ပတ်သက်သည့် နိုင်ငံတကာစည်းမျဉ်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ဥပဒေတွင် ထည့်သွင်းရေးသားထားသည်ကို တွေ့ရပါကြောင်း၊ အဆိုပါဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နောက်ဆက်တွဲ နည်းဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါကြောင်း။

ဥပဒေများ ရေးဆွဲပြီးသည့်အခါတွင် ဥပဒေအတိုင်း တိတိကျကျအကောင်အထည်ဖော်၍ ကျူးလွန်သည့်သူများကိုလည်း အရေးယူရန် အရေးကြီးပါကြောင်း၊ မဟာဗျူဟာအကောင်အထည်ဖော်ရန်အတွက် လုံလောက်သည့် ဘဏ္ဍာငွေနှင့် ကျွမ်းကျင်သည့် လုပ်သားများရှိရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများကိုလည်း သဘာဝကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန် ပညာပေးရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းများကို အစိုးရသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်အဖွဲ့လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေရှင်းဆွေးနွေးရာတွင် တောဆင်ရိုင်းအန္တရာယ်နှင့် ဆင်သတ်မှုဆိုးများ ဖမ်းဆီးရမိရေး သတင်းပေးရန် ပညာပေးဟောပြောမှုများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်အတွင်း တောဆင်ရိုင်းများ ကျင်လည်ကျက်စားခဲ့သည့် ပတ်ဝန်းကျင် ကျေးရွာများတွင် ပညာပေးဟောပြောခြင်း စုစုပေါင်း ၂၃ ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း။

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း တောရိုင်းတိရစ္ဆာန်များ အမဲလိုက်သတ်ဖြတ်မှု၊ အသားဟင်းလျာအဖြစ် ရောင်းချမှု၊ အစိတ်အပိုင်းများ ရောင်းဝယ်နေမှုတို့ကို အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်နှင့် ပိုစတာများဖြန့်ဝေခြင်း၊ သတိပေးတားမြစ်ချက်များကို အများပြည်သူများ၊ ခရီးသွားဧည့်သည်များ သိရှိနိုင်စေရန် ပိုစတာများစိုက်ထူခြင်း၊ ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

## အရေးပါသည့် ဂေဟစနစ်ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့် သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုအရ ဆင်များ၏ အရေးပါပုံကို သိမြင်မှု မြင့်မားလာစေရေးတို့ကို ရည်ရွယ်၍ မြန်မာ့ဆင်ပြတိုက်ကို အများပြည်သူ လေ့လာကြည့်ရှုနိုင်စေရေး ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိ

ထို့ပြင် အရေးပါသည့် ဂေဟစနစ်ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့် သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုအရ ဆင်များ၏ အရေးပါပုံကို သိမြင်မှု မြင့်မားလာစေရေးတို့ကို ရည်ရွယ်၍ မြန်မာ့ဆင်ပြတိုက်ကို အများပြည်သူ လေ့လာကြည့်ရှုနိုင်စေရေး ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာ့ဆင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစီမံချက်ကို စိတ်အားထက်သန်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဥပဒေတွင်လည်း ပြစ်ဒဏ်ကိုတိုးမြှင့်ထားပြီး ဖြစ်ခြင်း၊ အဆိုပါလုပ်ငန်းသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ခြင်းတို့ကြောင့် ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားကောင်းလာစေရေးနှင့် အသိပညာပေးခြင်း၊ ဥပဒေအရ ထိရောက်စွာ တားဆီးနှိမ်နင်းခြင်းများကို ဆက်လက်တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုကိုအတည်ပြုနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေး ဒုတိယဝန်ကြီး တက်ရောက်




**(၁၈)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၇**

(၁၈)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ Ubud မြို့၌ ဒီဇင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး တက်ရောက်၍ အာဆီယံနိုင်ငံများအတွင်း ဒစ်ဂျစ်တယ်အီကိုစနစ်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ မျှတသော ဒစ်ဂျစ်တယ်ပလက်ဖောင်းမူဝါဒများ ချမှတ်နိုင်ရေး၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များ မြင့်မားလာရန် ပြုစုပျိုးထောင်နိုင်ရေး၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာအစီအမံများ အားကောင်းလာရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို အခြားအာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများနှင့်အတူ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

အစည်းအဝေးများ၌ အာဆီယံနိုင်ငံများအတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်များဆွေးနွေးဖလှယ်ခြင်း၊ ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုထုတ်ပြန်ခြင်း၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်နှင့် အာဆီယံနိုင်ငံများအကြား ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ ASEAN ICT Award 2018 အတွက် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းနှင့် Ubud ကြေညာစာတမ်း ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ရွှေတံဆိပ်ဆု တစ်ခုစီရရှိ**

အဆိုပါ ASEAN ICT Award 2018 ပြိုင်ပွဲကို ကဏ္ဍ ၆ ခုဖြင့် ကျင်းပရာ မြန်မာနိုင်ငံမှ အဖွဲ့ ၇ ဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး CSR(Cooperate Social Responsibility) ကဏ္ဍတွင် On Doctor Application နှင့် Startup ကဏ္ဍတွင် Shwe Bite Application တို့ဖြင့် ရွှေတံဆိပ်ဆု တစ်ခုစီ ရရှိသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံ Ministry of Information and Communications မှဝန်ကြီး H.E. Nguyen Manh Hung၊ ဂျပန်နိုင်ငံ Ministry of Internal Affairs and Communications မှ ဒုတိယဝန်ကြီး H.E. Katsuya Watanabe၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Industry and Information Technology မှ ဒုတိယဝန်ကြီး H.E. Chen Zhaoxiong တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စာပို့တိုက်ဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

**အခြေအနေများ ဆွေးနွေး**

ထို့ပြင် ဒုတိယဝန်ကြီးသည် Facebook မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဆိုရှယ်မီဒီယာအသုံးပြုသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုမြှင့်တင်နိုင်ရေး၊ အမုန်းစကားဖြန့်ဝေမှုများ လျှော့ချတားဆီးနိုင်ရေး၊ မြန်မာယူနီကုတ်စနစ်သုံးစွဲနိုင်ရေး၊ US - ASEAN Business Council (USABC) မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ Data Classification သတ်မှတ်ရန်၊ Data Privacy နှင့် Data များကို အကျိုးရှိစွာ ရယူသုံးစွဲနိုင်ရေးအတွက် ဥပဒေကြောင်းဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

# လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

သတင်းမီဒီယာကောင်စီဝင်များကို ဂုဏ်ပြုသည့် ညစာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မီဒီယာများအနေဖြင့် လိုက်နာရမည့် ကျင့်ဝတ်များကို အလေးထားပြီး ဆွေးနွေးခဲ့ပါကြောင်း နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ ညနေပိုင်း သတင်းမီဒီယာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **(ယာပုံ)**



အဆိုပါ သတင်းမီဒီယာ ရှင်းလင်းပွဲကို နှစ်ပတ်လျှင် တစ်ကြိမ် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းပွဲခန်းမ၌ကျင်းပပြီး လတ်တလော ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရှင်းလင်းပြောကြားသည့် သတင်းစာရှင်းလင်းပွဲ ဖြစ်သည်။

**ကိုယ်တိုင် စဉ်းစားဖို့လို**

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက သင်္ဂဟဟိုတယ်တွင် ကျင်းပသည့် သတင်းမီဒီယာကောင်စီဝင်များအား ဂုဏ်ပြုသည့် ညစာစားပွဲသို့ သွားတက်ခဲ့ပါကြောင်း၊ ယင်းနေရာတွင် သတင်းမီဒီယာကောင်စီဝင်များနှင့် ကျင့်ဝတ်ကိစ္စကို ပြောခဲ့ပါကြောင်း၊ မီဒီယာများအနေဖြင့် လိုက်နာရမည့် ကျင့်ဝတ်များကို အလေးထားပြီး ပြောပါကြောင်း၊ လူမှုမီဒီယာတွင် တာဝန်ခံမှု၊ တာဝန်ယူမှု အားနည်းပါကြောင်း၊ ယင်းအချိန်တွင် မိမိသည် ညစာစားပွဲတွင် ရှိပါကြောင်း၊ ဂုဏ်ပြုညစာ စားပွဲသည် သတင်းမီဒီယာကောင်စီဝင်များကို ဂုဏ်ပြုခြင်း ဖြစ်ပါကြောင်း၊ သတင်းယူခွင့် မပေးပါကြောင်း၊ နိုင်ငံပိုင်မီဒီယာများသည် ပင်လျှင် ရိုက်/ထွက် ဖြစ်ပါကြောင်း၊ သို့သော် ယင်းညပြောကြားချက်များကို မီဒီယာတစ်ခုတွင် Live တင်သွားပါကြောင်း၊ ယင်းသို့ Live တင်သွားသည့် ကာယကံရှင်ကိုယ်တိုင်လည်း စဉ်းစားဖို့လိုပါကြောင်း၊ ၎င်းမှာ ယင်းနေရာကို ဘာလို့ရောက်လာတာလဲ၊ ဂုဏ်ပြုခံကောင်စီဝင်အနေဖြင့် တက်တာဖြစ်ပါကြောင်း၊ ဂုဏ်ပြုခံ ကောင်စီဝင်တစ်ယောက်၏ လောကဝတ် ရှိသင့်ပါကြောင်း၊ သတင်းမီဒီယာများကို သတင်းယူခွင့်ပေးမည်ဆိုပါက ၎င်းသည်သတင်းမီဒီယာအနေဖြင့် ပြောရမည်ဖြစ်ပါကြောင်း၊ သတင်းမီဒီယာ အသိအမှတ်ပြုကတ် ဆွဲရမည်၊ သတင်းမီဒီယာ X -Ray ဂိတ်ဖြတ်ရမည်၊ မီဒီယာနေသည့် နေရာတွင် နေရမည်၊ ဒါမျိုး ခွဲခြားဖို့ လိုပါကြောင်း၊ ထို့ကြောင့် ကျင့်ဝတ်ဟု ပြောခြင်း ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**နိုင်ငံတကာမှာ ဖြစ်နေ**

ဆက်လက်၍ ၎င်းက "အဲဒီနေ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရင်းရင်းနှီးနှီး ပြောတာပါ။ မီဒီယာတွေကို ဘယ်လိုစဉ်းစားသလဲ မေးတာပါ။ ဒီဟာတွေက နိုင်ငံတကာမှာ ဖြစ်နေတာပါ။ ကျွန်တော်တို့ နိုင်ငံမှာတင် မဟုတ်ဘူး။ ကြုံနေတာကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြောတယ်၊ ဒီပြောကြားချက်ကို Live လွှင့်တာပါ။

**လူတစ်ဦးချင်းရဲ့ လူမှုနီတိ**

"နောက်တစ်ချက်က လူတစ်ဦးချင်းရဲ့ လူမှုနီတိ ရှိပါတယ်။ ထိန်းသိမ်းသင့်တာတွေလည်း ရှိပါတယ်။ ဒီလိုမျိုး ကောင်စီဝင်တွေကိုယ်တိုင်က ခွဲခွဲခြားခြားမသိရင် ကျင့်ဝတ်ပိုင်း ခွဲခြားရမယ့်ကိစ္စတွေ ဘယ်လိုလုပ် ခွဲခြားကြမလဲဆိုတဲ့ မေးခွန်းတွေ ဖြစ်လာနိုင်ပါတယ်။ ဒီအပေါ်မှာ ကျွန်တော်တို့ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ပါဘူး။

**မီဒီယာတွေက ပြန်ပြီးသုံးသပ်သင့်**

"နောက်တစ်ချက် အဲဒီနေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဂါးဒီးယန်းသတင်းစာကို ဥပမာ ပြောတာပါ။ ကျွန်တော်တို့ Information Committee မှာလည်း အဲဒီသတင်းတွေ တင်ခဲ့ပါတယ်။ ဘာလဲဆိုတော့ ကမ္ဘောဒီးယားမှာ နိုင်ငံခြားသားတွေ ကလေးငယ်ကို နှိပ်စက်ညှဉ်းပန်းနေတာကို ရိုက်ထားတဲ့ ဗီဒီယိုဖိုင်ကို ရခိုင်မှာ ဖြစ်တယ်ဆိုပြီး တင်တာမျိုးကို ဥပမာပေး ပြောတာပါ။ ပြည်ပမီဒီယာကြီးတွေက မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ Fake News တွေ တင်တယ်ဆိုတာကို ပြောတာဖြစ်ပါတယ်။ အဓိကပြောချင်တာက နိုင်ငံတကာမှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အထင်အမြင်စောင်းအောင် ဒီလို Fake News တွေ လုပ်နေတာကို မြန်မာသတင်းမီဒီယာတွေ ဘယ်လိုလုပ်ကြမလဲဆိုတဲ့ ဆွေးနွေးချက်ကို လိုချင်တဲ့သဘော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောတာပါ။ Response တွေက ဒီလိုတွေဖြစ်လာတော့ စိတ်မကောင်းပါဘူး။ ကျင့်ဝတ်ဆိုတဲ့အပိုင်းမှာ ဘယ်လိုလဲဆိုတာကို မီဒီယာတွေက ပြန်ပြီး သုံးသပ်သင့်တယ်၊ ကောင်စီကလည်း အချင်းများနေတာတွေ မရှိဘဲ ရှေ့ကိုဆက်ဖို့ ပြောချင်ပါတယ်"ဟု ယင်းနေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် သတင်းမီဒီယာကောင်စီဝင်များနှင့် တွေ့ဆုံဆွေးနွေးပြောကြားချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**မီဒီယာတွေကလည်း လိုက်ရမည်**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အရင်တုန်းက မိုးလင်းတာနဲ့ သတင်းစာ ဖတ်ပါကြောင်း၊ ယခု မိုးလင်းတာနဲ့ မနက်စာစားရင်း ဖုန်းကြည့်တဲ့ခေတ် ဖြစ်သွားပါကြောင်း၊ ဖုန်းဆိုတာ လူမှုမီဒီယာတွင် တက်သည့်သတင်းကို ဘာထူးသလဲဆိုပြီး ကြည့်ကြခြင်းဖြစ်ပါကြောင်း၊ ဒီလိုခေတ် ရောက်လာပြီဖြစ်ပါကြောင်း၊ လူထုက ဘယ်နေရာကို သွားနေသလဲ၊ လူထုသွားသည့်နေရာကို Public Relation က လိုက်ရမှာဖြစ်သလို မီဒီယာတွေကလည်း လိုက်ရမည်ဖြစ်ပါကြောင်း။

**သတင်းအချက်အလက်ကို လူထုဆီရောက်အောင် ပေးရခြင်းဖြစ်**

ထို့ကြောင့် Facebook တွင် သတင်းဌာနများ လိုက်လာခြင်း ဖြစ်ပါကြောင်း၊ Media Platform အသစ်ပေါ်လာပါကလည်း ယင်းအပေါ်တွင် သတင်းဌာနများ လိုက်ရမည်ဖြစ်ပါကြောင်း၊ လူထုရှိသည့်နေရာကို သွားရခြင်းဖြစ်ပါကြောင်း၊ ပေးချင်သည့် သတင်းအချက်အလက်ကို လူထုဆီရောက်အောင် ပေးရခြင်းဖြစ်ပါကြောင်း၊ Digital Marketing က ခေတ်စားလာပါကြောင်း၊ ယင်းတို့ကို ဆန့်ကျင်ပြီး ပုံနှိပ်မီဒီယာမှ မီဒီယာဟု လုပ်နေ၍ မရပါကြောင်း။

**မျက်စိစုံမှိတ်ပြီး ငြင်းဆန်၍မရ**

အစိုးရနှင့်လည်း ပူးပေါင်းဖို့လိုပါကြောင်း၊ Main Streaming Media နှင့် Social Media ၏ အလားအလာဖြစ်ပါကြောင်း၊ Main Streaming Media သည် Social Media ပေါ်သို့ သွားရမည်ဖြစ်ပါကြောင်း၊ ဥပမာ CNN Website ကို ဝင်ကြည့်သည့်သူထက် CNN facebook ကို ဝင်ကြည့်သည့်သူကများပြီး ရာခိုင်နှုန်းအားဖြင့် ၇၀ - ၃၀ လောက် ကွာပါကြောင်း၊ အနေအထားမှာ Social Media သည် မီဒီယာတစ်ခုကဲ့သို့ ဖြစ်လာခြင်းကို မျက်စိစုံမှိတ်ပြီး ငြင်းဆန်၍မရတော့ပါကြောင်း၊ အကောင်းဆုံး ပေါင်းစပ်ဖို့ လိုပါကြောင်း။

**မီဒီယာက ပိုပြီး ရှေ့ပြေးနေဖို့လို**

အားသာချက်မှာ Facebook တွင် ပေါ်လာသည့် Post များသည် အတည်မပြုနိုင်ပါကြောင်း၊ သို့သော် သတင်းမှန်၊ မမှန်ကို မီဒီယာများ၏ Official Page များတွင် သွားကြည့်ရပါကြောင်း၊ Confirm လုပ်ရပါကြောင်း၊ နောက်ပိုင်း Media Literacy ဆိုရာတွင် Digital Literacy လည်း ပါဝင်ပါကြောင်း၊ ပြည်သူလူထု အွန်လိုင်းသုံးတာ များလာတာနှင့်အမျှ သတင်းအမှန်ကို ဘယ်လိုကြည့်ရမယ်ဆိုတာ ပိုပိုပြီးသိလာမည်ဖြစ်ပါကြောင်း၊ နောင်မျိုးဆက်များအနေဖြင့် မိမိတို့ထက် ပိုသိပြီး ပိုတော်လာမည် ဖြစ်ပါကြောင်း၊ ၎င်းတို့အတွက် မီဒီယာက ပိုပြီး ရှေ့ပြေးနေဖို့လိုပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODC၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP တို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ Rose Garden Hotel တွင် ယနေ့ နံနက် ၉ နာရီ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာအား ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ဖတ်ကြားပြီး အထိမ်းအမှတ်နေ့ အမှာစကားပြောကြားသည်။

ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှုသည် အိုင်တီနည်းပညာ မြန်ဆန်စွာ ဖြစ်ပေါ်တိုးတက်လာလျက်ရှိသော မျက်မှောက်ဒီဂျစ်တယ်ခေတ်တွင် ခလုတ်တစ်ချက်နှိပ်မိရုံဖြင့် ငွေများစွာရွှေ့သွားနိုင်သည့် အနေအထားကြောင့် နိုင်ငံတစ်နိုင်ငံအတွင်းဖြစ်ပျက်မှုတစ်ခုသည် နိုင်ငံတကာအဝန်းအဝိုင်းအထိ ရောက်သွားနိုင်အောင် ကြီးကျယ်သွားနိုင်သည်ကို သတိရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လူ့အဖွဲ့အစည်းအသိုင်းအဝိုင်း၏ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို ခြိမ်းခြောက်လျက်ရှိသည့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှု၊ ငွေကြေးခဝါချမှု၊ နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ကျူးလွန်မှု၊ တရားမဝင်ကုန်သွယ်မှုစသည်တို့ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းတရားတစ်ရပ်သည် အဂတိလိုက်စားမှုဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

### အတူလက်တွဲဆောင်ရွက်ရန်ရည်ရွယ်

သို့ဖြစ်ရာ နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ဆင်းရဲသည် ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ အဂတိလိုက်စားမှုကို မိမိနိုင်ငံ တစ်နိုင်ငံတည်း တိုက်ဖျက်တွန်းလှန်ရုံဖြင့် မလုံလောက်ဘဲ အခြားနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ကမ္ဘာ့နိုင်ငံများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ဆန့်ကျင်ရေးတို့အတွက် ရိုင်းပင်းကူညီ၍ အတူလက်တွဲဆောင်ရွက်ရန်ရည်ရွယ်ပြီး ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ကွန်ဗင်းရှင်းအပေါ် တရားဝင်အတည်ပြုမှုနှုန်းသည် မြန်ဆန်လျက်ရှိသည့်အတွက် ကမ္ဘာ့နိုင်ငံအားလုံးက အတည်ပြုသည့် universal ratification ဖြစ်ပေါ်ရန် မကြာတော့ဟု သုံးသပ်အကဲဖြတ်မှုများ ရှိနေပြီဖြစ်ပါကြောင်း။

ယခု ကွန်ဗင်းရှင်း (၁၅)နှစ်ပြည့် အထိမ်းအမှတ်တွင် United against Corruption ဟူသော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်နှင့်အညီ စည်းလုံးညီညွတ်မှုဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများက တညီတညွတ်တည်းလက်ခံသည့် အဆိုပါကွန်ဗင်းရှင်းကဲ့သို့ ခိုင်မာသော စာချုပ်စာတမ်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည်လည်း ကမ္ဘာ့နိုင်ငံများ၏ ညီညွတ်မှုကို ပြသရာရောက်သည်ဟု ဆိုနိုင်ပါကြောင်း။

### မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်များ

အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁)ကို ချမှတ်ရာတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းရန်၊ အုပ်ချုပ်ရေးယန္တရားတွင် ဂုဏ်သိက္ခာရှိမှုနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်ရန်၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းများနှင့် နိုင်ငံသားများ၏အခွင့်အရေးနှင့် အကျိုးစီးပွားများကို အကာအကွယ်ပေးရန် မဟာဗျူဟာ စီမံချက်ပါ လုပ်ငန်းစဉ်များကို အစိုးရဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍသာမက အများပြည်သူတို့ပါ ပါဝင်ပြီး ညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားလိုပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် မိမိနည်း၊ မိမိဟန်ဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ သို့ရာတွင် အဂတိလိုက်စားမှုသည် အချိန်အတော်ကြာ အမြစ်တွယ်ခဲ့ခြင်းဖြစ်သည့်အတွက် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားရန် လက်တွေ့တွင် မလွယ်ကူလှပါကြောင်း၊ အာရှဒေသအတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးနယ်ပယ်၌ အောင်မြင်သည်ဟု သတ်မှတ်နိုင်သော ဟောင်ကောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမျိုးသည်ပင်လျှင် အဂတိလိုက်စားမှုကင်းစင်ရေးအတွက် နှစ်(၄၀)စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ရသည့် သာဓကရှိပါကြောင်း၊ လာဘ်ပေးလာဘ်ယူခြင်းနှင့် အဂတိလိုက်စားမှုတို့ကို သေးငယ်သောကိစ္စကိုပင် ခွင့်လွှတ်ခြင်းမပြုသည့် ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အကြီးအကဲများက အဂတိလိုက်စားမှုကင်းစင်ရေး၊ ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်များစောင့်ထိန်းရေး၊ တာဝန်ယူမှု တာဝန်ခံမှု မြင့်မားတိုးတက်ရေးတို့အပေါ် အလေးထား တိုက်တွန်းပြောကြားနေသည့်အတိုင်း လူတစ်ဦးချင်းစီက လိုက်နာစောင့်ထိန်းကြလျှင် အဂတိလိုက်စားမှု လျော့နည်းကျဆင်းသွားမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း။



### အချိန်အဟုန်မြှင့်တင်၍ တွန်းလှန်တိုက်ဖျက်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် "အဂတိပယ်ခွာ ပြည်သာယာ"ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားလျက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ဦးတည်ချက်များနှင့်အညီ အများပြည်သူတို့နှင့်အတူ ညီညီညွတ်ညွတ် လက်တွဲပြီး အဂတိလိုက်စားမှုများကို အချိန်အဟုန်မြှင့်တင်၍ တွန်းလှန်တိုက်ဖျက်သွားမည်ဖြစ်သည်ဟု ထပ်လောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ UNODC မှ Country Manager Mr. Troels Vester ၊ UNDP မှ Governance & Sustainable Peace Unit အဖွဲ့ခေါင်းဆောင် Mr. Joerg Stahlhut တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ မှန်တာကိုပြောပါ ကဗျာသရုပ်ဖော်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသည့် မူလတန်းကျောင်းသား ကျောင်းသူအဖွဲ့ သုံးဖွဲ့က ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူခြောက်ဦး၊ မှန်တာကိုပြောပါ ကဗျာသရုပ်ဖော်ပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့ကလည်းကောင်း၊ UNDP နှင့် UNODC တို့မှ ကျင့်ဝတ်လိုက်နာသူ အသိအမှတ်ပြုလွှာရရှိသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၃ ဦးအား ကော်မရှင်ဥက္ကဋ္ဌကလည်းကောင်း ဆုပစ္စည်းနှင့် အသိအမှတ်ပြုလွှာများ ပေးအပ်ကြသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ ကော်မရှင်၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြည်သူအများ သိရှိနိုင်ရေးအတွက် ဗီဒီယိုမှတ်တမ်းအား ပြသသည်။ ယင်းနောက် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ခန်းမအတွင်းပြသထားသည့် ကော်မရှင်၏ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ကာတွန်း၊ ဆောင်းပါး၊ ဥပဒေ ကျင့်ဝတ်စာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပညာရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် စာရင်းစစ်ချုပ်ရုံးတို့မှ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရန်ကုန်မြို့ရှိ ရေကူးအသံလွှင့်စက်ရုံ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝေဇယန္တာလမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးဟန်ဝင်းမောင်က ရေကူးအသံလွှင့်စက်ရုံ၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီးက စက်ရုံ၏ လုံခြုံရေးကို အထူးဂရုပြုရန်၊ သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်၊ over-head tank တပ်ဆင်ရေးဆောင်ရွက်ရန်၊ ဝန်ထမ်းများ လုပ်ငန်းခွင်ပျော်ရွှင်စေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးပေးရန်တို့ကို မှာကြားပြီး စက်ရုံဝင်းအတွင်းရှိ ရေကူးအသံလွှင့်စက်များ၊ မော်နီတာခန်းနှင့် အသံလွှင့်စတူဒီယိုခန်း၊ Forever Group ၊ MITV နှင့် MRTV Entertainment စတူဒီယိုခန်းများ၌ ရိုက်ကူးထုတ်လွှင့်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**






**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလား ပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဂျပန်ဘာသာ ဆရာဖြစ်မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနား ရန်ကုန်၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံတွင် ဂျပန်ဘာသာသင်ကြားသူများအား ပိုမိုထိရောက်သော သင်ကြားရေးနည်းလမ်းများကို သင်ကြားနိုင်ရန် မြန်မာဂျပန်ဘာသာဆရာ ဆရာမများအတွက် ရည်ရွယ်၍ ဂျပန်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ ဂျပန်ဘာသာပညာရေး၏ အဓိကအခန်းကဏ္ဍမှ ပါဝင်သော ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဂျပန်ဘာသာဆရာဖြစ်မွမ်းမံသင်တန်း (Training Program for Japanese-Language Teachers) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပသည်။ **(ယာပုံ)**




ရှေးဦးစွာ ဂျပန်ဘာသာအထူးပြု ကျောင်းသား ကျောင်းသူများက ဂျပန်ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံမှ လူငယ်များအနေဖြင့် ဂျပန်ဘာသာကို သင်ယူလိုသူများစွာရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဂျပန်ဘာသာကို စိတ်ဝင်တစားသင်ယူလိုသည့် လူငယ်များကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် အရေးပါကြောင်း၊ ဂျပန်ဘာသာဌာနကို နိုင်ငံခြားဘာသာသိပ္ပံအမည်ဖြင့် ၁၉၆၄ ခုနှစ်ကတည်းက တည်ရှိခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ကာ ၂၀၀၀ ပြည့်နှစ်တွင် ဂျပန်ဘာသာရပ်ကို ဝိဇ္ဇာဘွဲ့ကြိုသင်တန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်များတွင် ဂျပန်ဘာသာကို သင်ကြားပေးနေသည့် အခွင့်အလမ်းများရှိသကဲ့သို့ ၂၀၁၂ ခုနှစ်တွင် ပုဂ္ဂလိက ဂျပန်ဘာသာသင်တန်းကျောင်း ၄၄ ကျောင်းမှ ၂၀၁၅ ခုနှစ်တွင် ၁၃၂ ကျောင်းအထိ တိုးတက်များပြားလာခဲ့ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိက ဂျပန်ဘာသာကျောင်းများတွင် ဆရာဦးရေသည် ၂၀၁၂ ခုနှစ်တွင် ၁၉၄ ဦးရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၅၂၄ ဦးအထိ များပြားလာခဲ့ပါကြောင်း၊ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုသူများသည် လွန်ခဲ့သည့် ငါးနှစ်ကထက် ၅၀ ရာခိုင်နှုန်းများပြားလာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၇ ခုနှစ်တွင် ဂျပန်ဘာသာ အရည်အချင်းစစ် ဖြေဆိုသူ ၂၁၉၂၃ ဦးအထိ ရှိခဲ့ပြီး ကမ္ဘာ့အဆင့် ၆ အထိ ရှိသည်ဟု ဂျပန်ဖောင်ဒေးရှင်း၏ ထုတ်ပြန်ချက်အရ သိရှိရပါကြောင်း၊ ယင်းသို့ တိုးတက်များပြားလာသည့် ကျောင်းသား ကျောင်းသူများ၏ လိုအပ်ချက်အရ ဖြည့်ဆည်းပေးရန် အရည်အချင်းပြည့်မီသည့် ဂျပန်ဘာသာသင်ကြားပို့ချသည့် ဆရာ ဆရာမများကို မွေးထုတ်ပေးရန်ဖြစ်သည့်အတွက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့က အဓိကဖြစ်ပါကြောင်း၊ ဂျပန်ဘာသာ ဆရာဖြစ်မွမ်းမံသင်တန်းဖွင့်လှစ်ရန် ဂျပန်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဂျပန်ဘာသာဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမ အများစုသည် ဂျပန်ဖောင်ဒေးရှင်း၏ ဆရာဖြစ်သင်တန်းကို တက်ရောက်အောင်မြင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဂျပန်ဘာသာ ဆရာဖြစ်မွမ်းမံသင်တန်းကို ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများတွင် ဖွင့်လှစ်ရန်စီစဉ်ထားပြီး ယခုဖွင့်လှစ်ခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း၊ ထိုသို့ ဖွင့်လှစ်နိုင်ခြင်းဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုပူးပေါင်းဖလှယ်မှုများအတွက် အရေးကြီးပါကြောင်း၊ ဂျပန်နိုင်ငံသည် နည်းပညာမြင့်မားသည့် နိုင်ငံဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံလူငယ်များ၏ အနာဂတ်များကို မြှင့်တင်ဆောင်ရွက်ရန် အရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂျပန်သံရုံးမှ Chief of Mission ဖြစ်သူ Mr.Toru Maeda ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည့်ရှင်နှင့် ဂျပန်ဖောင်ဒေးရှင်းမှ Executive Director Mr. Noriyuki Matsukawa တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သင်တန်းတွင် သင်ကြားပို့ချမည့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ဂျပန်ဖောင်ဒေးရှင်းမှ ဆရာ ဆရာမများမှ မိတ်ဆက်စကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ ဂျပန်ဘာသာဆရာဖြစ်မွမ်းမံသင်တန်း သင်တန်းပထမနှစ်ဝက်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် မတ်လအထိလည်းကောင်း၊ သင်တန်းဒုတိယနှစ်ဝက်ကို ၂၀၁၉ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိလည်းကောင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သိပ္ပံဘာသာရပ်ဌာနများမှ ဆရာ ဆရာမများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ တံတားကြီးလေးစင်းအား ဖေဖော်ဝါရီလအတွင်း တစ်ပြိုင်နက်တည်း ဖွင့်မည်

စစ်တွေ ဒီဇင်ဘာ ၇

**ရခိုင်ပြည်နယ် စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး- မင်းပြား-မြေပုံ- အမ်း-မအီ-ကျောက်ဖြူ လမ်းပေါ်ရှိ တံတားကြီးလေးစင်းကို ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအထူးအဖွဲ့(၈)မှ သိရသည်။**

အဆိုပါ တစ်ပြိုင်နက်တည်းဖွင့်လှစ်မည့် တံတားလေးစင်းမှာ ဆတ်ရိုးကျတံတား အရှည် ၁၆၄၂ ပေ၊ ကြပ်စင်တံတား အရှည်ပေ ၁၉၂၀၊ ဒါးလက်ချောင်းတံတား အရှည် ပေ ၉၆၀ နှင့် ကင်းချောင်းတံတား အရှည် ၁၂၅၆ ပေ တို့ဖြစ်ကြောင်း သိရသည်။ အဆိုပါ တံတားကြီးလေးစင်းကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ၆၀ ရာခိုင်နှုန်းနှင့် ပြည်ထောင်စုအစိုးရမှ ခွင့်ပြုရန်ပုံငွေ ၄၀ ရာခိုင်နှုန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ တံတားလေးစင်းလုံး ပျမ်းမျှ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

ဆတ်ရိုးကျတံတားသည် စစ်တွေမြို့နယ်အတွင်း တည်ရှိပြီး ဆတ်ရိုးကျချောင်းကို ဖြတ်သန်းပြီး စစ်တွေမြို့ လမ်းမတော် မြောက်ရပ်ကွက်နှင့် ဆတ်ရိုးကျရပ်ကွက်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်သည်။ တံတားအရှည် ၁၆၄၂ ပေ (၅၀၀ ဒသမ ၅၄၈ မီတာ)ရှိပြီး တံတားအကျယ် ၃၁ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေခွဲ ပါဝင်သည်။ တံတားအောက်ထည် သံကူကွန်ကရစ်၊ တံတားအပေါ်ထည် သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၇၅ တန်ဖြစ်ကာ ရေလမ်းကင်းလွတ် အကျယ် ၂၁၅ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ထူးကဲရေမျက်နှာပြင် အထက် ၃၆ ပေ၊ ပုံမှန်ရေမျက်နှာပြင်အထက် ၃၉ ပေ ၄ လက်မရှိကြောင်း၊ အဆိုပါ တံတားစီမံကိန်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တံတားတည်ဆောက်ရေးအထူးအဖွဲ့(၈)မှ သိရသည်။

ဆတ်ရိုးကျတံတား တည်ဆောက်ပြီးစီးပါက စစ်တွေမြို့ကို အမှီပြုပြီး သွားလာလုပ်ကိုင်နေကြသည့် ရွှေမင်းဂံကျေးရွာ၊ မင်းဂံရွာ၊ ကျေးတောရွာမ၊ ကျေးတောပိုက်ဆိပ်၊ ရွှေပြည်သာကျေးရွာ၊ ဗျိုင်းဖြူရွာ၊ မြင်းကန်တောရွာသစ်၊ မြင်းကန်တောရွာဟောင်း၊ သုံးဆောင်ရွာအပြင် ရွှေမင်းဂံချောင်း တစ်ဖက်ကမ်းမှ ကျေးရွာများဆက်သွယ်သွားလာရေး အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်နှင့် ပြည်ပမှ ကုန်တင်သင်္ဘောများ၏ ကုန်ပစ္စည်းများကိုလည်း မြို့တွင်းသို့ သယ်ယူရာ၌ ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

ဒါးလက်ချောင်းတံတား (ကဇုကိုင်းတံတား) သည် အမ်းမြို့နယ် စစ်တွေ- အမ်းကားလမ်းမပေါ်ရှိပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက်မှစတင်ကာ တံတားအထူးအဖွဲ့(၇)မှ တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည်ပေ ၉၆၀၊ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေ၊ ခွင့်ပြုယာဉ် အလေးချိန် ၇၅ တန် ရှိကြောင်း သိရသည်။

အမ်းမြို့နယ်သည် နှစ်စဉ်နှစ်တိုင်း မိုးများမှုကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိပြီး ၂၀၁၇ ခုနှစ် ဇွန်လအတွင်းကလည်း ဒါးလက်ချောင်းတံတားအဟောင်းမှာ ရေကြီးရေလျှံမှုကြောင့် ကျိုးပျက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယခု ဒါးလက်ချောင်းတံတား(ကဇုကိုင်းတံတား) သစ် တည်ဆောက်ပြီးစီးတော့မည်ဖြစ်၍ စစ်တွေ-အမ်း- ရန်ကုန် လမ်းတစ်လျှောက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ကြပ်စင်တံတားမှာ မြေပုံ-မင်းပြားလမ်း မိုင်တိုင်အမှတ် (၂၂/၄) နှင့် (၂၃/၁) အကြားတွင် တည်ရှိပြီး ပေ ၁၉၂၀ အရှည်ရှိ ဘိုးပိုင်အခြေပြုသံကူကွန်ကရစ်တံတားအမျိုးအစား ဖြစ်သည်။ အဆိုပါ တံတားကြီးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ရရှိရန်ပုံငွေ ၁၄၃၄ ဒသမ ၁၈၇ သန်းဖြင့် အောက်ခြေအုတ်မြစ်လုပ်ငန်းတွင် ဘိုးပိုင် ၁၃၂ လုံး ရှိသည့်အနက် ၄၈ လုံး၊ တံတားတိုင် ၁၉ တိုင်အနက် သုံးတိုင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ထပ်မံလိုအပ်သည့် ရန်ပုံငွေ ကျပ် ၈ ဒသမ ၄၆ ဘီလီယံဖြင့် ပြီးစီးအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောက်လုပ်ပြီးစီးနေပြီး ဖေဖော်ဝါရီလမတိုင်ခင် အားလုံးအချောသပ်ပြီးစီးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးမျိုးမင်းသန့်ထံမှ သိရသည်။

ထို့အတူ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်တို့အကြားရှိ ကင်းချောင်းတံတားသည် တံတားတည်ဆောက်ရေး အထူးအဖွဲ့(၈)က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် တည်ရှိသည်။ ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့များကို ဆက်သွယ်ပေးထားသော အရှည် ၁၂၅၆ ပေ (၃၈၃ မီတာ)ရှိ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ကာ အောက်ခြေမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်သည်။ တံတား၏ အောက်ခြေအုတ်မြစ်လုပ်ငန်းများအား နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အပေါ်ထည် သံပေါင်များမှာ ဩစတြီးယားအစိုးရ၏ Uni Credit Bank မှ အတိုးမဲ့ချေးငွေ ယူရို ၅ သန်းဖြင့် ဝယ်ယူမည့် ဥရောပနည်းပညာဖြင့် ထုတ်လုပ်ထားသော သံပေါင်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ စုစုပေါင်း တန်ဖိုးငွေကျပ်သန်း ၆၆၃၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကြီးပြီးစီးပါက ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ပါဝင်သည့် ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်း ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ရခိုင်ပြည်နယ်၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးအတွက် အရေးပါသော တံတားတစ်စင်းအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။

ထို့ပြင် ရမ်းဗြဲမြို့နယ် ရမ်းဗြဲကျွန်းပေါ်တွင်တည်ရှိပြီး အဆိုပါ တံတားကြီးမတည်ဆောက်မီက လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသတစ်ခုဖြစ်ခဲ့သည်။ ယခုအခါ ကျောက်ဖြူ၊ တောင်ကုတ်၊ အမ်း စသည့် မြို့နယ်များသို့ ဆက်သွယ်သွားလာရာတွင်လည်းကောင်း၊ ရမ်းဗြဲမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားလာရာတွင်လည်းကောင်း၊ ရမ်းဗြဲမြို့နယ် ကျွန်းပတ်လမ်းများဖြစ်သည့် ရမ်းဗြဲကျွန်း - ကျောက်ချောင်း - လေးတောင် ဒေသများသို့ ဆက်သွယ်သွားလာရာတွင်လည်းကောင်း များစွာအထောက်အကူပြုနိုင်မည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း အဆိုပါတံတားကြီးလေးစင်းအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၅၇ စင်းကို တည်ဆောက်ခဲ့ပြီးဖြစ်ကာ ဆက်လက်တည်ဆောက်ဆဲ တံတား ၁၇ စင်း ရှိကြောင်း သိရသည်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေတိုကာလ ဦးစားပေးလုပ်ငန်းများအဖြစ် ရခိုင်ပြည်နယ်အတွင်း ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း (၈/၀) မိုင်၊ ကျောက်ပန္ဒူ-အင်းဒင်-စေတီပြင် တောင်ကျော်လမ်း (၁၄/၀)မိုင်၊ သက်ကိုင်ညာ-ပဒဂါး တောင်ကျော်လမ်း (၉/၄) မိုင်၊ ဥဒေါင်း-ညောင်ချောင်း တောင်ကျော်လမ်း (၁၂/၀) မိုင်၊ မေယုတောင်ကြော၏ အရှေ့ဘက်ခြမ်းရှိ ဘူးသီးတောင်-သပိတ်တောင် - ညောင်ချောင်း-အောင်ဇေယျ -အငူမော်လမ်း၊ စစ်တွေ - ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင်-မောင်တော-ကြိမ်ချောင်း-ဗန္ဓုလလမ်းမကြီး (၁၄၂/၁) မိုင်လမ်း၊ မောင်တော(ကြိမ်ချောင်း) -တောင်ပြို နယ်စပ်ခြံစည်းရိုးကပ် လမ်းမကြီး (၁၅/၃) မိုင်နှင့် မောင်တော(ကညင်တန်း)- အလယ်သံကျော် - အငူမော်လမ်းမကြီး လမ်း (၄၉/၆) မိုင်တို့ကို အဆင့်မြှင့်တင်ခြင်း၊ တိမ်ညိုတံတား ပေ ၃၆၀၊ ကင်းဆိပ်တံတား ပေ ၉၀၊ ငတန်ပျင်းတံတား ပေ ၂၄၀၊ တက်ခုတ် တံတား ပေ ၇၀၊ ပတ်ကွေ့တံတား ပေ ၁၃၀၊ စံတွေးတံတား ပေ ၁၁၀၊ သစ်ပုတ်ချိန်တံတား ပေ ၁၈၀၊ ဆားချက်ချောင်းတံတား ပေ ၇၀၊ ကမောင်ချောင်းတံတား ပေ ၇၀နှင့် ဇာဒီပြင်တံတား ပေ ၁၄၀ တည်ဆောက်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**



စစ်တွေမြို့ရှိ ဆတ်ရိုးကျတံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

# မူဆယ်မြို့နယ်၌ တအာင်းနှစ်သစ်ကူးပွဲတော်နှင့် (၂၅)ကြိမ်မြောက် ပညာရည်ထူးချွန်ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**မူဆယ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်တွင် တအာင်းနှစ်သစ်ကူးပွဲတော်နှင့်(၂၅)ကြိမ်မြောက်ပညာရည်ထူးချွန်ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခန့်က မူဆယ်နှင့် ၁၂ မိုင်ကွာဝေးသော မော်တောင်းကျေးရွာအုပ်စုအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို တအာင်း (ပလောင်) တိုင်းရင်းသားအမျိုးသားတေးသီချင်းများဖြင့် ဖွင့်လှစ်ခဲ့ပြီး နှစ်သစ်မင်္ဂလာ အဖွင့်အမှာစကားများကို မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က လည်းကောင်း၊ မူဆယ်မြို့ တအာင်းစာပေနှင့် ယဉ်ကျေးမှု (နာယက)တားစံနော်ကလည်းကောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တအာင်းစာပေနှင့် ယဉ်ကျေးမှုရုံးမြေနေရာ ရရှိရေးအတွက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဝိုင်းဝန်းကူညီပါဝင်လှူဒါန်းပေးခဲ့သော အလှူရှင်များကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ၂၀၁၇- ၂၀၁၈ ပညာသင်နှစ် ဘွဲ့ရကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ၊ တအာင်း (ပလောင်)တိုင်းရင်းသားစာပေထူးချွန်ဆုရကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်းအောင်နှင့် ဘွဲ့ရကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၂၇ ဦးတို့ကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့သည်။



အဆိုပါ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မူဆယ်ခရိုင်၊ မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းနှင့် ကုန်သွယ်ရေးအဖွဲ့ဝင်များ၊ နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ တအာင်း (ပလောင်)စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**


### အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ် ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ | | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၄၈၃၅၂ | ၁၇၇၂၇ | ၅၇၂၁၄ | ၁၆၃၀၈ | |
| ၂ | မန္တလေးလေဆိပ် | ၁၁၂၉၈ | ၃၁၀၁ | ၁၃၄၃၁ | ၄၀၃၇ | |
| ၃ | နေပြည်တော်လေဆိပ် | ၄၆ | ၃၁၇ | ၂၇၃ | ၂၆၇ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၄၂၃ | ၂၂၉ | ၃၇၂၄ | ၁၃၅ | |
| ၆ | မြဝတီ | ၁၁၀၆ | ၃၂၉ | ၁၃၃၆ | ၆၃၅ | |
| ၇ | ကော့သောင်း | ၂၂၂၆ | ၁၀၂ | ၁၁၃၇ | ၇၀ | |
| ၈ | ထီးခီး | ၇၈ | ၂၃ | ၁၃၂ | ၁၂ | |
| ၉ | တမူး | ၀ | ၀ | ၂၅၀ | ၁၇ | |
| ၁၀ | ရိခေါဒါရ် | ၀ | ၀ | ၁ | ၁ | |
| | စုစုပေါင်း | ၆၃၅၂၉ | ၂၁၈၂၈ | ၇၇၄၉၈ | ၂၁၄၈၂ | |

### အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇ ခုနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ | | | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ နိုဝင်ဘာလအထိ | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | ဧပြီ | ၃၄၃၆၇ | ၁၉၆၀၅ | ၅၃၉၇၂ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ |
| ၂ | မေ | ၂၈၄၄၆ | ၂၀၅၁၈ | ၄၈၉၆၄ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ |
| ၃ | ဇွန် | ၂၆၅၆၅ | ၁၈၀၃၄ | ၄၄၅၉၉ | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ |
| ၄ | ဇူလိုင် | ၃၃၄၉၈ | ၂၀၆၃၄ | ၅၄၁၃၂ | ၃၀၄၉၆ | ၂၀၆၇၃ | ၅၁၁၆၉ |
| ၅ | ဩဂုတ် | ၃၄၆၀၄ | ၁၈၉၂၂ | ၅၃၅၂၆ | ၃၂၀၆၈ | ၁၉၈၀၇ | ၅၁၈၇၅ |
| ၆ | စက်တင်ဘာ | ၃၀၆၉၃ | ၁၉၂၈၃ | ၄၉၉၇၆ | ၃၀၇၆၈ | ၂၁၄၅၁ | ၅၂၂၁၉ |
| ၇ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| ၈ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| | စုစုပေါင်း | ၂၉၈၃၉၅ | ၁၆၀၀၇၇ | ၄၅၈၄၇၂ | ၃၁၂၆၁၅ | ၁၆၄၈၇၁ | ၄၇၇၄၈၆ |

### ရေချိုငါးဖမ်းလုပ်ငန်းနှင့် ရေငန်ငါးဖမ်းလုပ်ငန်းများ၏ ငါး၊ ပုစွန်ထုတ်လုပ်မှု




ဓာတ်မြစ် ။ ငါးလုပ်ငန်းဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲ၊ အနုပညာဖျော်ဖြေပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့၏ ပံ့ပိုးကူညီမှုဖြင့် ကမာရွတ်မြို့နယ် Hledan Community Public Library က ကြီးမှူး၍ ဒုတိယအကြိမ် စာဖတ်ရှိန်မြှင့်တင်ရေးစာပေဟောပြောပွဲ၊ အနုပညာဖျော်ဖြေပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ကမာရွတ်မြို့နယ်လှည်းတန်းစင်တာရှိ Outdoor Promotion ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ မနုဿကျော်ဝင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုး၊ ကမာရွတ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိမ်းလဲ့နှင့် လှည်းတန်းစင်တာမှမန်နေဂျာ ဦးသန့်စင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

ယင်းနောက် အသက် ၅ နှစ်မှ ၁၀ နှစ်အတွင်းရှိ ဆိုကရေးတီးပြိုင်ပွဲမှ ရွှေတံဆိပ်ဆုရှင်များက သီဆိုဖျော်ဖြေကြသည်။ ဆက်လက်၍ သဘင်ပညာရှင် ဦးနန်းဝင်းနှင့် အဖွဲ့သားများက ကပြဖျော်ဖြေကြသည်။ ဖျော်ဖြေပွဲအပြီးတွင် စာရေးဆရာကြီး လယ်တွင်းသားစောချစ်က စာပေအနုပညာရပ်များကို ဟောပြောသည်။ စာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိ ညနေ ၄ နာရီမှ ည ၈ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်တွင် စာအုပ်ဆိုင်ခန်းပေါင်း ၇၀ ပါဝင်ခင်းကျင်းရောင်းချလျက်ရှိသည်။

**ဖြိုးသူရကျော်**

● *ကျောဖုံးမှ*

တိုက်စစ်မှူး ထက်အာကာလင်း၊ ကွင်းလယ်ကစားသမားများ ဖြစ်သည့် မြတ်ထွန်းသစ်နှင့် ဇွဲသက်ပိုင်၊ နောက်ခံလူများဖြစ်သည့် ကျော်မျိုးနိုင်၊ အံ့မော်ဦး၊ ဇွဲခန့်မင်း၊ ဂိုးသမားများဖြစ်သည့် အောင်မျိုးထွေးနှင့် ထွန်းနန္ဒာဦးတို့ ချန်လှပ်ခံခဲ့ရသည်။ မြန်မာ ယူ-၂၁ အသင်းတွင် **နည်းပြချုပ်**- ဦးကြည်လွင်၊ **လက်ထောက်နည်းပြ**- ဦးကျော်လွင်၊ ဦးချစ်နိုင်၊ **ဂိုးနည်းပြ**- ဦးမျိုးကျော်အောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**- ဘုန်းသစ္စာမင်း၊ စိုးအာကာ၊ **နောက်တန်း**- စိုးမိုးကျော်၊ ဇွဲထက်မင်း၊ ကျော်သက်ဦး၊ ကျော်သူထွန်း၊ ဇင်ရဲနောင်၊ အောင်ဝဏ္ဏစိုး၊ သက်ပိုင်ထွေး၊ **အလယ်တန်း**- အောင်နိုင်ဝင်း၊ မင်းကိုကို၊ နန်းထိုက်ဇင်၊ စိုးလွင်လွင်၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ ပြည့်စုံနိုင်၊ **ရှေ့တန်း**- ဇင်မင်းထွန်း၊ စအောင်ပြည့်ကို၊ ချမ်းငြိမ်း၊ ဝင်းနိုင်ထွန်းတို့ ပါဝင်ကြသည်။

မြန်မာ ယူ-၂၁ အသင်းသည် ယင်းပြိုင်ပွဲအတွက် အောက်တိုဘာလဆန်းတွင် လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲလေးပွဲယှဉ်ပြိုင်ကစားရာ လေးပွဲစလုံး အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် မြန်မာတက္ကသိုလ်လက်ရွေးစင် အသင်းကို တစ်ဂိုး- ဂိုးမရှိ၊ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများဖြစ်သည့် ဒဂုံအသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ စစ်ကိုင်းအသင်းကို တစ်ဂိုး- ဂိုးမရှိ၊ မကွေးအသင်းကို လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အမေရိကန်ဂိုးသမား စတက်ဖန် (၂၃နှစ်) သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မေဂျာလိဂ်ကလပ် ကိုလံဘတ်စ်ခရူးအသင်းမှ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းထံသို့ ပေါင် ခြောက်သန်းဖြင့် အပြီးသတ်ပြောင်းရွှေ့ဖွယ်ရှိနေသော်လည်း စပိန်ကလပ် ဂျီရိုနာအသင်းထံသို့ အငှားစေလွှတ်ဖွယ်ရှိနေကြောင်း ဂိုးဒေါ့ကွန်း၏ ဖော်ပြချက်အရ သိရသည်။
- ဖူလ်ဟမ်အသင်းသည် မန်ယူအသင်းမှ အီတလီဗဟိုခံစစ်ကစားသမား မတ်တီယို ဒါမီယန် (၂၉နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း တတ်တိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။ အင်တာမီလန်နှင့် လာဇီယိုအသင်းတို့ကလည်း ဒါမီယန်ကို ခေါ်ယူရန် စိတ်ဝင်စားနေပြီး အဆိုပါ ကစားသမားကိုယ်တိုင်က အီတလီစီးရီးအေသို့သာ ပြန်လည်ပြောင်းရွှေ့ချင်နေကြောင်း သိရသည်။
- ဝုဖ်အသင်းသည် ပေါ်တူဂီကလပ် ပေါ်တီမွန်းနက်စ်အသင်းမှ ဂျပန်တောင်ပံကစားသမား နာကာဂျီမာ (၂၄နှစ်) အား ပေါင် ၁၇ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိနေကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- နယူးကာဆယ်နည်းပြ ဘင်နီတက်ဇ်သည် မေဂျာလိပ်ကလပ် အတ္တလန္တာယူနိုက်တက်တိုက်စစ်ကစားသမား မီဂွယ် အယ်မီရွန် (၂၄နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေကာ ရာသီကုန်အထိ အငှားဖြင့် ခေါ်ယူရရှိနိုင်ဖွယ်ရှိနေပြီး အမြဲတမ်းခေါ်ယူလိုပါက ပေါင် ၁၅ သန်း ပေးချေရဖွယ်ရှိကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ဘာစီလိုနာကွင်းလယ်ကစားသမား ဒင်းနစ် ဆွာရက်ဇ် (၂၄နှစ်) သည် ပထမအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရပါက အသင်းမှ ထွက်ခွာလိုနေပြီး ၎င်းအား ချယ်လ်ဆီးနှင့် အေစီမီလန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။
- နယူးကာဆယ်အသင်းသည် အေစီမီလန်အသင်းမှ ဆန်းဒါးလန်းတိုက်စစ်ကစားသမားဟောင်း ဖေဘီယို ဘော်ရီနို (၂၇နှစ်) အခြေအနေကို စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် အေစီမီလန်အသင်းအတွက် ၁၁ ပွဲကစားထားပြီး တစ်ဂိုးသာသွင်းယူထားနိုင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် သတင်းများထွက်ပေါ်နေသော ဂျူဗင်တပ်စ်ဗဟိုခံစစ်ကစားသမား အဲလက်ဇ်ဆန်ဒရိုသည် ဂျူဗင်တပ်စ်အသင်းနှင့်စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်လာပြီဖြစ်ကြောင်း ဂိုးဒေါ့ကွန်း၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၈-၁၂-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း ၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း ၀၀ - Breakfast News
- ၉း ၁၅ - News Watch TV
- ၁၁း၂၀ - ဆေးဖက်ဝင်ဟင်းသီး ဟင်းရွက်နှင့်ကျန်းမာရေး "လက်တွေ့အသုံးချ ဆေးနည်းတို့"(အပိုင်း-၃၁)
- ၁၁း ၃၅ - ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၂း ၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၃၂)
- ၁၄း ၀၀ - ဟိုတုန်းက... ကက်ဆက် ဇာတ်လမ်းများ "ကျွန်မနာမည် မကြေးမုံ" (ဘလိတ်၊ ငြိမ်းဖြူ၊ စိမ်းလဲ့ခင်) (ဒါရိုက်တာ- သီတာလင်း)

**ညပိုင်း**

- ၁၆း၃၅ - "ကြည့်ရှုခံစား သဘာဝ အလှများ"
- ၁၇း၀၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၇း၃၀ - NHK Programme "ဂျပန်၏ အလုပ်စွယ်စုံ ကျမ်း" (ကုန်သေတ္တာစီမံခန့်ခွဲသူ)
- ၁၈း၃၅ - Tasty Trip
- ၁၉း ၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၄၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "ရာဇဝင်ထဲကသမိုင်း အနုပညာ"(အိမ်တော်ရာ ဘုရားမှ သမိုင်းဝင်အုတ် တံတားများ)
- - "(၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ် ပေါင်းစုံအားကစားပြိုင်ပွဲ အစီအစဉ်"
- - ဂီတသမား၊ ဂီတစကား "ခေတ်ကိုပြောသော သီချင်း"(ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- - "မျိုးစေ့"

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်နှင့် ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၇**

မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တောင်ပြို(ယာ)နယ်မြေရဲစခန်းမှ ရဲမှူး ငွေစိုး ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် Tumbru ကင်းစခန်းမှ ဒုစခန်းမှူး Naib Subedar Md. Mojibur Rahman ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်မှ ၁၁ နာရီ မိနစ် ၄၀ အထိ မိမိတို့နိုင်ငံအသီးသီး အတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ် မှတ်တိုင်(၃၄)မှ (၃၆)အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်မှ ၁၁ နာရီအထိ မောင်တောမြို့နယ် နယ်မြေ(၆) အမှတ်(၄)နယ်ခြားစောင့် ပြင်ဖြူနယ်မြေရုံးမှ ယာယီရဲမှူး မြင့်ဌေးဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၅)ပါနှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်ခြားစောင့်တပ် Tekanf ကင်းစခန်းမှူးSubedar Md. Ibrahim Hossain ဦးဆောင်သည့် အဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်း စုစုပေါင်းလေးစင်းတို့သည် ကညင်ချောင်း ချောင်းဝအနီး နတ်မြစ်မြစ်လယ်ရှိနှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၅)မှ မင်္ဂလာကြီးချောင်းဝအနီး ရေမိုင်အမှတ်(၈)အထိနတ်မြစ်ကြောင်းအတိုင်း နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၅)ပေါ်၌ ကင်းလှည့်သည့်အဖွဲ့များ နှစ်ဖက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



# ဦးကိုနီလုပ်ကြံခံရမှု ရုံးချိန်းပေါင်း ၉၂ ချိန်းရုံးထုတ် ဇေယျာဖြိုး တင်ပြထားသည့် သက်သေများကို နှစ်ရက်ဆက်တိုက်စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားသော တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် ပတ်သက်၍သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်း တို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း (၉၂) ချိန်းမြောက်အဖြစ် ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ရာ ရောက်ရှိလာခြင်းမရှိကြောင်း။

ကြည်လင်းနှင့် ဇေယျာဖြိုးတို့ နှစ်ဦးမှာ အင်းစိန်အကျဉ်းထောင် ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေရခြင်းဖြစ်ကြောင်း၊ ယနေ့မွန်းလွဲ ၁ နာရီကျော်မှသာ ရုံးထုတ်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တရားခံပြသက်သေတစ်ဦးသာစစ်ဆေးမှု ပြုလုပ်နိုင်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံဒုတိယခရိုင်တရားသူကြီး- ၆- ဦးရဲလွင်က "ဇေယျာဖြိုးတင်ပြထားတဲ့ ခံပြသက်သေ ဦးသန့်စင် နဲ့ ဒေါ်ခင်ခင်ကျော်ကို မနေ့က ရုံးချိန်း(၉၁)ချိန်းမှာ စစ်ဆေးခဲ့တယ်။ ဒီကနေ့ (၉၂)ချိန်းမှာ ကြည်လင်း (ခ) ဖိုးထူးက လည်ကုပ်ကျိုးပေါင်းတက်လို့နဲ့ ဇေယျာဖြိုးက ဦးနှောက်အောက်ဆီဂျင်ပြတ်ရောဂါဖြစ်တာနဲ့ အင်းစိန်အကျဉ်းထောင်ဆေးရုံမှာ တင်ပို့ပြသနေရလို့ဆိုပြီး မြောက်ပိုင်းခရိုင် မှုခင်းမှတ်တမ်း ဌာနက ဆေးစာအရ တင်ပြလာတဲ့အတွက် မွန်းလွဲ ၁ နာရီကျော်မှရုံးထုတ်ရောက်ရှိတယ်။

ခံပြသက်သေ ဦးရဲဟိန်းတစ်ယောက်သာ စစ်ဆေးနိုင်ခဲ့တယ်။ အမှုမြန်ဆန်ရေးအတွက် ဒီဇင်ဘာ ၁၃ ရက်ကြာသပတေးနဲ့ ဒီဇင်ဘာ ၁၄ ရက်သောကြာနှစ်ရက် ဆက်တိုက်စစ်ဆေးမှုပြုလုပ်ဖို့ပြန်လည်ချိန်းဆိုထားပါတယ်။

အမှုကတရားခံပြ သက်သေ ၇၂ ဦး တင်ပြထားတဲ့ထဲက ပယ်ထားတာက ၂၀၊ စစ်ပြီးတာက ၃၃ ဦးဆိုတော့ စစ်ဖို့ ၁၉ ဦးပဲ ကျန်မှာပါ။ ရုံးချိန်းတိုင်းလည်း သက်သေသုံးဦးခေါ်လာနိုင်ဖို့ ညွှန်ကြားထားပါတယ် "ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုံးနှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၇**

ဆီဆိုင်မြို့နယ် လုံးတာကျေးရွာ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ ဒီဇင်ဘာ ၆ ရက်က ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန် ဦးစီးပူးပေါင်းအဖွဲ့သည် အမြင့်နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်းငါးဧကခန့်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ပင်လောင်းမြို့နယ် လိန်းတာကျေးရွာနှင့် မက်မုံကျေးရွာတို့၌ ဘိန်းစိုက်ခင်း ၂၄ ဧကခန့်၊ ဟိုပုံးမြို့နယ် လိုင်းကလကျေးရွာ၌ ဘိန်းစိုက်ခင်း ၂၃ ဧကခန့်၊ မိုင်းပျဉ်းမြို့နယ် ဖာလုံးကျေးရွာ၌ ဘိန်းစိုက်ခင်းခုနစ်ဧကခန့်တို့ကို ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ လိုင်စင်မဲ့ယာဉ်စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ်မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၆ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၇၆ စီး၊ သွင်းကုန် ၄၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၇၄ စီးကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၆၅၀ သန်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၀၁၂ သန်း စုစုပေါင်း တားဆီးမှုခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၆၆၂ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၆ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ် တိုယိုတာဝုစ်ဝက်ဂွန်းယာဉ် တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ်ငါးသန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မန်စီမြို့နယ်၌ အမျိုးသားနှစ်ဦးစီးနင်းလာသည့် ဆိုင်ကယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ဖမ်းမိ

**ဗန်းမော် ဒီဇင်ဘာ ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မန်ရကျေးရွာအနီးတွင် အမျိုးသားနှစ်ဦးစီးနင်းလာသည့် ဆိုင်ကယ်ဖရိန်တန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁)ဗန်းမော်မှ ရဲအုပ်စိုးဝင်းဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မန်စီမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဝင်းကိုကိုဦးစီးသောတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့တို့သည် ဒီဇင်ဘာ ၆ ရက်က မန်စီမြို့နယ် မန်သာ-ဟန်ထက်ကားလမ်းမပေါ်ရှိ မန်ရကျေးရွာအနီး၌ မန်သာဘက်မှ ဟန်ထက်ဘက်သို့ ဇော်သက်(ခ)သားကြီး (၂၆ နှစ်) မောင်းနှင်ပြီး အောင်ဇော်မင်း (ခ)သားငယ်(၁၈ နှစ်)တို့ စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားစီပါ အထုပ်ငယ် ၂၀၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၊ ကာလတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသော ဇော်သက်(ခ) သားကြီး(၂၆ နှစ်)နှင့် အောင်ဇော်မင်း(ခ)သားငယ်( ၁၈ နှစ်) ရွှေကျီးနား (ကွက်သစ်) ဗန်းမော်မြို့နေသူတို့ နှစ်ဦးကို မန်စီမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စင်ကာပူနိုင်ငံမှ ပြန်လာသည့် အမျိုးသမီးထံမှ ကျပ်တစ်သောင်းတန်ငွေစက္ကူအတုများ ဖမ်းမိ

**ဒိုက်ဦး ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စစ်ဗိုလ်ကြီးကျေးရွာအုပ်စု လယ်ကြားမြောင်ကျေးရွာ၌ စင်ကာပူနိုင်ငံမှပြန်လည်ရောက်ရှိလာသော အမျိုးသမီးတစ်ဦးသည် ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများသုံးစွဲနေကြောင်း သတင်းအရ ဒိုက်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး သိန်းဇော်ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၆ ရက်တွင် ကျပ်တစ်သောင်းတန်ငွေစက္ကူအတုများ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်မှာ စစ်ဗိုလ်ကြီးကျေးရွာအုပ်စု လယ်ကြားမြောင်ကျေးရွာနေ နော်သောသွဲ့ထူး(၂၅ နှစ်)၏ နေအိမ်သို့ရောက်ရှိစစ်ဆေးခဲ့ရာ နေအိမ်တွင် နော်သောသွဲ့ထူးကို အသင့်တွေ့ရှိရပြီး နေအိမ်အပေါ်ထပ်အိပ်ခန်းအနီးရှိ အဝတ်အစားအိတ်ပေါ်တွင် တင်ထားသည့် သားရေ ဘေးလွယ်အိတ်အတွင်း ထည့်ထားသော လက်ကိုင်အိတ်အတွင်းမှ AE(ကင)နှင့်AG(ကဆ) အက္ခရာပါတစ်သောင်းတန် ငွေစက္ကူ အတု ၁၅၄ ရွက်တန်ဖိုးငွေကျပ် ၁၅၄၀၀၀၀ အား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

မနော်သောသွဲ့ထူးသည် စင်ကာပူနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်ရန်ငွေလဲရာ ယခုကဲ့သို့ ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ ပါဝင်လာခြင်းနှင့် ပတ်သက်၍ "လက်ရှိကတော့ ကောင်မလေးကစင်ကာပူနိုင်ငံက အလုပ်လုပ်ပြီး ပြန်လာတာပါ။ ဘယ်လိုကဘယ်လိုဖြစ်ပြီး ပါလာတာလဲဆိုတာကို သူ့ကိုမေးတုန်းပဲ။ ဟိုဘက်ကလည်း နိုင်ငံခြားသားနဲ့ ဒီဘက်ကလည်း မြန်မာနိုင်ငံသူနဲ့ မေးတုန်းမြန်းတုန်းပေါ့။ အခုကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနဲ့အညီ အရေးယူဖို့စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ဒိုက်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇော်က ပြောသည်။



အဆိုပါ ငွေစက္ကူအတုများကို လက်ဝယ်ကိုင်တွယ်သုံးစွဲသူ နော်သောသွဲ့ထူးသည် စင်ကာပူနိုင်ငံမှမြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၂ ရက်က ပြန်လာခြင်းဖြစ်ပြီးဆန်၊ ဆီစသည်တို့ ဈေးလိုက်ဝယ်စဉ် တစ်ရွက်စ နှစ်ရွက်စပါလာရာမှ လိုက်လံစုံစမ်းရာမှ ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း၊ အမှုအား ဒိုက်ဦးမြို့မရဲစခန်းက (ပ) ၁၄၂၀/၂၀၁၈၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်**

# ယီမင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ စတင်

**ဆာနား ဒီဇင်ဘာ ၇**

ယီမင်၌ ဖြစ်ပွားနေသည့် ပြည်တွင်းစစ်အဆုံးသတ်ရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အစိုးရနှင့် သူပုန်အင်အားစုများထံမှ ကိုယ်စားလှယ်များပါဝင်လျက် စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် မာတင်ဂရစ်ဖစ်က ယီမင်၏အနာဂတ်ကို ထိန်းချုပ်မရနိုင်တော့သည့် အခြေအနေမရောက်မီ ယခုအချိန်တွင် အမြန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂက ကြားဝင်စေ့စပ်ညှိနှိုင်းသည့် ဆွေးနွေးပွဲများသည် ကြာသပတေးနေ့က ဆွီဒင်နိုင်ငံမြို့တော် စတော့ဟုမ်းဆင်ခြေဖုံးတွင် စတင်ခဲ့ခြင်း ဖြစ်သည်။ ယင်းဆွေးနွေးပွဲများသည် နှစ်နှစ်ခြောက်လခန့်ကြာမြင့်ခဲ့သည့် ယီမင်စစ်ပွဲအတွင်း ပထမဆုံးအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ပြောကြားချက်အရ နှစ်ဖက်စလုံးသည် အကျဉ်းသားများအား လဲလှယ်ရေးကို သဘောတူညီလိုက်ကြောင်း သိရသည်။

သို့သော် တစ်ဖက်နှင့် တစ်ဖက် အယုံအကြည်ကင်းမဲ့မှုနှင့် သံသယများ ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ညှိနှိုင်းဆွေးနွေးမှုများက ယီမင်ဆိပ်ကမ်းမြို့တော် ဟူဒေးဒါ၌ ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများကို ရပ်တန့်သွားအောင်လုပ်ဆောင်နိုင်ခြင်းရှိ မရှိဆိုသည်ကို နိုင်ငံတကာက အာရုံစိုက်လျက်ရှိသည်။

ဟူဒေးဒါဆိပ်ကမ်းမြို့သည် စားနပ်ရိက္ခာနှင့် အခြားသော လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ရောက်နိုင်သည့်နေရာ ဖြစ်သည်။ ယင်းဆိပ်ကမ်းမြို့သည် နိုင်ငံ၏ စားသောက်ကုန်တင်ပို့မှု အများဆုံးဝင်ရောက်ရာ အချက်အချာလည်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




ယီမင်ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် ကုလသမဂ္ဂတာဝန်ရှိသူများ၊ ယီမင်အစိုးရအဖွဲ့ ကိုယ်စားလှယ်များနှင့် သူပုန်အဖွဲ့မှ ကိုယ်စားလှယ်များကို တွေ့ရစဉ်။

# ဟွာဝေးကုမ္ပဏီအကြီးအကဲတစ်ဦး ဖမ်းဆီးခံထားရမှုကြောင့် ကန်-တရုတ်ကုန်သွယ်ရေး၌ စိုးရိမ်မှုမြင့်တက်

**ပေကျင်း ဒီဇင်ဘာ ၇**

ဟွာဝေးတရုတ်နည်းပညာ ကုမ္ပဏီအကြီးအကဲတစ်ဦးကို ဖမ်းဆီးထားသည့်အတွက် အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံကြား ကုန်သွယ်ရေးဆိုင်ရာ ပြေလည်မှု မရမည်ကို စိုးရိမ်နေသည့်ကြားတွင် အိမ်ဖြူတော်အရာရှိများက အမေရိကန်-တရုတ်ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများအပေါ် တင်းမာလာသည်။




ဟွာဝေးနည်းပညာကုမ္ပဏီ၏ ဘဏ္ဍာရေးအကြီးအကဲဖြစ်သူ မန်ဝမ်ကျို့

ဟွာဝေးနည်းပညာ ကုမ္ပဏီ၏ ဘဏ္ဍာရေးအကြီးအကဲဖြစ်သူ မန်ဝမ်ကျို့ ဖမ်းဆီးခံထားရခြင်းနှင့် ပတ်သက်ပြီး နိုင်ငံတကာ သတင်းမီဒီယာတစ်ခု၏ မေးမြန်းချက်များကို သမ္မတအိမ်ဖြူတော် ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ အကြံပေး ပီတာနာဗာရိုကငြင်းဆိုခဲ့သည်။

အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာ ကုန်သွယ်ရေးတွင် တရားမျှတစွာ လုပ်ဆောင်ပေးရန်နှင့် တရုတ်နိုင်ငံ၏ စီးပွားရေးအခြေခံ ပြောင်းလဲမှုများ လုပ်ဆောင်ပေးရန် တောင်းဆိုနေခြင်း ဖြစ်ကြောင်း သမ္မတအိမ်ဖြူတော် ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ အကြံပေး ပီတာနာဗာရိုက ပြောခဲ့သည်။

လတ်တလောတွင် ကနေဒါနိုင်ငံ၌ ထိန်းသိမ်းခံထားရသည့် တရုတ်ဆက်သွယ်ရေးလုပ်ငန်းကြီး တစ်ခုဖြစ်သည့် ဟွာဝေးနည်းပညာကုမ္ပဏီ ထိပ်တန်းအမှုဆောင်အရာရှိ မန်ဝမ်ကျို့ကို ပြန်လွှတ်ပေးရန် တရုတ်နိုင်ငံက တောင်းဆိုလျက်ရှိကြောင်းလည်း သိရသည်။ ၎င်းဖမ်းဆီးခံထားရခြင်းကြောင့် အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးဆိုင်ရာများနှင့်ပတ်သက်ပြီး စိုးရိမ်မှုမြင့်တက်လာလျက်ရှိကြောင်းလည်း သိရပါသည်။ အီရန်အပေါ် အမေရိကန်၏ ပိတ်ဆို့ ဒဏ်ခတ်မှုအပေါ် သတိမမူဘဲ ချိုးဖောက်မိသလိုဖြစ်ကာ နည်းပညာပစ္စည်းများကို တရားမဝင်ရောင်းချရန် ကြိုးပမ်းခဲ့သည်ဆိုသည့် သံသယဖြင့် ဟွာဝေးကုမ္ပဏီထူထောင်သူ၏ သမီးလည်းဖြစ်၊ ဘဏ္ဍာရေးဌာန အကြီးအကဲလည်းဖြစ်သူ မန်ဝမ်ကျို့ကို လွန်ခဲ့သောရက်ပိုင်းက ဗန်ကူဗာမြို့တွင် ထိန်းသိမ်းလိုက်ခြင်းဖြစ်ကြောင်း ကနေဒါအာဏာပိုင်များက ပြောကြားခဲ့သည်။

အမေရိကန်-တရုတ်သွင်းကုန်ခွန် အပြန်အလှန်တိုးမြှင့်ကောက်ခံမှုကို ရက်ပေါင်း ၉၀ ကြာရပ်ဆိုင်းရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ သဘောတူညီချက်ရရှိခဲ့သည့်နေ့တွင် ၎င်းဖမ်းဆီးခံလိုက်ရခြင်း ဖြစ်ကြောင်း သိရသည်။

အမေရိကန် ပြည်ထောင်စုကို လွှဲပြောင်းပေးနိုင်ခြေရှိသည့် အခြေအနေနှင့် ရင်ဆိုင်နေရသည့် ဟွာဝေးအမှုဆောင်အရာရှိအား အာမခံပေး လွှတ်ပေးသင့် မသင့်ကို လာမည့်ရက်တွင် တရားရုံးက ကြားနာရန် စီစဉ်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

### ဟီသာနောရက်တ်ကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ရွေးချယ်ဖွယ်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဟီသာနောရက်တ်ကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ရွေးချယ်ရန် အလားအလာရှိနေကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြခဲ့သည်။ ဖောက်စ်သတင်းမီဒီယာ၏ သတင်းကြေညာသူဟောင်းတစ်ဦးဖြစ်သူ နောရက်တ်သည် အောက်တိုဘာလက အဆိုပါ ရာထူးမှ နုတ်ထွက်မည်ဟုကြေညာခဲ့သော နစ်ကီဟာလေး၏ နေရာတွင် တာဝန်ယူမည်ဖြစ်ကြောင်း ဘလွန်းဘာ့ဂ် သတင်းအရသိရသည်။

ဟာလေး၏ နုတ်ထွက်မှုသည် အဆင့်မြင့်အုပ်ချုပ်ရေး တာဝန်ရှိသူများအကြား အံ့အားသင့်ဖွယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂရိ၌ ဆယ်ကျော်သက်လူငယ် အသတ်ခံခဲ့ရမှုကိုအကြောင်းပြုကာ ဆန္ဒပြမှုများ ဖြစ်ပွား

အေသင် ဒီဇင်ဘာ ၇

**လွန်ခဲ့သည့် ၁၀ နှစ်က ဆယ်ကျော်သက်တစ်ဦးဖြစ်သည့် အလက်ဇန်းဒရိုစ် ဂရီဂေါ်ဂိုပေါ်လိုစ်ကို ရဲအရာရှိတစ်ဦးက သတ်ဖြတ်ခဲ့သည်ကို အကြောင်းပြု၍ ကြာသပတေးနေ့က ဂရိနိုင်ငံရှိ မြို့ကြီးများတွင် ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။**

ဂရိမြို့တော် အေသင် ဂရိမြောက်ပိုင်းရှိ တီဆာလိုနီကီနှင့် ခရီတီကျွန်းပေါ်ရှိ ချာနီရာတို့တွင် ဆန္ဒပြသူ ၂၇ ဦးထက်မနည်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဂရိအမျိုးသားသတင်းအေဂျင်စီ AMNA က ဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့သတင်းအရင်းအမြစ်များ၏ပြောပြချက်အရ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသူများတွင် မိုင်းတွင်းလုပ်သားများပါဝင်သည်ဟု သိရသည်။ မည်သူမျှ ထိခိုက်ဒဏ်ရာ မရရှိခဲ့သော်လည်း ပစ္စည်းများ ထိခိုက်ပျက်စီးမှုရှိကြောင်း သိရသည်။

ကြာသပတေးနေ့ ညနေက အေသင်မြို့ အိတ်စာချီရာဒေသတွင် ဖြစ်ပွားခဲ့သည့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် သေနတ်ဖြင့် ပစ်သတ်ခံရပြီး သေဆုံးသွားခဲ့သည့် အထက်တန်းကျောင်းသား ဂရီ ဂေါ်ရိုပေါ်လိုစ် (အသက် ၁၅ နှစ်) အသတ်ခံရမှုကို အကြောင်းပြုကာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

၎င်းကို ပစ်သတ်ခဲ့သည့် ရဲအရာရှိမှာ နောက်ပိုင်းတွင် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

လက်ဝဲနိုင်ငံရေး ပါတီများနှင့် ထူထောင်ရေးကို ဆန့်ကျင်သည့်အုပ်စုများက စီစဉ်ခဲ့သည့် လူထုစုဝေးချီတက်မှုအပြီးတွင် ခေါင်းစွပ်များ စွပ်ထားကြသည့်လူငယ်အများအပြားသည် ဓာတ်ဆီပုံးများနှင့် ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြကာ အမှိုက်ပုံးများကို မီးရှို့ခဲ့ကြပြီး လမ်းများ ပိတ်ဆို့ခဲ့ကြသည်။

ရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများနှင့် မူးမေ့လဲကျသွားစေသည့် လက်ပစ်ဗုံးများဖြင့် ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့သည်။ ရဲအရာရှိ ၅၀၀၀ နီးပါးကို ဖြန့်ကြက်ခဲ့ပြီး ရဲတပ်ဖွဲ့ရဟတ်ယာဉ်တစ်စင်းနှင့် ဒရုန်းလေယာဉ်များမှာ လူထုစုဝေးမှုကို စောင့်ကြည့်စစ်ဆေးရန် အေသင်မြို့လယ်ကောင်၏ ကောင်းကင်ပေါ်တွင် တစ်နေ့လုံး ပျံဝဲခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



အေသင်မြို့ အိတ်စာချီရာ၌ ဆန္ဒဖော်ထုတ်သူများကို တွေ့ရစဉ်။

**နိုင်ငံတကာ သတင်းတိုထွာ**

## ဟွာဝေးဘဏ္ဍာရေး အကြီးအကဲကို လွှတ်ပေးရန် အော့တဝါရှိ တရုတ်သံရုံးက တောင်းဆို

**အော့တဝါ ဒီဇင်ဘာ ၇**

အမေရိကန်အာဏာပိုင်များ၏ တောင်းဆိုချက်အရ ဗန်ကူဗာ၌ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ဟွာဝေးကုမ္ပဏီဘဏ္ဍာရေးအကြီးအကဲဖြစ်သူ မန်ဝန်ကျိုကို လွှတ်ပေးရန် အော့တဝါရှိ တရုတ်သံရုံးက ကနေဒါသို့ တိုက်တွန်းတောင်းဆိုလိုက်ကြောင်း သိရသည်။

အမေရိကန်ဘက်မှ မေတ္တာရပ်ခံချက်အရ အမေရိကန်နှင့် ကနေဒါနိုင်ငံ၏ ဥပဒေကို တစ်စုံတစ်ရာချိုးဖောက်ခြင်းမရှိဘဲ တရုတ်နိုင်ငံသားတစ်ဦးကို ကနေဒါနိုင်ငံဘက်မှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ယင်းသို့ဖမ်းဆီးမှုသည် ဖမ်းဆီးခံရသူ၏လူ့အခွင့်အရေးကို ပြင်းပြင်းထန်ထန် ထိခိုက်စေကြောင်း တရုတ်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကနေဒါအာဏာပိုင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်း ခံလိုက်ရပြီးနောက် ဟွာဝေးကုမ္ပဏီ၏ ဘဏ္ဍာရေးအကြီးအကဲဖြစ်သူ မန်ဝန်ကျိုအနေဖြင့် အမှားကျူးလွန်ခဲ့ခြင်းမရှိကြောင်း ဟွာဝေးကုမ္ပဏီက ကြာသပတေးနေ့တွင် ငြင်းဆန်ခဲ့သည်။

ကုမ္ပဏီသည် အဆိုပါအရေးယူဆောင်ရွက်မှုနှင့်ပတ်သက်သည့် အချက်အလက် အနည်းငယ်လောက်သာ ပြောပြခဲ့ပြီး မန်ဝန်ကျိုအနေဖြင့် အမှားကျူးလွန်သည်ဟု သတိပြုမိခဲ့ခြင်း မရှိကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

---

## လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ်လူ ခုနစ်သန်းခန့် အသက်ဆုံးရှုံးနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြော

**ဂျိနီဗာ ဒီဇင်ဘာ ၇**

ကမ္ဘာတစ်ဝန်းတွင် ညစ်ညမ်းသည့် လေထုကို ထိတွေ့ရှူရှိုက်နေရမှုကြောင့် နှစ်စဉ်နှစ်တိုင်း လူခုနစ်သန်းကျော် အသက်ဆုံးရှုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ပိုလန်၌ကျင်းပနေသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ကွန်ဖရင့်အစည်းအဝေးနှင့်တိုက်ဆိုင်စွာ ဗုဒ္ဓဟူးနေ့တွင် ကျန်းမာရေးနှင့်ရာသီဥတုဆိုင်ရာအစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာတွင် လေထုညစ်ညမ်းမှုကြောင့် ပန်းနာရင်ကျပ်၊ အဆုတ်ကင်ဆာ၊ လေသင်တုန်းဖြတ်ခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနေရကြောင်း ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# HIV ကို တိုက်ဖျက်ရာမှာ နမီဘီယာနိုင်ငံက အောင်မြင်မှုတစ်ခုရရှိလာ

*ကလျာမိုးမြင့်*

**နမီဘီယာမြောက်ပိုင်း အလွန်ဝေးလံခေါင်သီတဲ့ တစ်နေရာမှာ ဟာဘီဒေးဗစ်ဟာ ဖုန်တွေလှည်းကျင်းထားတဲ့ ခြံဝင်းဆီကို သွားမယ့် ဂိတ်တံခါးကိုဖွင့်ဖို့ လာခဲ့ပါတယ်။ ဒီနေရာကို ညှော်သည်တွေ ရောက်မလာတာ အတော့်ကို ကြာခဲ့ပြီလို့ ကျန်းမာရေး လုပ်သားနှစ်ဦးကို ပြောလိုက်ပါတယ်။**

အသက် ၇၉ နှစ်ရှိပြီဖြစ်တဲ့ ဒေးဗစ်ဟာ ၎င်းရဲ့ဇနီးသည် ရုနာဆင်ဒနိဂိုကို လှမ်းခေါ်လိုက်တယ်။ ဇနီးသည်ဟာ ကလေးငယ်နှစ်ဦးကို ပွေ့ချီပြီးတော့ ထွက်လာပါတယ်။ ဒါဟာ HIV တိုက်ဖျက်ရေးစစ်ပွဲကို ဆင်နွှဲနေတဲ့ နမီဘီယာနိုင်ငံရဲ့ ရှေ့တန်းစစ်မျက်နှာတစ်ခုကို တွေ့မြင်ရတာပါပဲ။ မြေပြင်ကွင်းဆင်းလေ့လာချဉ်းကပ်မှုအရ သိရတဲ့အချက်အလက်တွေက HIV ပိုး ကူးစက်ပျံ့နှံ့မှုကို ကိုင်တွယ်ဆောင်ရွက်ရာမှာ အအောင်မြင်ဆုံး နိုင်ငံတွေထဲမှာ နမီဘီယာနိုင်ငံဟာလည်း တစ်ခုအပါအဝင်ဖြစ်လာပြီဆိုတာကို ဖော်ပြနေပါတယ်။

### ကွင်းဆင်းဆောင်ရွက်နေကြသည့် ကျန်းမာရေးဝန်ထမ်းများ

အနီရောင်ဝတ်စုံတွေကို ဝတ်ဆင်ထားကြတဲ့ ကျန်းမာရေးလုပ်သားတွေဟာမြေပြင်မှာ ကွင်းဆင်းဆောင်ရွက်နေကြသူတွေဖြစ်ကြပြီး ၎င်းတို့ရဲ့ အုပ်ချုပ်ရေးအရာရှိထံ အစီရင်ခံမှုတွေ ပြုလုပ်နေကြပါတယ်။၎င်းတို့ရဲ့တိုက်ပွဲဝင်လက်နက်တွေကတော့ သေနတ်တွေမဟုတ်ဘဲ ပလတ်စတစ်စားပွဲငယ်တစ်လုံးနဲ့ ရေခဲတုံးလေးတွေ ထည့်ထားတဲ့ ရေခဲအိတ်တစ်အိတ်နဲ့ HIV စစ်ဆေးတဲ့ ကိရိယာတွေပဲဖြစ်ပါတယ်။

ရောဂါဖြစ်ပွားမှုအလုံးစုံ ထိန်းချုပ်ရေးအဖွဲ့ (TCE) ဟာ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ လူထုအချင်းချင်း အကူအညီပေးအပ်ရေး ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (DAPP Numbia) က လည်ပတ်ဆောင်ရွက်နေတဲ့ အစီအစဉ်တစ်ရပ် ဖြစ်ပါတယ်။ ကွင်းဆင်းဆောင်ရွက်နေကြသူတွေဟာ လူဦးရေ ၁၈၂၀၀၀ နီးပါး အတွက် ဆောင်ရွက်ပေးနေတဲ့ TCE ကျန်းမာရေး လုပ်သား ၂၀၀ ကျော်တွေထဲက ဝန်ထမ်းတွေပါပဲ။

အမြွာကလေးငယ်နှစ်ဦးရဲ့ မိခင်ဖြစ်တဲ့ မစ္စနာစီဒနိဂိုဟာ HIV ပိုးကူးစက်ခံရပြီး နေထိုင်လာခဲ့တာ ဆယ်စုနှစ်တစ်ခုကျော်ကြာမြင့်ခဲ့ပြီ ဖြစ်ပြီး TCE ရဲ့ဖောက်သည်တစ်ယောက်ဖြစ်လာတာ နှစ်နှစ်ကျော်လောက် ရှိနေခဲ့ပါပြီ။

ဆေးခန်းထဲမှာရှိတဲ့ ရေခဲတုံးကလေးတွေဟာ စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်ဖို့အတွက် အပူချိန်မှန်အောင် ထိန်းသိမ်းပေးပါတယ်။ မြန်ဆန်တဲ့ စစ်ဆေးစမ်းသပ်မှုက သွေးထဲမှာရှိတဲ့ HIV ပဋိပစ္စည်းတွေကို စောင့်ကြည့်ပေးပြီး ရလဒ်တွေကိုတော့ စမ်းသပ်ကိရိယာရဲ့ပြတင်းပေါက်မှာပေါ်နေတဲ့ အစင်းကြောင်းတွေက ဖော်ပြပါတယ်။ မစ္စတာဒေးဗစ်နဲ့ သမီးဖြစ်သူဟာ စမ်းသပ်ကိရိယာကဖော်ပြတဲ့ရလဒ်တွေကို စောင့်ကြည့်နေကြတယ်။ စမ်းသပ်ကိရိယာမှာ အစင်းကြောင်းတစ်ခုကိုပြသနေပြီး ဒါဟာ HIVကူးစက်ခံရခြင်းမရှိဘူးဆိုတဲ့ ရလဒ်ဖြစ်ပါတယ်။ အစင်းကြောင်းနှစ်ခု ပေါ်နေခဲ့ရင် HIV ပိုး ကူးစက်ခံထားရပြီဆိုတဲ့ ရလဒ်ကို ဖော်ပြပါတယ်။

### ပြည်သူလူထုယုံကြည်အောင် ကြိုးစားနေ

TCE အဖွဲ့က ကွင်းဆင်းဆောင်ရွက်နေကြတဲ့ အရာရှိတွေဟာ အဲဒီဧရိယာမှာ အလုပ်လုပ်နေခဲ့ကြတာ ၁၄ နှစ် လောက်ရှိနေပါပြီ။ အဲဒီနေရာမှာရှိတဲ့ ပြည်သူလူထုရဲ့ ယုံကြည်လေးစားမှုရရှိအောင် ဒီအဖွဲ့သားတွေက စွမ်းစွမ်းတမံ ဆောင်ရွက်နေကြတယ်။ ဒါပေမယ့် HIV စစ်ဆေးစမ်းသပ်ဖို့ အသာတကြည်လက်ခံလာအောင် လူတစ်ဦးချင်းစီကို ဖျောင်းဖျရတာကတော့ မလွယ်ကူလှပါဘူး။ ဒီနေရာမှာဖြစ်ပွားနေတဲ့ HIV ပိုးကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဖို့ဆောင်ရွက်ရာမှာ အောင်မြင်မှုရရှိစေတဲ့ အဓိကသော့ချက်တစ်ခုကတော့ ကူညီအားပေး ထောက်ပံ့တာပါပဲ။

မစ္စတာအန်ဂူလာရဲ့ အိမ်အနီးမှာ လူတစ်စုစုဝေးရောက်ရှိနေကြပြီး ၎င်းတို့ဟာ ဘယ်လောက်တောင် ကံကောင်းတဲ့သူတွေ ဖြစ်တယ်ဆိုတာကို အိုရှိဝမ်ဘို ဘာသာစကားနဲ့ တေးသီချင်းတစ်ပုဒ် ဟစ်ကြွေးနေကြပါတယ်။ ဒီလူစုဟာဆိုရင် လူ ၁၂ ဦးပါတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး အားလုံးဟာ HIV ပိုး ကူးစက်ခံထားရသူတွေချည်း ပါပဲ။ ၎င်းတို့ဟာ ၂၀ ကီလိုမီတာကွာဝေးတဲ့ ဆေးပေးခန်းမှာ ဆေးဝါး ထုတ်ယူဖို့ လာရောက်ကြတာ ဖြစ်ပါတယ်။

### ငွေကြေးကိုပဓာနမထား

ဌာနခွဲအုပ်ချုပ်မှုအရာရှိဖြစ်တဲ့ မစ္စဂျိုဟန်စ်ဟာ၎င်းရဲ့ဖောက်သည်တွေကို ကြည့်ရှုပြီးတဲ့နောက် တစ်နေ့တာ စိတ်ပင်ပန်း တင်းကျပ်မှုတွေကို ဖယ်ထုတ်ပစ်ဖို့ လာပူးပေါင်းလိုက်ပြီး သစ်ပင်တစ်ပင်အနီးမှာ တေးသီချင်းဝိုင်းဖွဲ့ သီဆိုကခုန်နေတဲ့ စောစောက အဖွဲ့ထဲကိုလာပြီး အတူပါဝင် သီဆိုကခုန်လိုက်ပါတယ်။

ဒီနေရာကို စပြီးဝင်လာတဲ့အချိန်မှာ ပထမတော့ လုပ်ငန်းနဲ့ လစာရဖို့ကိုသာ အဓိကထားခဲ့ပေမယ့် နောက်တော့ ပြည်သူနဲ့ ကိုယ်ချင်းစာနားလည်မှုကသာ အဓိကဖြစ်လာတယ်လို့ မစ္စဂျိုဟန်စ်က ပြောပါတယ်။ ဒီမှာလုပ်ကိုင်ပြီး ငါးလလောက်သာနေသွားခဲ့ကြတဲ့ ကွင်းဆင်းအရာရှိတွေလည်း ရှိခဲ့ဖူးတယ်။ သူတို့ရတဲ့ လစာက ဒီအလုပ်မှာ သူတို့ပေးရတဲ့ အချိန်နဲ့ မကာမိဘူးလို့ သူတို့ခံစားရတယ်လေ။ ဒါပေမယ့် ဒီမှာ ဆက်နေသေးတဲ့ အဖွဲ့တွေကတော့ HIV ကူးစက်ခံရတဲ့ပြည်သူတွေကို ကိုယ်ချင်းစာနားလည်ပြီး သူတို့နဲ့တစ်သားတည်းလိုလို ဖြစ်သွားတယ်။ ပြည်သူတွေရဲ့ ဘဝတိုးတက်ဖို့အတွက် ပြည်သူတွေနဲ့ အတူတကွ အလုပ်လုပ်သွားဖို့ ဆန္ဒရှိလာကြတယ်လို့ ၎င်းက ပြောပါတယ်။

### အနားယူဖို့အချိန်မရှိ

နမီဘီယာရဲ့ အိမ်နီးချင်းဖြစ်တဲ့ တောင်အာဖရိကဟာဆိုရင် ကမ္ဘာပေါ်မှာ HIV ပိုး ကူးစက်ခံရမှု အမြင့်မားဆုံးနိုင်ငံတစ်ခု ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီး ဒေါက်တာ ဘားနတ်ဟော်ဗီကူက ဒီအချိန်ဟာ ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရပြီး တင်းတိမ်ရောင့်ရဲနေရမယ့် အချိန်မဟုတ်ဘူး။ ကုလသမဂ္ဂ အထောက်အကူပြုအဖွဲ့ကြီးက သတ်မှတ်ပေးထားတဲ့ နေ့ရက်မှာ မိမိတို့ရဲ့ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိလာနိုင်ဖို့ သေချာတဲ့ အလားအလာ တစ်ခုရှိနေပြီ။ ဒီထက်ပိုပြီး ခွန်အားနည်းနည်းလောက် ထပ်မံစိုက်ထုတ်ဖို့တော့ လိုလိမ့်မယ်။ ပန်းတိုင်ကို ရောက်လုနီးနီး ဖြစ်နေပြီ။ ရာခိုင်နှုန်းအနည်းငယ်လောက်ပဲ လိုတော့တယ်။ မြေပြင်ကွင်းဆင်း ဆောင်ရွက်တဲ့အခါမှာ အထူးသဖြင့် HIVစစ်ဆေးစမ်းသပ်မှုခံယူရခြင်း မရှိသေးတဲ့ လူငယ်တွေကို အဓိကရည်ရွယ်တဲ့ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်တွေကို အာရုံစူးစိုက်ဖို့ လိုအပ်နေတယ်လို့ ပြောကြားခဲ့ပါတယ်။

### ၁၅ နှစ်အတွင်း HIVကူးစက်ခံရမှု ထက်ဝက်လျော့ကျခဲ့

နမီဘီယာနိုင်ငံဟာ ကမ္ဘာပေါ်မှာ HIV ပိုး ကူးစက်ခံရမှုအမြင့်မားဆုံး နိုင်ငံတစ်ခုဖြစ်ခဲ့ဖူးပေမယ့် ပြီးခဲ့တဲ့ ၁၅ နှစ်အတွင်းမှာ HIV ပိုး ကူးစက်ခံရမှုနှုန်း ထက်ဝက်လောက်ကို လျော့ကျသွားခဲ့ပါတယ်။သို့သော်လည်း နိုင်ငံအတွင်းမှာရှိကြတဲ့ အသက် ၁၅ နှစ် ကနေ၂၄ နှစ်အရွယ် အမျိုးသမီးငယ်တွေကြားမှာ ကူးစက်မှုနှုန်း မြင့်မားနေသေးတဲ့အတွက် ကျန်းမာရေး အာဏာပိုင်တွေအနေနဲ့ စိတ်ချလက်ချ နေလို့မရသေးတဲ့ အခြေအနေပါ။

ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အကြိမ် ၃၀ မြောက် နှစ်ပတ်လည်နေ့မှာ ကျန်းမာရေးဝန်ကြီးက လူငယ်တွေကို စစ်ဆေးစမ်းသပ်ဖို့နဲ့ ကုသမှုခံယူဖို့ ဆက်လက်တွန်းအားပေးသွားမှာ ဖြစ်တယ်လို့ ကတိပေးအပ်ခဲ့ပါတယ်။

နမီဘီယာမှာ မစ္စတာဒေးဗစ်နဲ့ မစ္စတာအန်ဂူလာတို့ဟာ သာကေပြစရာမျိုးဆက်ဟောင်းတွေပါပဲ။ TCE အဖွဲ့ရဲ့ ဌာနခွဲအုပ်ချုပ်ရေးအရာရှိ မစ္စဂျိုဟန်စ်ကတော့ ၎င်းဆီလာရောက်တဲ့လူတွေကို နောက်ထပ်သတင်းဆိုးတွေ သယ်ဆောင်မလာရဖို့ မျှော်လင့်နေပါတယ်။ ၂၀၁၅ ခုနှစ်အတွင်းက နေ့ရက်တစ်ရက်ကို အမှတ်ရမိတယ်။ ကျွန်မဆီမှာ ပထမဆုံးအကြိမ် လာရောက်စစ်ဆေးတဲ့သူ ခြောက်ဦးရှိခဲ့ပြီး အဲဒီခြောက်ဦးစလုံးမှာ HIV ပိုး ရှိနေခဲ့တယ်။ အဲဒီနေ့တစ်နေ့ကို ဘယ်တော့မှ မေ့ပျောက်လို့မရနိုင်ခဲ့ဘူးလို့ မစ္စဂျိုဟန်စ်က စိတ်မကောင်းစွာ ဖွင့်ဟခဲ့ပါတယ်။ ။

**အေအက်ဖ်ပီ၊ ဘီဘီစီ**



နမီဘီယာမြို့တော် ဝင်းဟုပ်၌ HIV ဝေဒနာရှင်များအား ဆေးဝါးများပေးနေသည်ကို တွေ့ရစဉ်။

> **"ကမ္ဘာပေါ်မှာ HIV ပိုးကူးစက်ခံရမှု အမြင့်မားဆုံး နိုင်ငံတစ်ခု ဖြစ်ခဲ့ဖူးပေမယ့် ပြီးခဲ့တဲ့ ၁၅ နှစ် အတွင်းမှာ HIV ပိုး ကူးစက်ခံရမှုနှုန်း ထက်ဝက်လောက်ကို လျော့ကျသွားခဲ့ပါတယ်။ သို့သော်လည်း နိုင်ငံအတွင်းမှာ ရှိကြတဲ့ အသက် ၁၅ နှစ် ကနေ ၂၄ နှစ်အရွယ် အမျိုးသမီးငယ်တွေကြားမှာ ကူးစက်မှုနှုန်း မြင့်မားနေသေးတဲ့အတွက် ကျန်းမာရေး အာဏာပိုင်တွေအနေနဲ့ စိတ်ချလက်ချ နေလို့မရသေး"**



## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မွေးရာပါကလေးနှလုံးရောဂါလူနာ ၁၃ ဦးကို ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာချန်းဟောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်တို့သည် ဒီဇင်ဘာ ၅ ရက်က ရန်ကုန်မြို့ ရန်ကင်းကလေးဆေးရုံကြီး နှလုံးဆေးကုသဆောင်သို့ ရောက်ရှိခဲ့ကြပြီး နှလုံးဆေးကုသဆောင်တွင် တရုတ်နိုင်ငံ၌ ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်သော မွေးရာပါ ကလေးနှလုံးရောဂါလူနာ ၁၃ ဦးကို တွေ့ဆုံအားပေးခဲ့သည်။ **(ဝဲပုံ)**

တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ခြင်းအနေဖြင့် အဆိုပါ မွေးရာပါ ကလေးနှလုံးရောဂါလူနာ ၁၅ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Fuwai Yunnan Cardiovascular Hospital သို့ အောက်တိုဘာ ၁၀ ရက်က စေလွှတ်ပြီး အခမဲ့ခွဲစိတ်ကုသခြင်းများ ပြုလုပ်ခဲ့သည်။ ၎င်းတို့ထဲမှ တစ်ဦးသည် ခွဲစိတ်ကုသမှုမခံယူဖြစ်ဘဲ ကျန် ၁၄ ဦးမှာ အောင်မြင်စွာ ခွဲစိတ်ကုသမှုခံယူခဲ့ပြီး ၁၃ ဦးသည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် တစ်ဦးမှာ ကူမင်းမြို့တွင် ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း သိရသည်။

ခွဲစိတ်ကုသမှုခံယူပြီးသော ကလေးလူနာ ၁၃ ဦးကိုလည်း ရန်ကင်းကလေးဆေးရုံကြီးမှ ပါမောက္ခ၊ ကလေးနှလုံးအထူးကုဆရာဝန်ကြီးများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ကုသပေးခဲ့ပြီး ကလေးများမှာ ကျန်းမာလျက်ရှိကြောင်း ရန်ကင်းကလေးဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခိုင်က ပြောသည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**

## အများပြည်သူ၏အကျိုးကို ကာကွယ်ရန်လိုသည့်အတွက် မှန်ကန်သည့်ဆုံးဖြတ်ချက် ချမှတ်နိုင်အောင်ဆောင်ရွက်ကြရန် မကွေးတိုင်းဒေသကြီးဥပဒေချုပ် တိုက်တွန်း

**မကွေး ဒီဇင်ဘာ ၇**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများရှင်းလင်းပွဲကို မကွေးမြို့ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ နိုဝင်ဘာလနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းက ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အတွက် ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာအကြောင်းကို အမှန်တကယ် သိရှိနားလည်နိုင်အောင် လေ့လာပြီး မိမိကိုယ်မိမိ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ဥပဒေအရာရှိများဖြစ်လာအောင် ကြိုးစားကြရန်၊ ဥပဒေများကို နှံ့စပ်ကျွမ်းကျင်အောင် လေ့လာကြပြီး ပြည်သူလူထုကောင်းကျိုးကို အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ခြင်းဖြင့် လူတော်လူကောင်းများဖြစ်လာအောင် ကြိုးစားကြရန်၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်ရန်ဆိုရာတွင် တရားခံနှင့် တရားလို၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ခြင်းသာမက တရားလို၊ တရားခံမဟုတ်သည့် အများပြည်သူ၏ အကျိုးကိုလည်း ကာကွယ်ရန်လိုသည့်အတွက် အမှုနှင့်ပတ်သက်ပြီး မှန်ကန်သည့်ဆုံးဖြတ်ချက် ချမှတ်နိုင်အောင် ဆောင်ရွက်ကြရန် တက်ရောက်လာကြသည့် ဥပဒေအရာရှိများအား တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေအရာရှိက လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခြင်း၊ ခရိုင်ဥပဒေအရာရှိနှင့် မြို့နယ်ဥပဒေအရာရှိတို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြပြီး တိုင်းဒေသကြီးဥပဒေအရာရှိက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ ထိရောက်သည့် တရားစွဲခြင်းဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တုံ့ပြန်ရေးသင်တန်းပို့ချဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျ**



## မျိုးစေ့ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မန္တလေးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် မျိုးစေ့ပြပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ၏ မျိုးစေ့ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ WHH (ISSD Myanmar) က ကြီးမှူးကျင်းပသည့် မျိုးစေ့ပြပွဲကို မန္တလေးမြို့တွင် ပထမဆုံးအကြိမ်အဖြစ် မန္တလာသီရိအားကစားကွင်း၌ ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံရုံး၊ နယ်သာလန်အစိုးရကိုယ်စား နယ်သာလန်သံရုံး Agricultural Counsellor Mrs. Fredrrik Heijink နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီး ဝန်ကြီးချုပ်က ယနေ့ခေတ်သည် လျင်မြန်စွာ ပြောင်းလဲဖြစ်ထွန်းနေခြင်းကြောင့် ခေတ်စနစ်နှင့်အညီ မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရာတွင် အထွက်နှုန်းကောင်းစေရန် မျိုးသန့်မျိုးစေ့ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ပြီး စနစ်တကျ အသုံးပြုနိုင်စေရေးအတွက် လုံလောက်သည့်နည်းပညာနှင့် စိုက်ပျိုးမှုစနစ်များလည်း ဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ တတ်ကျွမ်းသည့်ပညာရှင်များ၊ တောင်သူများနှင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည်များကို ကြည့်ရှုသည်။ **(အပေါ်ပုံ)**

မျိုးစေ့ပြပွဲကို ဒီဇင်ဘာ ၆ ရက်အထိ ပြသခဲ့ပြီး အဆိုပါစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့မှ သီးနှံရှစ်မျိုး၏ မျိုးစေ့များကို အဓိကထား၍ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထွက်ရှိလာစေရန် နည်းပညာများ ပံ့ပိုးပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အေပီကေ (မန်းကိုယ်ပွား)**

## ဆစ်ပိုးများကျသဖြင့် စပါးအထွက်နှုန်း ထက်ဝက်ကျော်ခန့် လျော့နည်း

**သထုံ ဒီဇင်ဘာ ၆**

မွန်ပြည်နယ် သထုံမြို့နယ် မြောက်ဘက်ပိုင်းရှိ သက်ကြီးစပါး စိုက်ခင်းများတွင် ဆစ်ပိုး (ဒေသအခေါ်လှန်စိုက်) များ ကျရောက်သဖြင့် စပါးများ ဖြစ်ထွန်းအောင်မြင်မှုမရှိဘဲ ပုံမှန်အထွက်နှုန်းအောက် ထက်ဝက်ကျော်ခန့် လျော့နည်းနေရာ အခက်တွေ့နေရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ယခင်နှစ်များက ပုံမှန်တစ်ဧကလျှင် တင်း ၅၀ ခန့် ထွက်သည့် လယ်မှာ ယခုနှစ်တွင် ဆစ်ပိုးကြောင့် စပါးအဖျင်းများ ပြီး တစ်ဧကလျှင် ၁၅ တင်းခန့်သာ ထွက်ရှိကာ အချို့လယ်ခင်းများတွင် စပါး အစေ့ပင်မမြင်ရကြောင်း တောင်သူ ဦးစိုးသိန်းက ပြောသည်။

ယခုနှစ် မိုးရာသီတွင် အဆိုပါကွင်းများ၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ပြန်လည် စိုက်ပျိုးခဲ့ရပြီး ကုန်ကျစရိတ်ပိုမိုများပြားခဲ့ကြောင်း၊ စပါး ထွက်ချိန်၌လည်း ဆစ်ပိုးကြောင့် အထွက်နှုန်းကျပြီး ငွေရေးကြေးရေး အခက်အခဲများ ကြုံတွေ့နေရကြောင်း တောင်သူများက ဆိုကြသည်။

"ပြီးခဲ့တဲ့နှစ်နွေကတည်းက ဒါမျိုး မဖြစ်အောင် နှိုးဆော်ထားတယ်။ ဆစ်ပိုးကျနိုင်တယ်။ ကာကွယ်ဖို့ မီးရောင်ထောင်ချောက်တွေ ထားရမယ်။ နွေထယ်ရေးခံဖို့၊ ရိုးပြတ်တွေ မီးရှို့တာတွေလုပ်ဖို့ လိုတယ်။ အချို့ကျတော့လည်း လိုက်လုပ်တယ်။ အချို့ကတော့လည်း လိုက်မလုပ်ဘူး။ တစ်ဆင့်ပြီးတစ်ဆင့် ကူးတာပေါ့။ ဒီအချိန်မှာတော့ လာမယ့်နှစ်မှာ ဒီလိုမဖြစ်အောင် ကြိုတင်ကာကွယ်တာမျိုးပဲ လုပ်လို့ရမယ်။ အခုချိန်ကတော့ ကျွန်တော်တို့ စံကွက်တွေလိုက်ရိတ်ရင်း ဘာကြောင့် အထွက်နှုန်းကျတယ်ဆိုတာ စစ်တမ်းလိုက်ကောက်တာမျိုး လုပ်နေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောခင်ကျော်မြင့်က ပြောသည်။

အဆိုပါ ဆစ်ပိုးရောဂါကျရောက်မှုသည် သက်ငယ်နှင့် သက်လတ်စပါးမျိုးများတွင် ဖြစ်ပေါ်ခဲ့ခြင်းမရှိဘဲ သက်ကြီးစပါးမျိုးများတွင် ဖြစ်ပေါ်ကြောင်း၊ သထုံမြို့နယ် မြောက်ဘက်ကွင်းများဖြစ်သည့် နောင်ဘို၊ ဇရစ်ချောင်၊ နောင်ကုလား၊ မရမ်းကုန်း၊ ဆိပ်ကျွန်းစသည့်ကွင်းများတွင် ဖြစ်ပွားနေကြောင်း သိရသည်။

**သက်ဦး (သထုံ)**



## (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**လွိုင်ကော် ဒီဇင်ဘာ ၇**

လာမည့် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၄ ရက်က ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(ဝဲပုံ)**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့နှင့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့တို့အတွက် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ကော်မတီများအနေဖြင့် လိုအပ်သည့် အခက်အခဲများရှိပါက ရှင်းလင်းဆွေးနွေးရန် လိုအပ်ကြောင်း၊ ပွဲတော်နေ့တွင် ဖိတ်ကြားသင့်သူများကို ကျန်ရှိမှု မရှိစေရေး စနစ်တကျ ဖိတ်ကြားဆောင်ရွက်သွားရန်၊ လုံခြုံရေးနှင့်ပတ်သက်ပြီး လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ ဌာနများအနေဖြင့်လည်း ပူးပေါင်းချိတ်ဆက်ရမည့် ကဏ္ဍများကို ချပြဆွေးနွေးပေးစေလိုကြောင်း၊ အစိုးရအဖွဲ့ကလည်း လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ထွန်းလေး**



# စကားလုံးနှင့် အနက်အဓိပ္ပာယ်(၁၂)

## မောင်ခင်မင် (ဓနုဖြူ)

**“အဲဒီမှာ မှတ်သားစရာရှိတယ်။ တချို့ဆက်သွယ်မှုတွေက လိုအပ်ချက်အရ ၊ လိုအပ်လို့ဆက်သွယ်မှု ဖြစ်နေတာပါ။ ‘မျက်နှာ’ နဲ့ ‘ပါးစပ်’ ဆိုပါတော့။ ဒီစကားလုံးနှစ်လုံးမှာ လိုအပ်ချက်အရ ဆက်သွယ်တဲ့ အနက်ဆက်သွယ်မှုရှိတယ်။ ‘မျက်နှာ’မှာ ‘ပါးစပ်’က ပိုလိုအပ်တယ်မဟုတ်လား။ မျက်နှာမှာ ပါးစပ်မပါလို့ ဘယ်ပြည့်စုံမလဲ။ အဲဒီလိုပဲ ‘ကား’နဲ့ ‘အင်ဂျင်’ တို့၊ ‘ဘီး’ တို့ရဲ့ဆက်သွယ်မှု၊ ‘အိမ်’ နဲ့ ‘အမိုး’ ‘အကာ’ တို့ရဲ့ ဆက်သွယ်မှုတွေက လိုအပ်ချက်အရ ဆက်သွယ်မှုတွေပေါ့”**

“ အနက်အကျုံးဝင်တာနဲ့ တစ်ဆက်တည်းပြောဖို့ရှိတာက အကျုံးဝင်ပုဒ်လို့ခေါ်တဲ့၊ စောစောကပြောခဲ့တဲ့ ‘ ခွေး၊ နွား၊ ဆင်၊ မြင်း ’ တို့၊ ‘ ဖြူ၊ နီ၊ ပြာ၊ ဝါ ’ တို့ ‘ စိမ်း၊ မြ၊ ပတ္တမြား၊ နီလာ’ တို့ စသည်ဖြင့်ပေါ့။ အဲဒီစကားလုံးတွေ အချင်းချင်းကတော့ တစ်ခုနဲ့တစ်ခု အနက်အကျုံးဝင်မှုမရှိဘူး။ အနက်အကျုံးမဝင်ဘူးဆိုတဲ့ အချက်ပဲကွဲ့ ”

“ အနက်အကျုံးမဝင်ဘူးဆိုတာက တစ်ခုနဲ့တစ်ခု မပတ်သက်ဘူးလို့ ပြောတာလား ဘဘ ”

“အဲဒီလိုပြောလို့ရပါတယ်။ ဆိုလိုတာက ‘ ခွေး ’ နဲ့ ‘ နွား’ဆိုပါတော့။ ‘ ခွေး’ က ‘နွား’ထဲမှာ အကျုံးမဝင်ဘူး။ ‘ နွား ’ ကလည်း ‘ ခွေး ’ ထဲမှာ အကျုံးမဝင်ဘူး။ ဒါကြောင့် တိရစ္ဆာန်တစ်ကောင်ဟာ တစ်ချိန်တည်းမှာ ‘ ခွေး ’ ရော၊ ‘နွား’ ရော တစ်ပြိုင်တည်းမဖြစ်နိုင်ဘူးလို့ ဆိုလိုတာပေါ့ ”

“ သြော်... ဟုတ်ကဲ့ပါ။ အဲဒီလိုပဲ၊ အရောင်တစ်ရောင်ဟာ တစ်ချိန်တည်းမှာ အနီရော၊ အစိမ်းရော တစ်ပြိုင်တည်းမဖြစ်နိုင်ဘူးလို့ ဆိုနိုင်မှာပေါ့နော် ဘဘ ”

“ ဟုတ်ပါတယ်။ အဲဒီသဘောပဲ။ နောက်တစ်ခုက သမီးမှတ်မိမှာပေါ့။ အဲဒီလို အနက်အကျုံးမဝင်တဲ့ သီးသန့်စကားလုံးတွေဟာ တစ်ခုနဲ့တစ်ခု အနက်ချင်းလည်း ဆန့်ကျင်နေတယ်လေ။ နယ်ပြတ်တဲ့အနက်ဆန့်ကျင်မှုထဲမှာပါတယ်။ မှတ်မိရဲ့လား”

“ မှတ်မိပါတယ် ဘဘ။ ‘ ဖြူ၊ နီ၊ ပြာ၊ ဝါ၊ စိမ်း ’ဆိုတဲ့ စကားကတော့ အနက်ချင်းဆန့်ကျင်တဲ့အတွက် ဖြူတယ်ဆိုရင် တခြားဘယ်အရောင်မှ မဟုတ်ဘူး။ ‘ ဖြူတယ် ’ ဆိုတာမှန်ရင် တခြားအရောင်အားလုံး မှားတယ်ပေါ့ ”

“ ဟုတ်ပါတယ်။ နောက်အပြန်အလှန်ရှိသေးတယ်လေ ”

“ သြော် ဟုတ်ကဲ့။ ဖြူတယ်ဆိုတာ မှားတယ်ဆိုရင်တော့ ဘယ်အရောင်ဖြစ်မယ်ဆိုတာ မပြောနိုင်တဲ့အတွက် ဘယ်အရောင်မှန်တယ်လို့ အသေအချာ မပြောနိုင်ပါဘူး ဘဘ ”

“ ဟုတ်ပြီ၊ ဟုတ်ပြီ။ အဲဒီအဆက်အစပ်ကလေးကို သတိပြုမိစေချင်လို့ပါ။ နောက်တစ်ချက်က အဲဒီသီးသန့်စကားလုံးတွေမှာ တချို့က အစီအစဉ်စနစ်မရှိဘူး။ ကြိုက်သလိုစီစဉ်နိုင်တယ်။ တချို့ကတော့ အနက်တစ်ခုနဲ့ စီစဉ်ထားတာမို့ အစီအစဉ်ရှိတယ် ”

“ အစီအစဉ်စနစ်ဆိုတာ သမီးနားမလည်ပါဘူး ဘဘ ”

“ ဒီလိုလေ။ ခုပြောခဲ့တဲ့ ‘ ဖြူ၊ နီ၊ ပြာ၊ ဝါ ’ ဆိုပါတော့။ အလယ်စကားလုံးတွေပြောရင် ဒီလေးလုံးမှာ ဘယ်စကားလုံးကို သမီး စပြောမလဲ ”

“ ဘယ်စကားလုံးစပြောရမယ်လို့ စနစ်မရှိဘူးထင်ပါတယ် ဘဘ ”

“ ကဲ... အဲဒါကို စနစ်လို့ပြောတာပေါ့။ ဒီစကားလုံးတွေဟာ စနစ်တစ်ခုနဲ့ စီစဉ်ထားတာမဟုတ်လို့ ဘယ်စကားလုံးက စပြောရမယ်လို့ သတ်မှတ်ချက်မရှိဘူးလေ။ ‘ ဝါ၊ နီ၊ ဖြူ၊ ပြာ’ လို့ ပြောပြော၊ ‘ နီ၊ ဖြူ၊ ပြာ၊ ဝါ ’လို့ ပြောပြော၊ ‘ ပြာ၊ နီ၊ ဝါ၊ ဖြူ ’ လို့ ပြောပြော ကြိုက်သလိုပြောလို့ရတယ်။ တခြားစကားလုံးတွေလည်း ဒီသဘောပဲ ”

“ ဟုတ်တာပေါ့နော် ဘဘ ။ ‘ စိမ်း၊ မြ၊ ပတ္တမြား၊ နီလာ ’ လို့ပြောပြော၊ ‘ မြ၊ စိမ်း၊ နီလာ၊ ပတ္တမြား ’ လို့ပြောပြော ကြိုက်သလိုပြောလို့ရတယ် ”

“ ကဲ... တစ်ခုတော့ရှိတယ်။ တစ်ခုက တစ်ခုထက်မြင့်တယ်၊ နိမ့်တယ်၊ ကောင်းတယ်၊ ညံ့တယ်ဆိုတာမျိုးမရှိရအောင် ဒီနေ့ ကျင့်သုံးနေတဲ့ စနစ်တစ်ခုတော့ရှိတယ်။ အက္ခရာစဉ်စနစ်လေ။ ဘယ်အစိတ်အပိုင်းတွေကိုဖြစ်ဖြစ် အက္ခရာစဉ်စနစ်နဲ့ စီစဉ်လို့ရတာချည်းပဲ။ အခုဘဘပြောတဲ့စနစ်က အက္ခရာစဉ်စနစ်လို့ ဆိုလိုတာ မဟုတ်ဘူးကွဲ့ ”

“ ဟုတ်ကဲ့ပါ ”

“ စနစ်တစ်ခုခုနဲ့စီစဉ်ထားတဲ့ စကားလုံးတွေဆိုတာက ‘ တစ်၊ နှစ်၊ သုံး၊ လေး ’၊ ‘ ပထမ၊ ဒုတိယ၊ တတိယ ’၊ ‘ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ ’ ဆိုတဲ့ စကားလုံးမျိုးတွေပေါ့”

“ ဟုတ်ကဲ့ပါ ”

“ ကိန်းဂဏန်းတွေ၊ လအမည်တွေ၊ နေ့အမည်တွေက တစ်ခုနဲ့တစ်ခု အစီအစဉ်စနစ်တကျရှိတယ်လေ။ ဒီအစီအစဉ်အတိုင်း ပြောရရေးရတယ်။ အစီအစဉ်ဖောက်လို့မရဘူး ”

“ ဟုတ်ကဲ့ပါ ”

“ အဲဒီအစီအစဉ်အတိုင်း၊ ရှေ့နောက်ပြန်လို့တော့ရတာပေါ။ ‘ တစ်၊ နှစ်၊ သုံး၊ လေး ’ လို့ ငယ်စဉ်ကြီးလိုက် ပြောနိုင်သလို ‘လေး၊ သုံး၊ နှစ်၊ တစ် ’ လို့ ကြီးစဉ်ငယ်လိုက်လည်းပြောနိုင်တာပေါ့။ တစ်နှစ်မှာရှိတဲ့ ၁၂ လကို ဇန်နဝါရီက ဒီဇင်ဘာအထိ ရှေ့တိုးပြီး ပြောနိုင်သလို ဒီဇင်ဘာကနေ နောက်ပြန်ပြီး ဇန်နဝါရီအထိလည်း ပြောနိုင်တယ်မဟုတ်လား”

“နားလည်ပါပြီ ဘဘ”

“အချိန်ကာလအစီအစဉ်ကိုပြောရင် နှစ်၊ လ၊ ရက်၊ နာရီ၊ မိနစ်၊ စက္ကန့် ဆိုပြီး ပြောတာမျိုးက စနစ်တစ်ခုနဲ့စီစဉ်ထားတဲ့ အစဉ်အတိုင်းပြောတာပဲပေါ့”

“ဟုတ်ကဲ့ပါ”

“နောက်ဆက်သွယ်မှုတစ်မျိုးက ‘ကိုယ်ခန္ဓာ’ နဲ့ ‘လက်’နဲ့ ဆက်သွယ်မှုမျိုးပဲကွဲ့။ အဲဒါကို ဘယ်လိုဆက်သွယ်မှုမျိုးလို့ ပြောမလဲ။ သမီးပြောကြည့်ပါလား”

“ ‘ ကိုယ်ခန္ဓာ’နဲ့ ‘လက်’ ဆိုတော့၊ ဟာ... သမီးသိပြီ၊ ‘ကိုယ်ခန္ဓာ’က တစ်ခုလုံး၊ ‘လက်က’ အစိတ်အပိုင်း၊ ဒီတော့ တစ်ခုလုံးနဲ့ အစိတ်အပိုင်း ဆက်သွယ်မှုပေါ့ ဘဘ”

“ဟုတ်ပါတယ်။ တစ်ခုလုံးနဲ့ အစိတ်အပိုင်းဆက်သွယ်မှုပါ။ ‘အိမ်’နဲ့ ‘အမိုး’၊ ‘ကား’ နဲ့ ‘ဘီး’၊ ‘ခွေး’ နဲ့ ‘အမြီး’၊ ‘နွား’ နဲ့ ‘ဦးချို’၊ ‘ပန်း’ နဲ့ ‘ပွင့်ဖတ်’ စသည်ဖြင့်ပေါ့။ အရာဝတ္ထုတစ်ခုလုံးနဲ့ အဲဒီအရာဝတ္ထုထဲမှာပါတဲ့ အစိတ်အပိုင်းတွေဖော်ပြတဲ့ စကားလုံးချင်း အနက်ဆက်သွယ်မှုတွေပဲပေါ့”

“ဟုတ်ကဲ့ပါ”

“အဲဒီမှာ မှတ်သားစရာရှိတယ်။ တချို့ဆက်သွယ်မှုတွေက လိုအပ်ချက်အရ ၊ လိုအပ်လို့ဆက်သွယ်မှု ဖြစ်နေတာပါ။ ‘မျက်နှာ’ နဲ့ ‘ပါးစပ်’ ဆိုပါတော့။ ဒီစကားလုံးနှစ်လုံးမှာ လိုအပ်ချက်အရ ဆက်သွယ်တဲ့ အနက်ဆက်သွယ်မှုရှိတယ်။ ‘မျက်နှာ’ မှာ ‘ပါးစပ်’က ပိုလိုအပ်တယ်မဟုတ်လား။ မျက်နှာမှာ ပါးစပ်မပါလို့ ဘယ်ပြည့်စုံမလဲ။ အဲဒီလိုပဲ ‘ကား’နဲ့ ‘အင်ဂျင်’ တို့၊ ‘ဘီး’ တို့ရဲ့ဆက်သွယ်မှု၊ ‘အိမ်’ နဲ့ ‘အမိုး’ ‘အကာ’ တို့ရဲ့ ဆက်သွယ်မှုတွေက လိုအပ်ချက်အရ ဆက်သွယ်မှုတွေပေါ့”

“လိုအပ်ချက်အရမဟုတ်တဲ့ ဆက်သွယ်မှုမျိုးရောရှိသလား ဘဘ”

“ရှိတယ်လေ။ ‘အင်္ကျီ’ နဲ့ ‘ကော်လံ’ ဆက်သွယ်မှုမျိုး၊ ‘အိမ်’ နဲ့ ‘ကားရုံ’ ဆက်သွယ်မှုမျိုးပေါ့။ အင်္ကျီမှာ ကော်လံက မရှိမဖြစ်မဟုတ်ဘူး။ ကော်လံမပါတဲ့ အင်္ကျီလည်း ရှိတာပဲလေ။ အဲဒီလိုပဲ ‘အိမ်’ မှာ ‘ကားရုံ’ဟာ မရှိမဖြစ် ဆက်သွယ်မှုမှ မဟုတ်တာ။ ကားမရှိတဲ့ အိမ်မှာ ကားရုံရှိဖို့ မလိုဘူးလေ။ အဲဒီသဘောကိုပြောတာပါ”

“ဟုတ်ကဲ့ ဘဘ”

“နောက် အဲဒီဆက်သွယ်မှုမှာ တချို့က တစ်ခုလုံးနဲ့ အစိတ်အပိုင်းနဲ့ ဆက်သွယ်ပုံက တစ်ဆင့်ပြီးတစ်ဆင့် တောက်လျှောက် ဆက်သွယ်မှုရှိတယ်။ ဆိုပါတော့။ ‘ကိုယ်ခန္ဓာ- ဦးခေါင်း- မျက်နှာ- မျက်စိ- သူငယ်အိမ် ’ဆိုတဲ့ ဆက်သွယ်မှုကိုကြည့်ရင် ‘ကိုယ်ခန္ဓာ’ နဲ့ ‘ဦးခေါင်း’ က တစ်ခုလုံးနဲ့ အစိတ်အပိုင်းဆက်သွယ်တာလေ။ တစ်ခါ ‘ဦးခေါင်း’ က တစ်ခုလုံးဖြစ်ပြီး ‘မျက်နှာ’က အစိတ်အပိုင်းဖြစ်ပြန်ရော မဟုတ်လား။ မျက်နှာရဲ့ အစိတ်အပိုင်းက မျက်စိ၊ မျက်စိရဲ့အစိတ်အပိုင်းက ‘သူငယ်အိမ်’ ပေါ့။ အဲဒီလိုပဲ ‘လက်- လက်မောင်း- လက်မ- လက်သည်း’ ဆိုတဲ့ ဆက်သွယ်မှုမျိုးလည်း အတူတူပဲ”

“ဟုတ်ကဲ့ပါ”

“အဲဒီဆက်သွယ်မှုမှာ အကြီးဆုံးကနေ အသေးဆုံးအထိ တစ်ခုလုံးနဲ့ အစိတ်အပိုင်းဆက်သွယ်မှုချည်းပဲ။ တောက်လျှောက် ဆက်သွယ်မှုဖြစ်လို့ အကြီးဆုံးဖြစ်တဲ့ကိုယ်ခန္ဓာရဲ့ အစိတ်အပိုင်းဆိုရင် ကျန်တဲ့ဦးခေါင်းကနေ သူငယ်အိမ်အထိ အားလုံး ကိုယ်ခန္ဓာရဲ့အစိတ်အပိုင်းချည်းပဲ မဟုတ်လား”

“ဟုတ်ပါတယ် ဘဘ”

“ကဲ... နောက်ဆုံးဆက်သွယ်မှုက အစုနဲ့ အစုဝင်ဆက်သွယ်မှုလို့ ခေါ် နိုင်ပါတယ်။ ‘တောအုပ်’ နဲ့ ‘သစ်ပင်’ ဆက်သွယ်မှုမျိုးပေါ့။ တောအုပ်ဆိုတာ သစ်ပင်တွေစုနေတဲ့အစု၊ အဲဒီအစုထဲမှာ သစ်ပင်တွေက အစုဝင်တွေပေါ့။ အဲဒီလိုပဲ ‘အစိုးရအဖွဲ့’ နဲ့ ‘ ဝန်ကြီး’၊ ‘လွှတ်တော်’ နဲ့ ‘လွှတ်တော်ကိုယ်စားလှယ်’၊ ‘စာကြည့်တိုက်’ နဲ့ ‘စာအုပ်’၊ ‘ကုန်တိုက်’ နဲ့ ‘ကုန်ပစ္စည်း’ ဆိုတဲ့ စကားလုံးတွေရဲ့ဆက်သွယ်ပုံကိုကြည့်ရင် အနက်အဓိပ္ပာယ်ချင်း အစုနဲ့ အစုဝင် ဆက်သွယ်မှုဖြစ်တယ်ဆိုတာ တွေ့နိုင်ပါတယ်”

“စိတ်ဝင်စားစရာကောင်းပါတယ် ဘဘ”

“ကဲ... ဒီလောက်ဆိုရင်တော့ ဘဘတို့၊ သမီးတို့ နေ့တိုင်း ပြောနေ ဖတ်နေတဲ့ စကားတွေ စာတွေထဲက စကားလုံးတွေမှာ အနက်အဓိပ္ပာယ်အမျိုးမျိုးရှိပုံ မြုံမိလောက်ပါပြီ။ နောက်တစ်ဆင့်အနေနဲ့ လက်တွေ့ပြောဆိုသုံးနှုန်းရာမှာ တွေ့ရတဲ့ အနက်အဓိပ္ပာယ်သဘောတွေ ကြည့်ကြသေးတာပေါ့”

“ဟုတ်ကဲ့ဘဘ”။ ။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၆၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၅/၉၉၅ ကျပ် | ၉၉၀/၁၀၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၁၀ ကျပ် | ၁၀၀၅/၁၀၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၄၀ ကျပ် | ၈၇၀/၉၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၉၀၀ ကျပ် | ၉၄၀/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၅၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၃ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၈ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၁ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၃ · ၀ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၂၆· ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၅၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၀၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ · ၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၅၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၅၀၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# အဆိုတော်ရင်ဂို သားဖြစ်သူ ဟန်ထူးလွင် (Big Bag) နှင့် သမီး ဟန်နေလွင်လွင်တို့နှင့်အတူ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲ ပြုလုပ်ချင်ကြောင်းသိရ



ဂီတသက်တမ်း ၂၅ နှစ်ကျော်ပြီဖြစ်သည့် အဆိုတော်ရင်ဂိုသည် ‘အရူးအမူး’ တေးစီးရီးထဲက ‘ပကာသနဇာတ်ပျက်သမား’ သီချင်းနှင့် ဂီတလောကထဲရောက်ရှိလာခဲ့သူဖြစ်ပြီး ‘ကဗျာ’ ဟု အမည်ရသည့် တေးသီချင်းကို ၂၀၀၂ ခုနှစ်က သီဆိုထွက်ရှိခဲ့ပြန်ရာ အောင်မြင်သည့်တေးဂီတသမားတစ်ဦးအဖြစ် ဂီတလမ်းကြောင်းပေါ်ကို ရောက်ရှိခဲ့သည်။ ထပ်မံပြီး ‘အတောင်ပံပါရင်မင်းဆီကို’ သီချင်းဖြင့် ပရိသတ်အတွက် အကောင်းဆုံးဖန်တီးနိုင်ခဲ့သည်။ ယခုအချိန်တွင် ဂီတအလုပ်များ လှုပ်ရှားမှုနည်းသွားသော်လည်း ‘၂၅ ရာခိုင်နှုန်း’ ဟုအမည်ပေးထားသည့် တေးစီးရီးကို နောက်ဆုံးထွက်ရှိခဲ့ကြောင်း သိရသည်။

**မေး - အစ်ကိုရဲ့ ဂီတအမွေကို သားနဲ့သမီးကို ပေးခဲ့တဲ့အပေါ် အစ်ကိုရဲ့ခံစားချက်လေး။**

ဖြေ - ကိုယ့်ကလေးနှစ်ယောက်လုံးကို ငယ်ငယ်ကတည်းက ဘာဖြစ်ရမယ်၊ ဘာလုပ်ရမယ်လို့ မသွန်သင်ခဲ့ဘူး။ Guide လည်း မလုပ်ပါဘူး။ အရွယ်လေးတွေ ရလာတဲ့အချိန်မှာ သူတို့ဘာသာကြိုးစားလာတာလေးတွေ တွေ့ရတယ်။သူတို့ရဲ့ စိတ်ကူးလေးတွေကိုလည်း အကောင်အထည်ဖော်လာနိုင်ကြတယ်။ အဲဒီအတွက် ဂီတကိုမြတ်နိုးတဲ့ အဖေတစ်ယောက်အနေနဲ့ အလွန်ဝမ်းသာရတယ်။ ဂုဏ်လည်းယူတယ်။ သမီး Hannay Lwin Lwin ဆို ရော့ခ်သီချင်းတွေ ဒီလောက်အထိ ကြိုက်လာလိမ့်မယ်လို့လည်း မထင်ထားဘူး။ သူက စာသိပ်ကျက်တဲ့ စာကြမ်းပိုးလေးလေ။ နောက်တစ်ခု ပြောချင်တာက ဒါတွေက သူ့ဟာသူ သူ့စိတ်ထဲက၊ သွေးထဲက ဘယ် လိုပေါ်လာသလဲမသိဘူး။ ပြီးခဲ့တဲ့ ခုနစ်နှစ်လောက်ကစပြီး ဒီဂီတပိုင်းကိုပဲ လုပ်တော့မယ်လို့ သူပဲဆုံးဖြတ်တာ။ အဲလိုနဲ့ သမီးက သီချင်းတွေလုပ်မယ်ဆိုပြီး သူရေးထားတဲ့သီချင်းတွေကို အဖေကိုလာပြတော့လည်း ရော့ခ်သီချင်းတွေ လုပ်မယ်လို့ မထင်ခဲ့ဘူး။ ဂစ်တာတီးပြီဆိုတာနဲ့ သမီးက ရှေးဟောင်းသီချင်းတွေကိုပဲ နားထောင်တာ တွေ့ရတယ်။ ၁၉၇၀၊ ၁၉၈၀ လောက်က သီချင်းတွေကိုပဲ သူနားထောင်တယ်။ သူကစင်ကာပူမှာ ကျောင်း တက်တာဆိုတော့။ စင်ကာပူမှာက ပွဲတွေမှာ တီးပြီးတော့ သီချင်းတွေများများဆိုတယ်။ တီးတယ်။ ဒါတွေကို တွေ့ရ တော့ ဖခင်တစ်ယောက်အနေနဲ့ ကြိတ်ပြီးတော့ဝမ်းသာပါတယ်။

**မေး - သားအဖသုံးယောက်ပေါင်းပြီး ဖျော်ဖြေပွဲလုပ်ဖို့ရှိလား။**

ဖြေ - ကိုယ့်အနေနဲ့ ဒီလိုဖျော်ဖြေပွဲလုပ်ဖို့ စိတ်ကူးထားပါတယ်။ သူတို့ကလည်း အလုပ်တွေရှုပ်နေလို့ လောလောဆယ်တော့မလုပ် ဖြစ်သေးတာပါ။ သူတို့တွေ အားရင်တော့ ကိုယ့်ဘက်က အဆင်သင့်ပါပဲ။ ကိုယ့်ရဲ့ဆန္ဒကတော့ Band သုံးခုနဲ့ တီးခတ်ချင်တယ်။ ကိုယ်ကတော့ ကိုယ့် Band နဲ့ ကိုယ်ပေါ့။ အင်ပါယာ Band နဲ့ ကိုယ်ကဆိုမယ်။ သူတို့ကလည်း သူတို့ Band သူတို့ဆိုမယ်ပေါ့။ အဲဒီလိုတော့ စိတ်ကူးထားပါတယ်။ အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင်တော့ ကြိုးစားမှာပါ။

**မေး - လက်ရှိ ဂီတလောကအပေါ် အစ်ကိုရဲ့အမြင်**

ဖြေ - ကိုယ်ကတော့ ဂီတလောကအပေါ် သုံးသပ်တာတို့ ဘာတို့ သိပ်မပြောတတ်ပါဘူး။ အမြဲတမ်းရှေ့တန်းမှာ နေတတ်တဲ့သူလည်းမဟုတ်ဘူးလေ။ ကိုယ်က အမြဲတမ်း နောက်တန်းမှာနေတဲ့သူ။ အမြင်မှာတော့ ညီညီညွတ်ညွတ်နဲ့ ကြိုးစားရမှာပဲ။ ကိုယ့် အလုပ်ကို လုပ်နေကြရမှာပဲလေ။ ဘယ်သူကတော့ ခွေထွက်တာ အဆင်မပြေဘူးလို့လည်း စဉ်းစားနေလို့မရဘူး။ ဦးလည်း မနှစ်က အခွေလေးတစ်ခွေထွက်ခဲ့တယ်လေ။ တကယ်တမ်း မြန်မာပြည်က လူအရေအတွက်နဲ့ဆိုရင် ကိုယ်ရောင်းရတဲ့ အခွေကတော်တော်နည်းတယ်။ ဒါကိုလည်း စိတ်ဓာတ်ကျနေလို့ မဖြစ်ဘူးလေ။ဒီခွေထွက်ခြင်းအားဖြင့် စင်ပေါ်ကိုတက်ပြီး သီချင်းဆိုဖို့ အခွင့်အရေးတွေ ရလာတယ်လေ။ သီချင်းခွေထုတ်တာရှုံးလို့ ထိခိုက်နစ်နာဆုံးရှုံးတယ်ဆိုပေမယ့် ဝမ်းနည်းပူဆွေးထိခိုက်နေလို့လည်းမဖြစ်ဘူး။ ရှေ့ဆက်ပြီး ကြိုးစားနေဖို့ပဲ လိုတယ်လို့ ပြောချင်ပါတယ်။ **ကိုလင်း**




# စတုတ္ထမြောက် တစ်ကိုယ်တော်ခွေကို ‘နောင်တ’ အမည်နှင့် ထွက်ရှိလာမည့် ထူးအယ်လင်း

ဂီတသက်တမ်း ၁၇ နှစ်ရှိပြီဖြစ်သည့် အဆိုတော်ထူးအယ်လင်းက ‘အိန်ဂျယ်တယော’ အမည်ဖြင့် ပထမဆုံးတစ်ကိုယ်တော်ခွေထွက်ခဲ့ပြီး စတုတ္ထမြောက်စီးရီးဖြစ်သည့် ‘နောင်တ’ ဟု အမည်ရသည့် တစ်ကိုယ်တော်စီးရီးကို ဒီဇင်ဘာလကုန်တွင် ထွက်ရှိရန်ပြင်ဆင်နေကြောင်း သိရသည်။ အဆိုပါတေးစီးရီးတွင် တေးရေး လိန်သုန်ကမ်းခင်၊ ကိုဆု၊ စောနဲသာ၊ ချစ်နိုင်၊ ဖိုးတုံ၊ ဝေလ၊ အောင်ဖြိုး၊ ကော်ပရာတို့ ရေးသားထားသောတေးသီချင်း ၁၀ ပုဒ် ပါဝင်မည်ဟု သိရသည်။

“ကျွန်တော်ရဲ့တစ်ကိုယ်တော် နောင်တ သီချင်းခွေထွက်ပါမယ်။ နောင်တလို့ နာမည်ပေးပေမယ့် အနုပညာက သတ်သတ်၊ ကိုယ့်ကသတ်သတ်ပါ။ ဒါပေမယ့် ကျွန်တော်တို့လည်း တစ်ချိန်ကမှားခဲ့ဖူးပါတယ်။ ပြောချင်တာကတော့ နောက်တစ်ခါထပ်မှားခြင်းတော့ မရှိသင့်ဘူးပေါ့။ လူတိုင်းက အလုပ်လုပ်နေတာဆိုတော့ အမှားမကင်းပါဘူး။ နေ့တိုင်းပြောပါလျက်နဲ့ မတတ်တာကစကားတဲ့၊ နေ့တိုင်းစားပါများပေမယ့် မဝတာကအစားတဲ့။ စာဆိုတွေရှိတော့ အမှားတွေအတွက် နေ့တိုင်းဆင်ခြင်လုပ်ဆောင်ရပါတယ်။ လူတိုင်းမှာ နောင်တရှိတယ်။ ထူးအယ်လင်းမှာလည်း နောင်တရှိပါတယ်။ လူတိုင်းက အမှားမရှိဘူးလို့မရှိဘူး။ မှားတာအမှားပဲ၊ ကြီးကြီးနဲ့ သေးသေးပဲကွာတယ်။ နောင်တသီချင်းလေးနားထောင်ကြည့်မှ သိလိမ့်မယ်။ သီချင်းကတော့ ၁၀ ပုဒ်ပါမယ်။ တေးရေးဆရာတွေကတော့ ဝေလ၊ အောင်ဖြိုး၊ ကော်ပရာ၊ ဖိုးတုံ၊ စောနန္ဒ၊ ကိုစုပါတယ်။ လက်ရှိချင်းလူမျိုးယောက္ခထီးရေးထားတာပါတယ်။ နောင်တသီချင်းကိုတော့ ကော်ပရာ ရေးထားတယ်”ဟု ဆိုသည်။

ပရိသတ်အကြိုက်ထပ်တူကျသည့် တေးသီချင်းတွေကို ဖန်တီးခဲ့ပြီး ယခုကဲ့သို့ ဖန်တီးဖြစ်ပုံနှင့်ပတ်သက်ပြီး “လူတစ်ယောက်ဟာရိုးသားမှုပဲ။ ကိုယ့်သီချင်းကို စေတနာထားတယ်။ ကိုယ်တိုင်ရင်ဘတ်ထဲမှာနှစ်သက်မှ ပရိသတ်ကို ချပြတယ်။ ဒါမှ ပရိသတ်ကလည်း ရင်ဘတ်ထဲကိုထိတာ။ ကိုယ်တိုင်ရင်ဘတ်ထဲကဆိုမှ ပရိသတ်ကကြိုက်နှစ်သက်တယ်။ သီချင်းတစ်ပုဒ်ကို အရင်နားနဲ့ နားထောင်ပြီးတော့ ဦးနှောက်ဆီရောက်ပြီး နှလုံးသားဆီ ရောက်တာပါ။ သီချင်းတစ်ပုဒ်ကို ပန်းချီကားတစ်ချပ်ဆွဲသလို ခံစားပြီးတော့ ဆိုဖြစ်ပါတယ်။ ကိုယ်ပိုင်စိတ်ထဲရှိမှ သီချင်းဆိုဖြစ်တယ်။ ပရိသတ်လည်း စိတ်ထဲရှိမှ နားထောင်လို့ရတာပါ။ ပထမဆုံးစီးရီးအောင်မြင်တော့ ပျော်တယ်လေ။ အရူးအမဲသားကျွေးသလိုပေါ့။ ဝမ်းတွင်းရူးတွေက ဘာပဲပြောပြော၊ လူဆိုတာအောင်မြင်မှုကို မက်မောကြတာပဲလေ။ အကုန်လုံးပါပဲ။ အောင်မြင်မှုဆိုတာ ခုနောက်ပိုင်းက ညှီစော်နံလာတယ်၊ ငြီးငွေ့တယ်။ သူတို့ထက်ငါများလာတော့ မောဟတွေလည်း များလာကြတယ်။ လောဘနဲ့ အတ္တတွေလည်း ပိုကြီးလာတယ်။ အခု လူကအဲဒီဒဏ်တွေကို ဖီလင်မရှိတော့ဘူး။ ကိုယ်လုပ်ချင်တဲ့ အလုပ်ကိုဖြောင့်ဖြောင့်တန်းတန်းပဲလုပ်မယ်၊ မလုပ်ချင်လည်း မလုပ်တော့ဘူး။ ကြာလာတော့ ငြီးငွေ့လာပါတယ်။ ကိုယ့်ခွေထဲက ငါ့သမီးစာကျက်နေတယ်ဆိုလည်း အောင်မြင်ဖူးတာပဲ။ တွဲလက်များရော၊ အိန်ဂျယ်တယောစခဲ့တာ၊ အချစ်လို့ခေါ်သလားပေါ့။ ထာဝရခရီးသည် စတဲ့သီချင်းတွေ ခဏခဏအောင်မြင်ဖူးတယ်။ ကြာတော့ ဘာမှလည်း မဟုတ်ဘူး။ ကိုယ့်ဖို့ကိုယ်ရှာတာရော လောက်လားမေး မလောက်ပြန်ဘူး။ ပြည့်စုံတဲ့ဘဝဆိုတာလည်းမရှိဘူး။ ပြည့်စုံဖို့ထက် အဆင်ပြေအောင်ပဲနေချင်လာတယ်။ တစ်ကမ္ဘာလုံးက လူတွေကြည့်လိုက် ဘယ်သူမှ မပြည့်စုံနိုင်ဘူး။ နောက်ပိုင်းမှာ ပရဟိတတွေပဲ လုပ်ဖြစ်လာတယ်။ အဲ့ဒီ ပီတိက ငွေထက်အဆင်ပြေလာတယ်။ ကျွန်တော် ၂၄ သိန်းရတယ်။ အပုံလေးပုံဖြစ်တယ်။ တစ်ပုံစုတယ်။ နောက်တစ်ပုံလှူဖြစ်တော့ စိတ်ထဲမှာလည်း ပိုကြည်လာတယ်။ ကိုယ်လုပ်ဆောင်နိုင်သမျှ ပရဟိတတွေ လုပ်ဦးမှာပါ” ဟု ဆိုသည်။ **ကိုလင်း**

# တိုင်းဒေသကြီးအသီးသီးရှိ ပညာရေးအတွက် အထောက်အပံ့လိုအပ်နေသူများကို ကူညီပေးမည့် Bella National Star Scholarship

အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီဖွေးဖွေး၊ အကယ်ဒမီပိုင်ဖြိုးသု၊ ယွန်းဝတီလွင်မိုးတို့ တက်ရောက်ချီးမြှင့်ခဲ့သည့် ပညာရေးကို ဆုံးခန်းတိုင်အောင်သင်ကြားချင်သော်လည်း ငွေကြေးအခက်အခဲကြောင့် မသင်ယူနိုင်သူများအတွက် အဓိကထား၍ နှစ်စဉ်ချီးမြှင့် ဂုဏ်ပြုပေးနေသော Bella National Star Scholarship ကို ယခု ၂၀၁၈ ခုနှစ်တွင်လည်း တက္ကသိုလ်ဝင်ကျောင်းသား ကျောင်းသူ ၁၇၀ ကို ပညာရေးထောက်ပံ့ငွေများပေးအပ်ပွဲ ယမန်နေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ စိမ်းလန်းစိုပြည်တွင် ကျင်းပခဲ့သည်။

“တက္ကသိုလ်ကျောင်းသား ၁၇၀ ကို လတိုင်း Scholarship ပေးနိုင်အောင် Bella ကို သုံးစွဲအားပေးသူများနှင့် အမြဲကူညီသူများက လှူတာပါ။ ဒီအလှူအပါအဝင် Bella မှ လှူဒါန်းတဲ့ အလှူတိုင်းဟာ သစ်တို့တစ်ဦးတစ်ယောက်ထဲ လှူဒါန်းတာ မဟုတ်ဘဲ - Bella သုံးစွဲသူတိုင်းရဲ့ တူညီတဲ့ အလှူပါ။ Bella ကို တည်ထောင်ရတဲ့ အဓိကရည်ရွယ်ချက်က မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ အားလုံးရဲ့အနာဂတ်ကို ပိုမိုတိုးတက်အောင်မြင်စေချင်တာကြောင့် ကိုယ်လုပ်နိုင်တဲ့နေရာမှ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ မြန်မာများအားလုံး ကိုယ့်ကိုယုံကြည်မှုပိုရှိနိုင်အောင် ဖြစ်ပါတယ်။ သစ်ယုံကြည်တာကတော့ လူတစ်ယောက်ရဲ့ကိုယ့်ယုံကြည်မှုကိုအဓိက ဖြည့်ဆည်းပေး နိုင်တဲ့အရာနှစ်ခုရှိပါတယ်။ တစ်က Educated ပညာတတ်ဖို့ပါ။ ပညာဆိုတာ အတန်းပညာတစ်ခုတည်းကို မရည်ရွယ်ပါဘူး။ အသက်မွေးဝမ်းကျောင်းပညာများက အဓိကကျပါတယ်။ နှစ်ကတော့ ကိုယ့်ကိုလှနေတယ်လို့ထင်ရင် ခန့်နေတယ်၊ ချောနေတယ်လို့ထင်ရင် ကိုယ့်ယုံကြည်မှု ပိုမြင့်တက်လာပါတယ်။ သစ်လုပ်တတ်တဲ့ စီးပွားရေးနဲ့သာ လူတွေကို အလျင်အမြန်ယုံကြည်မှုပေးနိုင်တဲ့ နိုင်ငံတကာအဆင့်မီအလှကုန်ပစ္စည်းတွေကိုသာ မြန်မာနိုင်ငံမှ အားလုံးတတ်နိုင်တဲ့ဈေးနဲ့ ရောင်းချပေးပြီး မြန်မာလူမျိုးတိုင်းကို ပိုလှပြီး self confidence ပိုမြင့်တက်လာအောင် Bella ကို လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က တည်ထောင်ခဲ့တာပါ။ ဒါကြောင့် ရရှိတဲ့အကျိုးမြတ်များကို မြန်မာနိုင်ငံရဲ့ အနာဂတ်ခေါင်းဆောင် များရဲ့ပညာရေးတွင်သာ သုံးစွဲလှူဒါန်းဖို့ဆုံးဖြတ်ခဲ့ပါတယ်”ဟု ဒေါ်ဝေသစ်လွင်က ပြောသည်။

၎င်းအနေဖြင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ငါးသိန်းကို ဘကကျောင်းများတွင် နှစ်စဉ်ကျောင်းဖွင့်ချိန်မှ ဇန်နဝါရီအထိ လှူဒါန်းပေးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင်လည်း ကလေး ၁၄၀၀ အား စာသင်ကြားနိုင်ရန်အတွက် နှစ်ထပ်ကျောင်းတိုက်ကို သိန်းပေါင်း ၁၅၀၀ ကျော်ကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း၊ အဆိုပါ လှူဒါန်းမှုကို ပန်းသီးဖောင်ဒေးရှင်းနှင့်အတူ လှူဒါန်းခဲ့ကြောင်း သိရသည်။




“သစ်တို့အနေနဲ့ သီးသန့်မဟုတ်ဘဲလည်း MIB -ABCမှ အကျိုးမြတ်များကို ဦးဇော်လတ်၏ ဆုံးဖြတ်ချက်နှင့် နှစ်စဉ်နှစ်တိုင်း ပန်းသီးဖောင်ဒေးရှင်းမှ B ကာကွယ်ဆေးထိုးခြင်း ဘကကျောင်းများတွင် ဆရာမများကို လခပေးခန့်ထားပေးခြင်း စာသင်ကျောင်းများဆောက်လုပ်လှူဒါန်းခြင်းများကို အမြဲပြုလုပ်လှူဒါန်းနေပါတယ်။ ယနေ့တိုင် ကလေးတစ်သိန်းခွဲအား B ကာကွယ်ဆေးထိုးပေးပြီး ကျောင်းဆောင် ၁၅၀ ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ယခုပေးမည့် Bella National Star Scholarship အတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များအား အဓိကထားပြီး မေဂျာ ၁၈ ခုမှ ပထမနှစ်တက္ကသိုလ်တက်မည့် ကျောင်းသား ၁၇၀ ကျော်ကို လစဉ် သိန်း ၁၀၀ ကျော်တစ်နှစ်လျှင် သိန်းတစ်ထောင်ကျော် Scholarship ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ နောက်နှစ်တွေကိုလည်း ဒီ့ထက်ပိုပိုပြီး Scholarship များပေးချင်လို့ Bella များများ ဝယ်သုံးပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ လျှောက်ထားလိုသူများအတွက်က ဒီဇင်ဘာ ၃ ရက်တွင် ကျောင်းများစဖွင့်ပြီဖြစ်သောကြောင့် ကျောင်းအပ်ရင် လျှောက်လွှာတင်လို့ရပါတယ်။ ဒီဇင်ဘာလအတွင်းမှာ Bella ပန်းသီးဖောင်ဒေးရှင်းနှင့်အတူ သက်ဆိုင်ရာ ဆရာ ဆရာမကြီးများမှ လူတွေ့မေးမြန်းပြီး ဇန်နဝါရီပထမပတ်မှာ ရွေးချယ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်၊ Bella သုံးစွဲသူတိုင်းရဲ့ လှူဒါန်းမှုဖြစ်တဲ့ တက္ကသိုလ်ကျောင်းသား ၁၇၀ ကို လတိုင်း Scholar ပေးပြီး တစ်နှစ်ကို သိန်း ၁၀၀၀ ကျော်ဖိုးပေးမယ့် Bella National Star Scholarship ဖြစ်ပါတယ်” ဟု Bella National Star Scholarship မှ ဒေါ်ဝေသစ်လွင်က ပြောသည်။

**ကိုလင်း**

**မြန်မာလူမျိုးများ အားလုံးရဲ့ အနာဂတ်ကို ပိုမိုတိုးတက် အောင်မြင်စေချင်တာကြောင့် ကိုယ်လုပ်နိုင်တဲ့နေရာမှ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ မြန်မာများအားလုံး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုရှိနိုင်အောင် ဖြစ်ပါတယ်။ သစ်ယုံကြည်တာကတော့ လူတစ်ယောက်ရဲ့ ကိုယ့်ယုံကြည်မှုကိုအဓိက ဖြည့်ဆည်းပေး နိုင်တဲ့အရာ နှစ်ခုရှိပါတယ်။**

# TENDER INVITATION

**Bid Invitation** No:Construction for Myanmar Football Federation Futsal Indoor Stadium
**Date:**7th December 2018

1. **Tendering**
Myanmar Football Federation (hereinafter referred to as "Employer") Which is responsible for the construction of MFF Futsal Indoor Stadium project in Thuwunna, Yangon, hereby invites tenders for the supplying of material, fabrication and construction.
2. **Project Overview**
Myanmar Football Federation is endeavoring to improve the skills and technology in the implementing this MFF Futsal Indoor Stadium project in Thuwunna, Yangon.
3. **Project Scope of Work**
Design and Build of Steel Structure Building (200'x247' & Capacity 1952 Nos).

| No | Description | Qty | Price |
|---|---|---|---|
| A | **Design** | | |
| B | **Estimate (As Per Drawing)** | 1 | USD |
| 1 | **Civil Work**<br>(1)Sub Structure, (2) Super Structure, (3) Roofing and (4) Walling | 1 | USD |
| 2 | **Finishing Work**<br>(1) Sport Flooring, (2) Floor Finishing, (3) Ceiling & Curtain Wall, (4) Door & Window, (5) pinting, (6) Tilling & Toilet Partition, (7) Handrail and (8) External Decoration | 1 | USD |
| 3 | **MEP Work** | 1 | USD |
| 4 | **Infrastructure**<br>(1) Flag Pole, (2) Overhead Tank, (3) Ground Tank, (4) Septic Tank, (5) Transformer Yard, (6) Drain & Apron | 1 | USD |

Tender documents may be obtained at Myanmar Football Federation, Administraion Office during office hours from (7th December 2018 to 27th December 2018).

**Tender inquiry:** Ko Ko Thein, General Secretary, Myanmar Football Federation.
Email:kokothein@mff.ma.com
**Tender Closing date and time:** 28th December 2018 (16:30 hrs)
**Contact Address:** Myanmar Football Federation, National Football Training Center, Waizayantar Road,Thuwunna, Thingankyun Township, Yangon.

**Myanmar Football Federation**




## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/သိဒ္ဓိရပ်)၊ မြေကွက်အမှတ် (C-5)၊ ဧရိယာ ၁ ဒသမ ၀၀ဧကရှိ ဦးဉာဏ်မျိုးအောင်၊ ဦးသက်မျိုးအောင်(ဘ) ဦးတင်ငွေ ၁/မကန(နိုင်)၀၈၃၆၁၄၊ ၁၂/ဒဂန(နိုင်)၀၂၉၆၉၁ အမည်ပေါက် နှစ်(၃၀)အငှားမြေကွက်အား Denko Trading ကုမ္ပဏီလီမိတက်နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ဦးဉာဏ်မျိုးအောင်၊ ဦးသက်မျိုးအောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (၁၅၉၀)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးအောင်ထွန်းလင်း အမည်ပေါက်ပါမစ်မြေအား ဒေါ်နှင်းနှင်း(ဘ)ဦးကိုလေး ၉/ပမန(နိုင်)၁၃၈၅၂၈ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဒက္ခိဏခရိုင်တရားရုံး၏ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ် (၃၁၁/၂၀၁၈) ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြည်ထောင်စုဘတ်ဂျက်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ)ငွေလုံးငွေရင်း(တည်ဆောက်ရေး)အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပြည်ထောင်စုဘတ်ဂျက်မှလုပ်ငန်း (၁၁)ခုနှင့် တိုင်းဒေသကြီးဘတ်ဂျက်မှလုပ်ငန်း (၅)ခု၊ မော်တော်ယာဉ်ဝယ်ယူရေးလုပ်ငန်း (၁)ခုအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်း/ခရိုင်/မြို့နယ်များတွင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည်သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ ကြံခင်းမြို့နယ်(က)အဆင့်အားကစားရုံတည်ဆောက်ခြင်း (၁၂၀×၉၀×၃၆)ပေ
၂။ မအူပင်မြို့နယ်အားကစားကွင်းအထူးတန်းပွဲကြည့်စင်တည်ဆောက်ခြင်း (၁၄၀×၃၀)ပေ (၂)ထပ်
၃။ ဟင်္သာတမြို့နယ်အားကစားကွင်းမြေသားပြုပြင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ
၄။ ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ ငပုတော၊ ရေကြည်မြို့နယ်များရှိ အားကစားမှူးရုံး/အိမ်တွဲ (၄၀×၃၄)ပေတည်ဆောက်ခြင်း
၅။ ကြံခင်း၊ အင်္ဂပူ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များရှိ အားကစားမှူးရုံး/အိမ်တွဲ(၄၀×၃၄)ပေ တည်ဆောက်ခြင်း
၆။ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲမြို့နယ်များရှိ အားကစားမှူးရုံး/ အိမ်တွဲ (၄၀×၃၄)ပေ တည်ဆောက်ခြင်း
၇။ မအူပင်၊ ဓနုဖြူ၊ မော်လမြိုင်ကျွန်းမြို့နယ်များရှိ အားကစားမှူးရုံး/အိမ်တွဲ (၄၀×၃၄)ပေတည်ဆောက်ခြင်း
၈။ မြောင်းမြ၊ လပွတ္တာမြို့နယ်များရှိ အားကစားမှူးရုံး/အိမ်တွဲ(၄၀×၃၄)ပေ တည်ဆောက်ခြင်း
၉။ ဟင်္သာတခရိုင်အားကစားကွင်းရေရရှိရေးနှင့် Inner Fencing(၁၈၀၀)ပေကာရံခြင်း
၁၀။ တိုင်းရုံးညွှန်ကြားရေးမှူးနေအိမ် RC (၁)ထပ်တည်ဆောက်ခြင်း (၄၀×၃၆)ပေ
၁၁။ ကန်ကြီးထောင့်မြို့နယ်အားကစားကွင်းအုတ်တံတိုင်းကာရံခြင်း (၁၄၀၀)ပေ
၁၂။ ဖျာပုံမြို့နယ်အားကစားကွင်းအဆင့်မြှင့်တင်ခြင်း၊ အုတ်တံတိုင်းကာရံခြင်း (၁၅၀၀×အမြင့်၈)ပေ၊ အုတ်ရေမြောင်းပြုလုပ်ခြင်း(၁၄၀၀)ပေ၊ ကစားကွင်းဧရိယာ (၁)ထုသဲခင်းခြင်းလုပ်ငန်းများ
၁၃။ ကျိုက်လတ်မြို့နယ်အားကစားကွင်းအုတ်တံတိုင်းကာရံခြင်း(၁၃၀၀×အမြင့်၅)ပေ၊ အုတ်ရေမြောင်းပြုလုပ်ခြင်း(၁၄၀၀ပေ×၃ပေ×အနက်၁ပေ၅လက်မ)
၁၄။ ပန်းတနော်မြို့နယ်အားကစားကွင်းသစ်တည်ဆောက်ခြင်းလုပ်ငန်း(RC မြေထိန်းနံရံ ၂၂၈၀ပေပြုလုပ်ခြင်း)
၁၅။ ကျောင်းကုန်းမြို့နယ်အားကစားကွင်းသစ်အဆင့်မြှင့်တည်ဆောက်ခြင်း (ပွဲကြည့်စင် ၁၀၀×၂၀×၁၄ပေ တည်ဆောက်ခြင်း၊ Inner Fencing ကာရံခြင်း၊ မြေသားပြုပြင်ခြင်း၊ ကွင်းပတ်လည် ရေနုတ်မြောင်းနှင့် ရေစင်ရေရရှိရေး၊ ကွင်းအုတ်တံတိုင်း ၄၈၃ပေကာရံခြင်းလုပ်ငန်းများ)
၁၆။ သာပေါင်းမြို့နယ်အားကစားရုံပြင်ဆင်ခြင်း
၁၇။ မော်တော်ယာဉ်(၁)စီးဝယ်ယူခြင်း (TOYOTA အုပ်စု၊ အမျိုးအစား Light Truck/Light Ace)

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၁၂-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၁-၂၀၁၉ရက် ၁၆း၃၀နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန**
**ကိုးသိန်းအားကစားကွင်း၊ ပုသိမ်မြို့၊ဖုန်း-၀၄၂-၂၄၃၀၂**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့်
## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်း
## ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် Level-I အတွက် အောက်ဖော်ပြပါအချိန်ပိုင်း အနုပညာဒီပလိုမာသင်တန်းများ စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် အနုပညာဝါသနာပါသူများ လျှောက်ထားနိုင်သည်-

(က)**သင်ကြားမည့်ဘာသာရပ်များ**
(၁) **ဂီတပညာဌာန** (စောင်း/ပတ္တလား/တယော/စန္ဒရား/အဆို)
(၂) **သဘင်ပညာဌာန** (မြန်မာ့ရိုးရာရုပ်သေးပညာ/မြန်မာ့ရိုးရာအကပညာ)
(၃) **ပန်းချီပညာဌာန** (အခြေခံပန်းချီသင်တန်း/ ရေဆေးရောင်စုံရေးဆွဲနည်းနှင့် လူပုံရေးဆွဲနည်းသင်တန်း/ ဆီဆေးနှင့်အခရိုက်လစ်ရေးဆွဲနည်းသင်တန်း)
(၄) **ပန်းပုပညာဌာန** (အခြေခံပန်းပုသင်တန်း/မြန်မာ့ရိုးရာပန်းပုသင်တန်း/ ပန်းပုနည်းပညာသင်တန်း)
(၅) **ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန** ဓာတ်ပုံသင်တန်း (Still and Movie)

(ခ) **သင်တန်းကာလ** - Level (I) ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ (Level တစ်ခုကို (၃)လ သတ်မှတ်ထားရှိမည်ဖြစ်ပါသည်။ Level တစ်ခုပြီးလျှင် ပြီးမြောက်ကြောင်းအောင်လက်မှတ်ပေးအပ်မည်ဖြစ်ပါသည်။ Level သုံးခုလုံးပြီးမြောက်အောင်မြင်ပြီး အနိမ့်ဆုံးအခြေခံပညာအထက်တန်းအောင်မြင်သူများကို ဒီပလိုမာလက်မှတ်အပ်နှင်းမည်ဖြစ်ပါသည်။)

(ဂ) **သင်ကြားမည့်ရက်/အချိန်** - Section (1) တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ နံနက် ၀၇း၀၀နာရီမှ ၀၉း၀၀နာရီ
- Section (2) စနေ၊ တနင်္ဂနွေ နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီ

(ဃ)**ပေးအပ်မည့်ဘွဲ့** -
(၁) အနုပညာဒီပလိုမာ Diploma in Music
(၂) အနုပညာဒီပလိုမာ Diploma in Dramatic Arts
(၃) အနုပညာဒီပလိုမာ Diploma in Painting
(၄) အနုပညာဒီပလိုမာ Diploma in Sculpture
(၅) အနုပညာဒီပလိုမာ Diploma in Cinematography

(င) **လျှောက်လွှာပုံစံရယူခြင်းနှင့်တင်သွင်းခြင်း** - သင်တန်းရေးရာဌာန၌ လျှောက်လွှာပုံစံများကို ၁၀-၁၂-၂၀၁၈ ရက်နေ့မှ စတင်ရယူလျှောက်ထားနိုင်ပြီး ၂၁-၁၂-၂၀၁၈ရက် နောက်ဆုံးထား၍ ဓာတ်ပုံ ၅ပုံနှင့်အတူ လျှောက်ထားရမည်။

(စ) **သင်တန်းဖွင့်လှစ်ခြင်း** - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာသင်တန်းအတွက် ၂-၁-၂၀၁၉ ရက်နှင့် စနေ၊ တနင်္ဂနွေသင်တန်းအတွက် ၅-၁-၂၀၁၉ရက်၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

၂။ သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန ဖုန်း-၀၁-၅၉၀၂၅၂၊ ၅၉၀၂၅၄ သို့ စုံစမ်းနိုင်ပါသည်။

**ဌာနမှူး (သင်တန်းရေးရာ)**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ အောက်ဖော်ပြပါ တည်ဆောက်ရေးနှင့် အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
(က) စာသင်ခန်းမ (၂)ထပ် R.C.C ဆောက်လုပ်ခြင်း (၂)လုံး (၁၆၀'×၄၈'×၂၄') (ရေသန့်+လျှပ်စစ်အပါအဝင်)
(ခ) ကျောင်းသား ကျောင်းသူဆောင် အကြီးစားမွမ်းမံပြင်ဆင်ခြင်း (၅)လုံး (၁၇၄'×၃၈'×၁၈') (၂ထပ်)
(ဂ) ဌာနကြီးများ အကြီးစား မွမ်းမံပြင်ဆင်ခြင်း (၁၆၀'×၄၈'×၂၄') (၁)လုံး
(ဃ) စာသင်ခန်းမသေးများ အကြီးစားမွမ်းမံပြင်ဆင်ခြင်း (၁၂၀'×၄၃'×၁၂') (၂)လုံး
(င) R.C တိုင် အုတ်ခြံစည်းရိုးကာရံခြင်း (၁၅၀၀'×၇')

၂။ တင်ဒါပိတ်မည့်ရက်မှာ ၇-၁-၂၀၁၉ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာန၊ ဖုန်း-၀၆၇၃-၄၁၆၆၈၆တွင် ကြော်ငြာပါသည့်ရက်မှစ၍ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၏ နယ်မြေအင်ဂျင်နီယာဌာန ဖုန်း-၀၉-၄၉၂၀၁၀၅၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်နယ်အစိုးရအဖွဲ့
## ရှမ်းပြည်နယ်
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာရေးဦးစီးဌာနရှိ ကျိုင်းတုံတက္ကသိုလ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ကျိုင်းတုံတက္ကသိုလ် | (၃)ထပ်စာသင်ဆောင် (၁)လုံးဆောက်လုပ်ခြင်း |
| ၂ | ကျိုင်းတုံတက္ကသိုလ် | (၁၆၀)ဦးဆံ့ကျောင်းသားအိပ်ဆောင် (၂)ထပ် ၁လုံးဆောက်လုပ်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၁၀-၁၂-၂၀၁၈ရက် ရုံးချိန်မှစတင်၍ ကျိုင်းတုံတက္ကသိုလ်တွင်ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါကို ၉-၁-၂၀၁၉ ရက်၊ ၁၆း၃၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါကို တင်သွင်းရမည်ဖြစ်ပါသည်။ (အဆိုပြုလွှာနှင့်စီမံကိန်းလုပ်ငန်း Drawing ကိုတင်ဒါလျှောက်လွှာ ရောင်းချစဉ်ပူးတွဲပေးပါမည်။)
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါကြေးကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်တွင် P.O(Payment Order) ပေးသွင်းနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ကျိုင်းတုံတက္ကသိုလ် ဘဏ္ဍာဌာနတွင် ဆောင်ရွက်ပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ P.O (Payment Order) မူရင်းကို ကျိုင်းတုံတက္ကသိုလ်၏ ဘဏ္ဍာဌာနသို့ အပ်နှံရမည်။ မိမိတင်သွင်းလိုသည့်လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကျိုင်းတုံတက္ကသိုလ်သို့ လိပ်မူ၍ပေးပို့တင်သွင်းရမည်။

**ပြည်နယ်အစိုးရအဖွဲ့**
**ရှမ်းပြည်နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
## ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## လူမှုဝန်ထမ်းဦးစီးဌာန
## ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအား ထည့်သွင်းခွင့်ပြုထားပြီးဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ကရင်ပြည်နယ်၊ လူမှုဝန်ထမ်းရုံး ၁၀၆ပေ×ပေ ၃၀(၂)ထပ် RC (ရေ၊ မီး၊ ပေါ်တီကိုအပါအဝင်) ဆောက်လုပ်ခြင်းလုပ်ငန်း
(ခ) ကော့ကရိတ်ခရိုင် လူမှုဝန်ထမ်းရုံး၊ ၇၅ပေ×၄၅ပေ×၂၄ပေ (၂)ထပ် RC [ရေ၊ မီး၊ (၅ပေ×၆ပေ) (၅ပေ×၆ပေ) (၅ပေ×၆ပေ) မီလ္လာ (၁၅ပေ×ပေ ၂၀×၁၂ပေ) ပေါ်တီကိုအပါအဝင်] ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၈ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၆-၁၂-၂၀၁၈ရက်
(ဂ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၆-၁၂-၂၀၁၈ရက် ညနေ ၁၆း၀၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂၇-၁၂-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ကရင်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၀၆၃တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါရွေးချယ်ကြီးကြပ်ရေးကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန(ဇေယျာသိဒ္ဓိ)တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အောက်ပါလုပ်ငန်းများဆောင်ရွက်ရန် ဇေယျာသိဒ္ဓိအရောက် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ | အရေအတွက် |
|---|---|---|---|
| (က) | တစ်ယောက်အိပ်ခုတင် (GI Pipe)ဝယ်ယူခြင်းလုပ်ငန်း | (၆'-၆"×၃'-၆") | (၄၀၀)လုံး |
| (ခ) | ရိုးရိုးထိုင်(IWC Type)တပ်ဆင်ထားခြင်းအားဖျက်သိမ်း၍ဘိုထိုင်(EWC Type) အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းနှင့် | - | (၁၆၄) ခန်း |
| | အုတ်ရေကန်ဖျက်သိမ်းခြင်းလုပ်ငန်း | (၄'-၄"×၃'×၂'-၈")<br>ဗျက်(၅"½) | (၅၄၆)ကန် |
| (ဂ) | Aircon အိပ်ဆောင်များရှိ ရေချိုးခန်း/သန့်စင်ခန်းနံရံနှင့်ကြမ်းခင်း ကြွေပြားကပ်ခြင်းလုပ်ငန်း | (၇·၈'×၇·၅'×၆') | (၁၂၀)ခန်း |

၂။ အိတ်ဖွင့်တင်ဒါကိုအောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၈ရက်မှ ၂၀-၁၂-၂၀၁၈ရက်ထိ
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရန်နောက်ဆုံးရက်/အချိန်** - ၂၁-၁၂-၂၀၁၈ရက် မွန်းလွဲ ၁၄း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၇-၁-၂၀၁၉ရက် ၁၀း၀၀နာရီ၁၄း၀၀နာရီ
- ၁၈-၁-၂၀၁၉ရက် ၁၀း၀၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - အစည်းအဝေးခန်းမ (၂)၊ မြို့တော်ခန်းမ နေပြည်တော်စည်ပင်သာယာရေးကော်မတီ။

၃။ လုပ်ငန်းများနှင့်ပတ်သက်၍ အခွန်ဌာန(ဇေယျာသိဒ္ဓိ)သို့ မေးမြန်းကွင်းဆင်း ဆောင်ရွက်ရမည်။
၄။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို စည်ပင်ဇေယျာသိဒ္ဓိ (၁)၊ အုပ်ချုပ်မှုရုံးသို့ တစ်စုံလျှင် ၂၀၀၀ိ/-ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။
၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက စည်ပင်ဇေယျာသိဒ္ဓိ (၁)၊ အုပ်ချုပ်မှုရုံး ဖုန်း-၀၆၇-၈၁၀၈၃၅၆၊ ၀၆၇-၈၁၀၈၁၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၈ ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၅၆

ကွယ်လွန်သူ နော်ဟေးလ်ဒါ(ခ) နော်ဟေးလ်ဒါစိန်၏ ကျန်ရှိသော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၂ရပ်ကွက်၊ ဦးရွှေနုလမ်း၊ အမှတ် ၄၃တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ နော်ဟေးလ်ဒါ(ခ)နော်ဟေးလ်ဒါစိန်၏ ကျန်ရှိသော ပစ္စည်းအပေါ် သေတမ်းစာအတည်ပြု လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် (လိုင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (ယင်းအသင်းတော်၏ကိုယ်စား ဦးကြာမှုန်) က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် (၁၃၈၀ပြည့်နှစ် နတ်တော်လဆန်း ၁၀ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ နော်ဟေးလ်ဒါ(ခ) နော်ဟေးလ်ဒါစိန်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည့်အဆိုရှိသူ ခပ်သိမ်းတို့က အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်သည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁၇ရက် (၁၃၈၀ပြည့်နှစ် နတ်တော်လဆန်း ၁၀ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန် သေတမ်းစာအတည်ပြုလက်မှတ်မထုတ်ပေးမီမှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လိုင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (ယင်းအသင်း၏ကိုယ်စား ဦးကြာမှုန်)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာပေါ်တွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ပါသည်။

၂၀၁၈ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းထွေး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**


ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်မှတ်ပုံတင်အမှတ် ကကယ-၀၅/၀၅/၀၄၉
ဂုဏ်ထူးရှင် (၃၂၃)ဦးဖြင့် ရေဦးမြို့နယ် ဂုဏ်ထူးရှင်ဦးရေ အများဆုံးကိုယ်ပိုင်ကျောင်း ...
အောင်မြင်သူ (၄)ဦးလျှင် (၃)ဦး ဂုဏ်ထူးထွက်ရှိသောကျောင်း ...
ကျောင်းစာအပြင် စာပေ၊ ဂီတ၊ အနုပညာ၊ အားကစား ဘက်စုံ လေ့ကျင့်သင်ကြားပေးသောကျောင်း ...
ဦးဝင်းအောင် + ဒေါ်ဝင်း
ဒေါက်တာဇော်သိန်းထိုက် + ဒေါက်တာမင်းမင်းသူ
ဦးစီးတည်ထောင်သည့် ...
စွဲသန်
ကိုယ်ပိုင် အထက်တန်းကျောင်း ရေဦးမြို့။
(၅)တန်း မှ (၁၀)တန်းအထိ
ဆက်သွယ်ရန် ■ ရှင်မင်းနလမ်း၊ အောင်ချမ်းသာရပ်၊ ရေဦးမြို့
09-47070028, 09-400504022, 09-402668421,
09-791799665, 09-777599346
၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရရှိသူများ
(၆)ဘာသာဂုဏ်ထူးရှင် ( ၃ ) ဦး
(၅)ဘာသာဂုဏ်ထူးရှင် ( ၁၀ ) ဦး
(၄)ဘာသာဂုဏ်ထူးရှင် ( ၂၄ ) ဦး
(၃)ဘာသာဂုဏ်ထူးရှင် ( ၄၃ ) ဦး
(၂)ဘာသာဂုဏ်ထူးရှင် ( ၅၉ ) ဦး
(၁)ဘာသာဂုဏ်ထူးရှင် (၁၈၄ ) ဦး
ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိသူများ
မြန်မာစာဂုဏ်ထူးရှင် ( ၂၈ ) ဦး
အင်္ဂလိပ်စာဂုဏ်ထူးရှင် ( ၂၀ ) ဦး
သင်္ချာဂုဏ်ထူးရှင် ( ၈၅ ) ဦး
ဓာတုဗေဒဂုဏ်ထူးရှင် (၁၁၃ ) ဦး
ရူပဗေဒဂုဏ်ထူးရှင် ( ၂၆ ) ဦး
ဇီဝဗေဒဂုဏ်ထူးရှင် (၃၂၃ ) ဦး
ဖြေဆိုသူပေါင်း ( ၄၅၇ ) ဦး
အောင်မြင်သူပေါင်း ( ၄၀၀ ) ဦး
ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း ( ၃၂၃ ) ဦး
ရိုးရိုးအောင်မြင်သူပေါင်း ( ၇၇ ) ဦး
ဂုဏ်ထူးထွက်ရှိသောရာခိုင်နှုန်း (၈၀.၇၅)%
အောင်ချက်ရာခိုင်နှုန်း
(၈၇.၅၃)%
၂၀၁၈ ပညာသင်နှစ်
ဘာသာစုံ ဂုဏ်ထူးရှင်များ
မောင်နေမင်းခန့်
၈၉-၁၃၃၁
(မ၊ အ၊ သ၊ ဓ၊ ရ၊ ဇ)
မအေးမြစည်မိုး
၈၉-၁၅၁၇
(မ၊ အ၊ သ၊ ဓ၊ ရ၊ ဇ)
မောင်ဇော်ပိုင်ဦး
၈၉-၁၇၂၃
(မ၊ အ၊ သ၊ ဓ၊ ရ၊ ဇ)
ဂုဏ်ထူးထွက်ရှိသော (နှစ်ဟောင်း) ကျောင်းသား၊ကျောင်းသူများ
(၆)ဘာသာဂုဏ်ထူးရှင် ( ၁ ) ဦး
(၄)ဘာသာဂုဏ်ထူးရှင် ( ၂ ) ဦး
(၃)ဘာသာဂုဏ်ထူးရှင် ( ၂ ) ဦး
(၂)ဘာသာဂုဏ်ထူးရှင် ( ၁ ) ဦး
(၁)ဘာသာဂုဏ်ထူးရှင် ( ၁၃ ) ဦး
နှစ်ဟောင်းဖြေဆိုသူပေါင်း ( ၂၁ ) ဦး
ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း ( ၁၉ ) ဦး
ရိုးရိုးအောင်မြင်သူ ( ၁ ) ဦး
ကျရှုံးသူ ( ၁ ) ဦး
ဂုဏ်ထူးထွက်ရှိသောရာခိုင်နှုန်း ( ၉၀ ) %
နှစ်ဟောင်းအောင်ချက်ရာခိုင်နှုန်း
(၉၅)%
design:
Ko Myo(pro5)m.d.y
09-970864555
ဝင်ခွင့်စာမေးပွဲ မရှိပါ။
၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက်
စာရင်းလက်ခံနေပါပြီ

## မုံရွာတက္ကသိုလ်
## (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာတက္ကသိုလ်၏ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည်ဖြစ်ပါသဖြင့် မုံရွာတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(မဟာဘွဲ့)၊ မဟာသုတေသနဘွဲ့များ လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနမှ ရယူဖြည့်စွက်ပြီး ၅-၁၂-၂၀၁၈မှ ၂၈-၁၂-၂၀၁၈ရက်ထိ (၂"×၁½") Sticker(ကပ်ခွာ)ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် ၁၅၀၀ိ/၊ အဝေးရောက်ဘွဲ့ယူလိုသူများအတွက် ၁၀၀၀ိ/ဖြစ်ပြီး ငွေလက်ခံဌာနစိတ်သို့ ပေးသွင်းရမည်။

၄။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်ကြေး ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ် မုံရွာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်/ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၅။ ၂၀၁၇-၂၀၁၈ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက် ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ(၁)စောင်တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်။

### (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အစီအစဉ်

| | | |
|---|---|---|
| ပထမရက် ပထမပိုင်း | ၁၂-၁-၂၀၁၉ရက် | နံနက် ၉း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | ၁၀-၁-၂၀၁၉ရက် | နံနက် ၉း၀၀နာရီ |
| မဟာသုတေသနဘွဲ့ | -မြန်မာစာ | |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | -မြန်မာစာ၊ ဒဿနိကဗေဒ၊ ရုက္ခဗေဒ | |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) | -မြန်မာစာ၊ ဒဿနိကဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ | |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | -မြန်မာစာ၊ ဒဿနိကဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ | |
| ပထမရက် ဒုတိယပိုင်း | ၁၂-၁-၂၀၁၉ရက် | မွန်းလွဲ ၂း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | ၁၀-၁-၂၀၁၉ရက် | နံနက် ၉း၀၀နာရီ |
| မဟာသုတေသနဘွဲ့ | -သတ္တဗေဒ | |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | -အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ သတ္တဗေဒ | |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) | -အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ သတ္တဗေဒ | |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | -အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ သတ္တဗေဒ | |
| ဒုတိယရက် ပထမပိုင်း | ၁၃-၁-၂၀၁၉ရက် | နံနက် ၉း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | ၁၀-၁-၂၀၁၉ရက် | မွန်းလွဲ ၂း၀၀နာရီ |
| မဟာသုတေသနဘွဲ့ | -ပထဝီဝင် | |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | -ပထဝီဝင်(စနစ်သစ်+စနစ်ဟောင်း)၊သင်္ချာ | |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) | -ပထဝီဝင် | |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | -အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သင်္ချာ | |
| ဒုတိယရက် ဒုတိယပိုင်း | ၁၃-၁-၂၀၁၉ရက် | မွန်းလွဲ ၂း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | ၁၀-၁-၂၀၁၉ရက် | မွန်းလွဲ ၂း၀၀နာရီ |
| မဟာသုတေသနဘွဲ့ | -ဓာတုဗေဒ | |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | -စိတ်ပညာ(စနစ်သစ်+စနစ်ဟောင်း)၊ ဓာတုဗေဒ(စနစ်သစ်+စနစ်ဟောင်း) | |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) | -စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဓာတုဗေဒ၊ သင်္ချာ | |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | -စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ သင်္ချာ | |
| တတိယရက် ပထမပိုင်း | ၁၉-၁-၂၀၁၉ရက် | နံနက် ၉း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | ၁၇-၁-၂၀၁၉ရက် | နံနက် ၉း၀၀နာရီ |
| မဟာသုတေသနဘွဲ့ | -ရူပဗေဒ | |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | -သမိုင်း(စနစ်သစ်+စနစ်ဟောင်း) ရူပဗေဒ(စနစ်သစ်+စနစ်ဟောင်း) | |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) | -သမိုင်း၊ ဇီဝဓာတုဗေဒ | |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | -သမိုင်း၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ | |
| တတိယရက် ဒုတိယပိုင်း | - ၁၉-၁-၂၀၁၉ရက် | မွန်းလွဲ ၂း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | - ၁၇-၁-၂၀၁၉ရက် | နံနက် ၉း၀၀နာရီ |
| မဟာသိပ္ပံဘွဲ့ | - ဘူမိဗေဒ | |
| သိပ္ပံ (ဂုဏ်ထူးဘွဲ့) | - ရူပဗေဒ၊ ဘူမိဗေဒ | |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | - ဓာတုဗေဒ၊ ရူပဗေဒ | |
| စတုတ္ထရက် ပထမပိုင်း | - ၂၀-၁-၂၀၁၉ရက် | နံနက် ၉း၀၀နာရီ |
| အစမ်းလေ့ကျင့်ရက် | - ၁၇-၁-၂၀၁၉ရက် | မွန်းလွဲ ၂း၀၀နာရီ |
| မဟာဥပဒေပညာဘွဲ့ | - ဥပဒေပညာ (စနစ်သစ်+စနစ်ဟောင်း) | |
| ဥပဒေပညာဘွဲ့ | - ဥပဒေပညာ | |
| သိပ္ပံဘွဲ့ | - ရူပဗေဒ၊ ဘူမိဗေဒ | |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများသည် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့်အတူ ဘွဲ့ကြေးငွေသွင်းပြေစာပြသလျက် ဘွဲ့ဝတ်ရုံများကို အောက်ပါရက်တွင် နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်းမုံရွာတက္ကသိုလ်ခန်းမတွင် ထုတ်ယူနိုင်ပါသည်။

| ဘွဲ့ယူမည့်ရက် | ဘွဲ့ဝတ်ရုံထုတ်ရမည့်ရက် | ဘွဲ့ဝတ်ရုံပြန်အပ်ရမည့်ရက် |
|---|---|---|
| ၁၂-၁-၂၀၁၉ | ၉-၁-၂၀၁၉ | ၁၃-၁-၂၀၁၉ |
| ၁၃-၁-၂၀၁၉ | ၉-၁-၂၀၁၉ | ၁၄-၁-၂၀၁၉ |
| ၁၉-၁-၂၀၁၉ | -၁၆-၁-၂၀၁၉ | ၂၀-၁-၂၀၁၉ |
| ၂၀-၁-၂၀၁၉ | -၁၆-၁-၂၀၁၉ | ၂၁-၁-၂၀၁၉ |

ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ အနောက်တိုင်းဝတ်စုံ (အမျိုးသားများသာ)တို့အနက် နှစ်သက်ရာဝတ်စုံကို ဝတ်ဆင်နိုင်ပါသည်။

**(တင်မေမြင့်)**
**မော်ကွန်းထိန်း**
**မုံရွာတက္ကသိုလ်၊ မုံရွာမြို့**

---

## ပြန်ကြားရေးဝန်ကြီးဌာန
## ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
## Lot အလိုက်ပြင်ပပုဂ္ဂလိကပုံနှိပ်တိုက်များ/ကုမ္ပဏီများရိုက်နှိပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ Lot အမျိုးအစားအလိုက်ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Lot(1)
(ခ) Lot(2)
(ဂ) Lot(3)
(ဃ) Lot(4)
(င) Lot(5)
(စ) Lot(6)
(ဆ) Lot(7)
(ဇ) Lot(8)
(ဈ) Lot(9)

၂။ အိတ်ဖွင့်တင်ဒါများကို ၁၀-၁၂-၂၀၁၈ရက်မှ ၂၈-၁၂-၂၀၁၈ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ၁၆း၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင်လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁၂-၂၀၁၈ရက်တွင် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ် ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၄။ ဝင်ရောက်ယှဉ်ပြိုင်ရန်တင်ဒါတင်သွင်းသူများအနေဖြင့် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီက ၁၇-၁၀-၂၀၁၈ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည့် ရှင်းလင်းပြောကြားခြင်းအစီအစဉ်တွင် ရှင်းလင်းဝေငှပေးခဲ့သည့် တင်ဒါဆိုင်ရာ စည်းကမ်းချက်များ၊ လိုက်နာရမည့်အချက်များနှင့်စာချုပ်ချုပ်ဆိုသည့်မူကြမ်းပါ အချက်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

၅။ အသုံးပြုမည့်စက္ကူ

(က) Woodfree(70 gsm) (Brightness $\geq 95 \pm 1$)
(ခ) Art Card (210 gsm) (Brightness $\geq 90 \pm 1.5$)

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ကျောင်းသုံးပြဋ္ဌာန်းစာအုပ် |
| ပြန်ကြားရေးဝန်ကြီးဌာန | တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန၊ |
| ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | ရုံးအမှတ်(၇)၊ နေပြည်တော် |
| | ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ |

---

## YBS အထူးယာဉ်မောင်းသင်တန်းအမှတ်စဉ်(၁၄)
## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တွင်း YBS ယာဉ်သစ်ကြီးများ မောင်းနှင်ရန်အတွက် ယာဉ်မောင်းများ အလိုရှိပါသဖြင့် အထူးယာဉ်မောင်းသင်တန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် YRTA တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်လျက်ရှိပါသည်။ အဆိုပါသင်တန်းကို အောက်ဖော်ပြပါ အချက်အလက်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။-

(က) "ခ"လိုင်စင်အနည်းဆုံး(၃)နှစ်သက်တမ်းရှိရမည်။ "င"လိုင်စင်ရှိသူများလည်း လျှောက်ထားနိုင်သည်။
(ခ) အသက်(၂၅)နှစ်မှ (၅၅)နှစ်အတွင်းရှိရမည်။
(ဂ) ယာဉ်ကြီးမောင်းနှင်သည့်အတွေ့အကြုံရှိသူဖြစ်ရမည်။
(ဃ) လက်ရှိ YBS ယာဉ်လိုင်းများတွင် မောင်းနှင်သူများဖြစ်ပါက သက်ဆိုင်ရာယာဉ်လိုင်းကုမ္ပဏီ၏ ထောက်ခံချက်ပါရှိရမည်။
(င) အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။

၂။ သင်တန်းဖွင့်လှစ်မည့်အစီအစဉ်

(က) သင်တန်းအမှတ်စဉ်(၁၄)ကို ၂၀၁၉ခုနှစ် ဇန်နဝါရီ ပထမပတ်အတွင်း ဖွင့်လှစ်မည်။
(ခ) သင်တန်းပြီးဆုံးအောင်မြင်ပါက မူလလျှောက်ထားသည့် ယာဉ်လိုင်းကုမ္ပဏီများတွင် ဆက်လက်မောင်းနှင်ခွင့်ပြုမည်။
(ဂ) ပြင်ပယာဉ်မောင်းများဖြစ်ပါက YBS ယာဉ်လိုင်းများတွင် မောင်းနှင်ခွင့်ပြုမည်။
(ဃ) သင်တန်းကာလကိုရက်သတ္တသုံးပတ်တက်ရောက်ရမည်ဖြစ်ပြီးသင်တန်းအောင်မြင်လျှင် YBS မောင်းနှင်ခွင့်(င)လိုင်စင်ကတ်ရရှိမည်ဖြစ်ပါသည်။
(င) **လျှောက်လွှာယူခြင်းနှင့် တင်ရမည့်နေရာ** - YRTA (ရုံးချုပ်)၊ (ကျိုက္ကဆံစုပါဝမ်းကုန်တိုက်အနီး)၊ အမှတ်(၆၅)၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်

၃။ သင်တန်းသားဦးရေအကန့်အသတ်ရှိပါ၍ အမြန်ဆုံးလာရောက်လျှောက်ထားကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၄၁၉၀၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အောက်ပါတိုင်းဒေသကြီး/ခရိုင်/မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) စလင်းမြို့အားကစားရုံ (၁၂၀'×၉၀') တည်ဆောက်ခြင်း။
(ခ) မကွေးမြို့ အထူးတန်းပွဲကြည့်စင် (၈၀'×၄၀') တည်ဆောက်ခြင်း။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်မည့် အဆောက်အအုံအသေးစိတ်ကို တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန၊ မကွေးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ ဖုန်း-၀၆၃-၂၀၂၃၂၀၉၊ ၀၉-၅၃၄၂၀၂၄ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ (က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၈ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - မကွေးတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မကွေးမြို့

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

---

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ(H.S.D)၊ ပရီမီယမ်ဒီဇယ်ဆီ (P.H.S.D) နှင့် ဓာတ်ဆီ(Octane -92) တို့ကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၈-၁-၂၀၁၉ရက် ၁၃း၀၀နာရီ နောက်ဆုံးထား တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၇-၁၂-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့တွင်တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုအောက်ဖော်ပြပါဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(က) ဆေးနှင့်ဆေးပစ္စည်း (Consumables) များ
(ခ) ဓာတ်ခွဲခန်းသုံးဆေး
(ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ

(၂) **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက်** - ၁၀-၁၂-၂၀၁၈ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ

(၃) တင်ဒါလျှောက်လွှာစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးပစ္စည်းစာရင်းအသေးစိတ်ကို ၁၀-၁၂-၂၀၁၈ရက်မှ ၉-၁-၂၀၁၉ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် တင်ဒါလျှောက်လွှာသတ်မှတ်ဈေးနှုန်းအတိုင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့**
**ဖုန်း-၀၅၉-၄၂၀၃၃၊ ၀၅၉-၄၁၀၁၅**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၆၄၉

| | | |
|---|---|---|
| ဦးလှဟန် | နှင့် | ဦးလှဝင်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၁ လမ်း(အောက်)၊ တိုက် ၅၃(ပထပ်)နေ ဦးလှဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက ၃၁-၁၂-၂၀၁၅ရက်စွဲပါ မြေနှင့် အဆောက်အအုံအပြီးအပိုင် အရောင်းအဝယ်စာချုပ်ပါ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ချုပ်ဆိုပေးရန် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၇ရက် (၁၃၈၀ ပြည့်နှစ် နတ်တော်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းကေသီဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁၀)**

---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇ နှင့်ဆက်နွှယ်သည့်
## ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၂၈

| | | |
|---|---|---|
| ဒေါ်အေးအေးဝင်း | နှင့် | ဦးမြင့်အောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက် လ-၈/၉၈ (ယခုနေရပ်လိပ်စာမသိ)နေ တရားရှုံး ဦးမြင့်အောင် သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် (၁၃၈၀ ပြည့်နှစ် နတ်တော်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**တွံဖက်မြို့နယ်တရားသူကြီး (၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

### အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄ရပ်ကွက်၊ ဦးစန်းထွေး ၁၂/ခရန(နိုင်)၀၁၀၈၉၆၏သမီး အလက(၈)၊ တတိယတန်းမှ မအိမ့်ချမ်းမြေ့၏ အမည်မှန်မှာ မအေးသင်းကြူ ဖြစ်ပါကြောင်း။ **မအေးသင်းကြူ**

### မွေးသက္ကရာဇ်အမှန်
စစ်တွေမြို့၊ လမ်းသစ်ရပ်ကွက်နေ (ဘ)ဦးတင်လှိုင်၏သမီး မခင်တေဇာလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၈-၁၉၉၂ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်
စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်နေ (ဘ)ဦးကျော်ကျော်ဦး၏သမီး မသက်ထက်မြတ်နိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၁၀-၁၉၉၇ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း
ချောင်းဦးမြို့နယ်၊ တမာတန်းရွာနေ ဦးမျိုးသန်း ၅/ခဥတ(နိုင်)၀၇၂၂၅၀၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၈၅၀၇၇၉၁**

### ဖခင်အမည်မှန်
မုံရွာမြို့၊ အထက(၃)သတ္တမတန်း(B)မှ မသုန္ဒရီလွင်နှင့် ပဥ္စမတန်း(A)မှ မောင်အာကာစိုးသန့်တို့၏ ဖခင်အမည်မှန်မှာ ဦးလင်းအောင်ကျော် ၅/မရန(နိုင်)၂၅၉၄၇၄ ဖြစ်ပါကြောင်း။

### အမည်မှန်
တမူးမြို့နယ်၊ ခမ်းပါတ်မြို့၊ မင်းသမီးကျေးရွာနေ ဦးမဲသီး၏ အမည်မှန်မှာ ဦးရွှေဝင်း ၅/ခပန(နိုင်)၀၀၇၄၄၀နှင့် ဒေါ်ကြည်နွဲ့၏ အမည်မှန်မှာ ဒေါ်ကြည်ကြည်နွဲ့ ၅/ခပန(နိုင်)၀၀၇၄၆၆ ဖြစ်ပါကြောင်း။

### အမည်မှန်
ဦးအောင်စိုးဝင်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာငယ်ကျေးရွာမူလွန်ကျောင်း ပဥ္စမတန်းမှ မောင်ရှင်းသန့်အောင်၏ အမည်မှန်မှာ မောင်မြင့်မြတ်အောင် ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အထက၊ ကွမ်ဘီ၊ တက္ကသိုလ်ဝင်တန်းမှ နန်းဟိတ္တခလိမ်း၏ မိခင်အမည်မှန်မှာ ဒေါ်နန်းနာနွှန် ၃/လဘန(နိုင်)၁၆၀၁၀၀ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အထက ကွမ်ဘီ၊ တက္ကသိုလ်ဝင်တန်းမှ နန်းမူးထွန်ဖော့၏ မိခင်အမည်မှန်မှာ ဒေါ်နန်းသိန်းဝင်း ၃/လဘန(နိုင်)၁၇၉၃၅၀ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အထက ကွမ်ဘီ တက္ကသိုလ်ဝင်တန်းမှ နော်ခုကြေး၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၆-၂၀၀၃ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အထက ကွမ်ဘီ တက္ကသိုလ်ဝင်တန်းမှ နော်မုဝါဆို၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၉-၁၉၉၉ ဖြစ်ပါကြောင်း။

### အမည်မှန်
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကွမ်ဘီကျေးရွာနေ ဦးဖကဲ့၏သား ဦးတာဝေး ၃/လဘန (နိုင်)၀၄၅၉၆၁ ၏ အမည်မှန်မှာ ဦးတင်အောင်ဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်
မြန်မာ့အလင်းသတင်းစာ ၃-၁၂-၂၀၁၈ စာ ၂၄ ပါ ရေဝတီဘဏ် ကြေညာမှ စဉ်(၄၃)အား ဒေါ်မိုးသီတာ (ဘ)ဦးလှမောင်ဦး ၁၂/လသန(နိုင်) ၀၀၇၃၂၆နှင့် စဉ် (၄၄)အား ဦးဇော်မော်ဦး(ဘ)ဦးဇော်မြင့် ၁၂/သကတ(နိုင်)၁၉၅၃၅၈ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ခင်နန္ဒာဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့၏ ထူးခြားသောဝန်ဆောင်မှုများ

- ရန်ကုန်မြို့တွင်း နေ့စဉ်အိမ်အရောက် ဝန်ဆောင်မှုပေးခြင်း။
- နယ်မှ ခရီးသည်များ ရန်ကုန်မြို့ရှိ အဆင့်မြင့်လုံးချင်းအိမ်များတွင် အခမဲ့(၃)ကြိမ်တည်းခိုနိုင်ခြင်း။
- လူဦးရေ ကန့်သတ်ပို့ဆောင်ခြင်းနှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင် စီစဉ်ပေးခြင်း။
- ခရီးဆောင်သေတ္တာ ၊ ဘေးလွယ်အိတ် ၊ ပိုက်ဆံအိတ် ၊ ဦးထုပ် ၊ ယောဂီပုဝါ ၊ ရင်ထိုး ၊ မြေပုံ ၊ အပူချိန်ဇယား ၊ လမ်းညွှန်စာအုပ်နှင့် DVD မှတ်တမ်းခွေ ၊ သံဝေဇနီယသုတ္တန်တရားတော် CD များပေးခြင်း။
- ဦးစီးလိုက်ပါသူအား(၁၆)ဦးပြည့်လျှင် တစ်ဦးအခမဲ့ ၊ (၁၀)ဦးပြည့်လျှင်(၃၀%) ၊ (၆)ဦးပြည့်လျှင်(၁၀%)လျှော့ပေးခြင်း။ သံဃာတော်နှင့် သီလရှင်များ(၆၀၀၀၀ိ/-) ၊ အငြိမ်းစားဝန်ထမ်းများ(၁၀၀၀၀ိ/-)လျှော့ပေးခြင်း။
- ခရီးစဉ်အလိုက် နေရာစုံပို့ဆောင်ပေးခြင်း။

ညမောင်းလုံးဝမပါ

**နှုန်းထားများ** - မြန်မာ့အလင်း နှင့် ကြေးမုံ သတင်းစာများတွင် ဖော်ပြထားပါသည်။ နိုင်ငံကူးလက်မှတ်မရှိသေးလျှင် ကူညီဆောင်ရွက်ပေးပါသည်။ စရံငွေကျပ်(၂)သိန်းဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။ (လေယာဉ်ခ ၊ လေဆိပ်ဝင်ကြေး ၊ ဗီဇာကြေး၊ အာမခံကြေး ၊ စားစရိတ် ၊ ဟိုတယ်အခန်းခ ၊ ကားခ ၊ ဂိတ်ဝင်ကြေး အပြီးအစီးပါဝင်ပြီး မည်သည့်အကြောင်းနှင့်မျှ ငွေကြေးထပ်မံမကောက်ယူကြောင်း အပြည့်အဝ အာမခံပါသည်။ မိမိဆန္ဒအတိုင်း လှူဒါန်းရန်နှင့် ဈေးဝယ်ရန်အတွက်သာ ကုန်ကျပါမည်။)

ရုံးချုပ် - ကွန်ဒို(E) ၊ မြေညီထပ် ၊ ကမ္ဘာအေးဗီလာအိမ်ရာ ၊ ကမ္ဘာအေးစေတီလမ်း ၊ (၈)မိုင် ၊ မရမ်းကုန်း၊ ရန်ကုန်။
၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ - အမှတ်(၁၁၀) ၊ မြေညီထပ် ၊ (၃၉)လမ်း ၊ ကျောက်တံတား ၊ ရန်ကုန်။ ၀၁-၂၄၀၀၄၇ ၊ ၀၉-၅၃၂၁၀၁၂

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေ ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၄၄**

| | | |
|---|---|---|
| ဦးကျန်ကျီချန် | နှင့် | ဦးမြဟန် (၄င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးချစ်ရွှေ) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်၊ အကွက်အမှတ် (အ-၁၈)၊ ဦးပိုင်(၇၀)(ယခုနေရပ်လိပ်စာမသိ)နေ တရားရုံး ဦးမြဟန် (၄င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးချစ်ရွှေ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် (၁၃၈၀ ပြည့်နှစ် နတ်တော်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက မင်းရွာ နဝမတန်း(B)မှ မောင်စည်သူကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်လင်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

Steel Rose Co.,Ltd.၏ Re-Export စနစ်ဖြင့် ပြုလုပ်ထားသော MQEL 6 16-17 0345(05-08-2016) ထုတ်ကုန်လိုင်စင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၇၇၇၆၂၇၇၅၀**

## ပျောက်ဆုံးကြောင်း

Steel Rose Co.,Ltd.၏ Re-Export စနစ်ဖြင့် ပြုလုပ်ထားသော WQIL 3 16-17 0518(05-08-2016) သွင်းကုန်လိုင်စင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၇၇၇၆၂၇၇၅၀**

## ပျောက်ဆုံးကြောင်း

Steel Rose Co.,Ltd ၏ Re-Export စနစ်ဖြင့် ပြုလုပ်ထားသော IL4 16-17 7750 (31-03-2017) သွင်းကုန်လိုင်စင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၇၇၇၆၂၇၇၅၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃/သီဟသူ)၊ ဦးပိုင်အမှတ် (၉၄)၊ ဧရိယာ ၀ ဒသမ ၁၀၂ ဧကအား ဒေါ်မိမိ(ဘ)ဦးလှမောင် ၉/တကန(နိုင်)၀၀၅၉၂၈ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်(၃၃၅/၂၀၁၈)၊ မိသားစုအမွေလွှဲပြောင်းခြင်း သဘောတူစာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## Eain Mat May Food Services

လူကြီးမင်းတို့၏ အလှူမင်္ဂလာပွဲများ၊ ကုမ္ပဏီနှစ်ပတ်လည်ပွဲများ၊ အစည်းအဝေးပွဲများ၊ Christmas နှင့် New Year ပွဲများ၊ ရုံးခန်းသစ်၊ အိမ်သစ်၊ ဆိုင်ခန်းသစ်ဖွင့်ပွဲများ၊ စတုဒိသာအလှူပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ နိဗ္ဗာန်ဈေး၊ ဈေးပွဲတော်၊ စုံညီပွဲတော်(အထူးနှုန်း)များအတွက် ပဲအုန်းထောပတ်ထမင်း၊ ကြက်ပေါင်း၊ ကြက်ကင်၊ ကြက်ဆီထမင်း၊ မြန်မာထမင်းဟင်း၊ စတုဒိသာထမင်းဟင်း၊ ထောပတ်၊ ပဲ၊ ပဲထောပတ်၊ အုန်း၊ နို့စိမ်းထောပတ်၊ နတ်သုဒ္ဓါထမင်း၊ အုန်းထမင်း၊ နို့စိမ်း၊ အုန်းနို့၊ ကော်ရည်၊ ဆီချက်၊ ရွှေတောင်ခေါက်ဆွဲ၊ ငါးခူမုန့်ဟင်းခါး၊ နန်းကြီးသုပ်၊ ကြာဆံချက်၊ ကြက်သား၊ ပြည်ပလာတာ၊ ကော်ဖီ(နှပ်)၊ လက်ဖက်ရည်(နှပ်)၊ ရေခဲမုန့်၊ Sandwich၊ Puff၊ Burger၊ မုန့်မျိုးစုံ၊ အုန်းနို့သာကူပြင်၊ ဆနွင်းမကင်း၊ ကျောက်ကျော၊ မြန်မာမုန့်မျိုးစုံတို့ကို စွဲမက်ဖွယ် အရသာအရည်အသွေးမြင့်ပစ္စည်းများ၊ သင့်တင့်သောဈေးနှုန်း၊ ဝန်ဆောင်မှု (အခမဲ့) (ကား၊ ပန်းကန်၊ ဝန်ထမ်း)တို့ဖြင့် စိတ်တိုင်းကျစီစဉ်ပေးပါသည်။

ဖုန်း-၀၉-၅၁၄၇၇၇၁၊ ၀၉-၉၆၅၁၄၇၇၇၁ (ဆိုင်သို့လာရောက်မြည်းစမ်းနိုင်ပါသည်။)

## ကန့်ကွက်နိုင်ပါကြောင်း

မြဝတီမြို့၊ အမှတ် ၅ရပ်ကွက်၊ ကွင်းအမှတ် ၁၊ ဦးသူတော်အကွက် ၁၊ မြေကွက်အမှတ် ၁၉၊ မြေဧရိယာ ပေ(၆၀×၆၀)ရှိ မြေကွက်အား မူလမြေပေးမိန့်ရရှိထားသူ ဒုဗိုလ်မှူးကြီးကြည်ဝင်းထံမှ တစ်ဆင့် အောက်ခြေအရပ်ကတိစာချုပ်ဖြင့် ရောင်းဝယ်ခဲ့ပြီး နောက်ဆုံးဝယ်ယူသူကျွန်တော်ဦးမိုးအောင်ဇော်မှ အဆိုပါမြေဧရိယာ ပေ(၆၀×၆၀)မှ ပေ(၃၀×၆၀)အား ဂရန်မြေအသစ်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးအောင်ဇော် ၃/ကကရ(နိုင်)၀၆၁၁၃၉**
**ဖုန်း-၀၉-၅၁၈၈၄၀၅**

# မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ဖြန့်ဖြူးရောင်းချသည့် ကုန်ပစ္စည်းများအပေါ်တွင် ရိုက်နှိပ်ထားသော QR Code များကို ဖျက်ဆီး၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသူများ သိရှိစေရန် သတိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၈ မိုင်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် -၉၅/အေတွင် တည်ရှိသော မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်သည် စိုက်ပျိုးရေး သွင်းအားစုများနှင့် မြေသြဇာများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ မြန်မာ့သြဘာအမည်ဖြင့် တစ်ဦးတည်းထုတ်လုပ်ဖြန့်ချိရောင်းချနေသည့် ကုမ္ပဏီဖြစ်ပါသည်။ မြန်မာ့သြဘာအမည်ပါ ကုန်အမှတ်တံဆိပ်များတွင် ကုန်ပစ္စည်း၏အချက်အလက်များ၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးရက်အပါအဝင် ကုန်ပစ္စည်းစစ်မှန်မှု ရှိ/မရှိ စစ်ဆေးနိုင်ရန်အတွက် QR Code များ ရိုက်နှိပ်ထားပါသည်။ ယခုအခါ မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်မှထုတ်လုပ်သော ကုန်အမှတ်တံဆိပ်များပေါ်ရှိ QR Code များကို ဖျက်ဆီး၍ ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း တွေ့မြင်ရပါသည်။ QR Code သည် မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်၏ ကုန်ပစ္စည်းအမည်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

သို့ပါ၍ မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်၏ ကုန်အမှတ်တံဆိပ်များပေါ်တွင် ပါရှိသည့် QR Code များကို ဖျက်ဆီးထားသော ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသူများအား တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**မောင်မောင်သန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၈၂)**
**တိုက်အမှတ်-၉/၁၁၊ အခန်း-၃၀၁၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**

## ပျောက်ဆုံးကြောင်း

Steel Rose Co.,Ltd၏ IL 4 16-17 7750(31-03-2017) သွင်းကုန်လိုင်စင်ကိုသုံး၍ သွင်းကုန်ကြေငြာလွှာ (1) ID NO. 100029123610 (30-05-2017)(2) ID NO.10003 1728162 (21-06-2017)(3)ID NO.100033023311 (03-07-2017) (4)ID NO. 100034306961 (01-09-2017) များမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၇၇၇၆၂၇၇၅၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၄၃၇၅၁ ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဇေယျာစိုးအောင် ၉/တကန(နိုင်)၁၃၀၀၇၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ တိုက်အမှတ်(၈၃/၈၅)၊ တတိယထပ်၊ အခန်းအမှတ်(၁၀)၏ အမည်ပေါက်ဒေါ်တင်တင်အောင် ၁၂/ပဘတ(နိုင်) ၀၀၅၄၅၉ ထံမှ တိုက်ခန်းအရောင်းအဝယ်သဘောတူစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်မြင့် ၁၂/မဂတ(နိုင်)၀၇၀၉၈၂ မှ အမည်ပြောင်းလဲ၍ တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစတင်၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ပြည်တော်သာ၊ အကွက်အမှတ်နှင့်အမည်(၆၇၇-ကင်းတောင်)၊ ဦးပိုင်အမှတ် (၁၈၀၊ ၁၈၁၊ ၁၈၆၊ ၁၈၇၊ ၁၈၈၊ ၁၈၉)၊ ဧရိယာ (၀ဒသမ၆၆၀)ဧကအား ဦးကြည်ရှိန် အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်နှင့်များအညီ မြေငှားဂရန်အသစ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လီတွေ့အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၂၃၃/ခ၊ မြေဧရိယာ ၁၂၀၀စတုရန်းပေ၊ အတိုင်းအတာပေ(၂၀'×၆၀')၊ မြေကွက်တည်နေရာအမှတ် ၂၀/ခ၊ မာန်ပြေ(၁၉)လမ်းအနောက်၊ (၃/မာန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးညွန့်မောင် ၁၂/ပဇတ(နိုင်)၀၂၄၄၃၅၊ ဒေါ်မြရီ(CI-၀၄၁၅၆၉)အမည်ပေါက်၊ နှစ် ၆၀ ဂရန်မြေအား သာကေတမြို့ နယ်တရားရုံး၏ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၀၊ ၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ် ၁၀၊ အရောင်းအဝယ်စာချုပ်အမှတ် ၂၄၆၃/၂၀၁၇(၁၈-၈-၂၀၁၇)၊ အမှားပြင်စာချုပ်အမှတ် ၁၀၂၄၄/ ၂၀၁၇ (၂၁-၉-၂၀၁၇)တို့အရ ပိုင်ဆိုင်သူ ဦးကျော်ခိုင် ၁၁/ရသတ(နိုင်)၀၃၅၈၃၅ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၃၁၆/၂၀၁၇(၅-၃-၂၀၁၇)ရသူ ဒေါ်မြအိမ်သွယ် ၁၁/ရသတ (နိုင်)၀၆၂၂၃၈ မှ တရားရုံးအမိန့်များ GP ၈၃၁၆/၂၀၁၇(၅-၃-၂၀၁၇) အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကိုန်လွှာ၊ ဂရန်မူရင်းတင်ပြနိုင်မှုမရှိဘဲ ဂရန်မူရင်းမှာ တရားရုံး၏ လက်ဝယ်သာရှိကြောင်း၊ တရားနိုင်ဦးကျော်ခိုင်ထံ မိတ္တူသာရှိကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် ၃-၁၂-၂၀၁၈ ရက်စွဲပါ ကျမ်းကိုန်လွှာတို့ တင်ပြ၍ ဂရန်ခွဲလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက မင်းရွာနဝမတန်း(B)မှ မောင်အောင်ဇော်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးတင်ဝေ ဖြစ်ပါသည်။

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

### ၂၀၁၈ခုနှစ် တရားမပထမအယူခံမှုအမှတ်-၂၈၉

| | | |
|---|---|---|
| ဒေါ်ခင်မြတ်မွန် | **နှင့်** | ဦးမင်းအောင်ပါ-၂ |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

၂၀၁၈ခုနှစ် ဩဂုတ် ၆ ရက်စွဲပါ မန္တလေးခရိုင်တရားရုံးတော်မှ တရားမကြီးမှု အမှတ် ၄၅၀/၂၀၁၇ကို အယူခံမှု။

အယူခံတရားပြိုင် အမှတ် (၂) ဒေါ်နန်းနန်းထွေး၊ အမှတ် ၄၈၊ ရန်မျိုးလုံရပ်ကွက်၊ ၃၃လမ်း၊ ၇၀×၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင်တရားရုံးမှ ချမှတ်ပေးသည့် ဒီကရီကို ဒေါ်ခင်မြတ်မွန်က အယူခံဝင်ရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၈ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ခင်မာဝင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ရခဲလှသောအခွင့်အရေး လက်မလွှတ်သင့်

## (ရောင်း/ငှားမည်)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းတွင် ဘိုးဘပိုင်မြေ (၃)ဧကနီးပါးအား သင့်လျော်သောဈေးနှုန်းဖြင့် ဦးရာလူကို ရောင်းမည်။

**အားသာချက်များ**

(၁) တစ်ဦးတည်းပိုင်/ဘိုးဘပိုင်မြေဖြစ်၍ လုံးဝ အရှုပ်အရှင်းကင်းခြင်း
(၂) ကိုယ်ပိုင်ဆိပ်ကမ်းရှိ၍ မြို့လယ်နှင့်နီးခြင်း
(၃) တစ်ဝက်ဝယ်လိုပါက ခွဲခြမ်း၍ ရောင်းပေးနိုင်ခြင်း
(၄) အကျိုးဆောင်များ ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်**

ဖုန်း-၀၉-၅၀၀၆၁၃၃၊ ၀၉-၅၁၅၅၅၈၈၊ ၀၉-၂၆၁၉၉၃၃၉၉

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/8853,Mitsubishi Pajero V 46,S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လတ် ၁၂/စခန(နိုင်)၀၄၈၉၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ် (က-၃)၊ ဆိုင်ခန်းအမှတ်(၅)အား နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သဲကောကြီးကျေးရွာနေ ဒေါ်ဇာဇာထွန်း ၉/လဝန(နိုင်)၁၂၂၆၄ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)၊ ဘုရားလမ်း၊ အိမ်အမှတ် ၂/၈၃ နေ ဦးကျော်သူ ၉/လဝန(နိုင်)၀၂၅၈၅၂ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၉၆၁)၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဦးကြီးအောင်အမည်ပေါက် ပါမစ်မြေအား ဦးကျော်သီဟအောင် (ဘ) ဦးအောင်ကျော် ၁၂/အစန(နိုင်)၂၁၉၇၂၂မှ မြေပေးမိန့်အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကိုန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ နေပြည်တော်စည်ပင်သာယာ တရားရုံး၏ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကိုန်လွှာ၊ ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကျောက်ရေတွင်းရပ်ကွက်၊ ဇောတိက ၁ လမ်း၊ အမှတ် ၂၂၄ နေ ဒေါ်တင်အုန်းရင်-ဦးလှမြင့်တို့၏သား မောင်ဖြိုးသီဟထွန်း ၁၂/ဥကမ(နိုင်)၂၂၁၀၈၄ သည် မိဘများနှင့် မောင်နှမများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်တင်အုန်းရင်-ဦးလှမြင့်**

# ဝမ်းနည်းကြေကွဲခြင်း

## ဦးလော်စစ်မင်း(ခ)ဦးထွန်းလင်း(ခ)Michael Law

## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၅)ရပ်ကွက်၊ သီရိမွန်(၈)လမ်း၊ အမှတ်(၂၅)၊ သီရိမွန်အိမ်ရာနေ (ဦးလော်ချောက်ရှင်း-ဒေါ်တွမ်ရှောက်ဟိုက်)တို့၏သား၊ ဒေါ်ပေါ်လင်းပေါင်း၏ ခင်ပွန်း ဦးလော်စစ်မင်းသည် ၃၀-၁၁-၂၀၁၈ရက် (သောကြာနေ့) ညနေ(၅း၃၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**YANGON AERODOME CO., LTD.**
**PIONEER AERODOME CO., LTD.**

## ရောင်းချရန်ကြော်ငြာစာ

### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)

### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

### ၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၆၂

| | | |
|---|---|---|
| ဒေါ်တင်တင်အေး | **နှင့်** | ၁။ ဒေါက်တာဒေါ်မျိုးခိုင်<br>၂။ ဒေါက်တာအောင်မိုးထွန်း<br>(ကွယ်လွန်သူ ဒေါ်ခင်ရီ၏ တရားဝင်ကိုယ်စားလှယ်များ)<br>၃။ ဒေါ်နွဲ့နွဲ့ရီ<br>၄။ ဒေါ်ညွန့်ညွန့်စိန်<br>၅။ ဒေါ်ခင်ဌေးဝင်း |
| **ဒီကရီရသူ** | | **တရားရှုံးများ** |

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ အထက်ဖော်ပြပါဇာရီမှုတွင် ဒီကရီကို အတည်ပြုနိုင်ရန် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၄ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၉ရက်) နံနက် ၁၀း၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်များဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်-၁၀၇၊ (ဒုတိယထပ်)ဟု ခေါ်တွင်သော တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံး။

**အဆောက်အအုံမှာတစ်ခုတည်းဖြစ်ပြီးတိုက်ခန်းမှာ ဘယ်/ညာမရှိပါ။**

**လေလံတင်ကြမ်းခင်းဈေး**
**ကျပ်သိန်း (၂၀၀၀)(ကျပ်သိန်းနှစ်ထောင်တိတိ)**
**အရပ်ရပ်ကြေညာစာပြန်သွင်းရမည့်ရက် ၁၃-၁၂-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြပါထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမဆုံးရုံးစတင်ဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။
၈။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၂၀၁၈ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန်ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မေစိမ့်စမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁/အလောင်းဘုရား)၊ ဦးပိုင်အမှတ် (၆၂)၊ ဧရိယာ ၀ဒသမ၁၀၈ဧကအနက် ဧရိယာ ၀ဒသမ၀၅၅ ဧကအား ဦးကျော်မျိုးနိုင်(ဘ)ဦးကျော်ကျော်ထူး ၉/တကန(နိုင်)၂၀၁၈၀၁မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကိုန်လွှာအမှတ် (၃၄၇/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင် သုံးဦး၏သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

သထုံမြို့နယ်၊ နောင်ကုလားရှမ်းရွာနေ ဦးအောင်ကျော်မြင့်၏ သမီး မမေချိုးခိုင်(ခ)နန်းမေချိုးခိုင် ၁၀/သထန(နိုင်)၂၀၀၅၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မမေချိုးခိုင်(ခ)နန်းမေချိုးခိုင်**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဘိုဝ (မြင်းခြံ)

### အသက်(၉၂)နှစ်

သူငယ်ချင်း တင်မင်းကြည်၏ ဖခင်ကြီး ဦးဘိုဝသည် ၃-၁၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တက်တိုး၊ မြတ်ကောင်း၊ ဥက္ကာ၊ မိုးပိုင်၊**
**မျိုးမျိုး၊ သန်းလွင်၊ အောင်ကြီး၊**
**ခင်မောင်စိုး၊ ဝင်းလွင်၊ ဇော်ဟိန်း၊ ရန်နိုင်၊ ကျော်နိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညွန့်အေး (အုတ်ဖို)

### အသက်(၈၉)နှစ်

ဒေါက်တာ ဦးခင်မောင်တင် (နနလ အထူးကုဆရာဝန်ကြီး)-ဒေါက်တာ ဒေါ်ခင်မျိုးသိန်းတို့၏ မိခင်ကြီး၊ ဒေါက်တာဝင့်လှဲ့ဖြိုး (နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး)၏ အဘွားသည် ၂-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်**
**လည်ပင်းခွဲစိတ်ကု ဆရာဝန်များအဖွဲ့**

## ကျေးဇူးအထူးတင်ရှိခြင်း

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါက်တာခင်ချိုတင်

### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)

### ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

### အသက်(၆၃)နှစ်

၂၆-၁၁-၂၀၁၈ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဒေါက်တာခင်ချိုတင် ဆေးရုံတက်ရောက်ကုသစဉ်မှ နောက်ဆုံးအချိန်အထိ စေတနာ၊ မေတ္တာအပြည့်အဝဖြင့် ကြိုးစားကုသစောင့်ရှောက်ပေးခဲ့ကြပါသော ရွှေဂုံတိုင်အထူးကုဆေးရုံမှ နှလုံးရောဂါအထွေထွေရောဂါအထူးကု သမားတော်ကြီး၊ ပါမောက္ခ ဒေါက်တာဆန်းလွင်၊ အထူးကြပ်မတ်ကုသဆောင်မှ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူစဉ်ကာလတစ်လျှောက်လုံးနှင့် နောက်ဆုံးအချိန်အထိ စေတနာ၊ မေတ္တာအပြည့်အဝဖြင့် ကူညီစောင့်ရှောက် အကြံဉာဏ်ပေးခဲ့ပါသော ဒေါက်တာယုယုလွင်အားလည်းကောင်း၊ နာရေးသို့လိုက်ပါပို့ဆောင်ပေးခဲ့ကြပါသော ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ တပည့်များ၊ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် လာရောက်မေးမြန်း အားပေးကြသူများနှင့် လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဆက်သွယ်မေးမြန်းအားပေးခဲ့ကြသော သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လွမ်းဆွတ်ပန်းခြင်း၊ ပန်းခွေများ ပေးပို့ခဲ့ကြပါသော မိတ်ဆွေများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ရမည့်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးအောင်မိုး (ထားဝယ်)

### အသက်(၄၆)နှစ်

[ဦးလှကြည်-ဒေါ်ထွန်းကြည်(ခ)ဒေါ်မပု]တို့၏သားထွေး၊ ဦးသက်ဝေ-ဒေါ်ရီနှင်း၊ ဦးအောင်ဝေ-ဒေါ်ခင်မာဝင်းတို့၏ညီ ဦးအောင်မိုးသည် ၂-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဒေါ်အေးအေးသန့်**
**ချောင်ဝှက်ကုန်မာဆိုင်၊ ထားဝယ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7121, Shwe Min Thar L/T ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းမင်းသူ ၉/ပမန(နိုင်)၁၈၉၈၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ နေပြည်တော်**

## ဒေါ်စောရင်
(သန်လျင်)
အသက်(၉၀)

(ဦးဘနိုင်-ဒေါ်လှညွန့်)တို့၏သမီး၊ ဒေါ်တင်တင်လှိုင်၊ ဒေါ်အေးသိန်း၊ (ဒေါ်တင်ရီ)တို့၏အစ်မ၊ (ဦးကျော်မောင်)၏ဇနီး၊ ဦးမြင့်စိုး(ထွေ/အုပ်၊ ငြိမ်း)-ဒေါ်သင်းသင်းရီ၊ (ဦးတင်ဝင်း)-ဒေါ်ခင်စပယ် (Head Way International School)၊ (ဦးပိုက်-ဒေါ်ခင်ငြိမ်းဝင်း)၊ဦးညီထွေး-ဒေါ်ရွှေဝါ (ထွေ/အုပ်)၊ ဦးနေဇော်အောင်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၄ယောက်တို့၏ဘွားဘွားကြီးသည် ၇-၁၂-၂၀၁၈ ရက် (သောကြာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးပါ (ရဲအရာရှိ၊ ငြိမ်း)
အသက်(၉၁)နှစ်

ရမည်းသင်းမြို့နေ (ဦးညီ-ဒေါ်အေးရီ)တို့၏သား၊ ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်ကွက်နေ (ဒေါ်တင်လှ)၏ခင်ပွန်း၊ ဒေါ်မြမြဝင်း၊ တောင်ကြီးမြို့နေ ဦးအောင်မင်းဝင်း (ပါမောက္ခချုပ်၊ ငြိမ်း)-(ဒေါ်ဝင်းကြည်) အထက်တန်းပြ၊ ရန်ကုန်မြို့နေ ဦးသက်စိန် (ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန)-(ဒုရဲမှူးနှင်းနှင်းရီ)၊ ဗိုလ်ကြီးဇော်သင်း (ငြိမ်း)-ဒေါ်သန်းသန်းနွယ်၊ ဦးကျင်ရှိန် (ဆောင်းသဇင်တည်းခိုခန်း)-ဒေါ်ခင်မျိုးစန်း (မြို့နယ်သူနာပြုဆရာမကြီး)၊ ရမည်းသင်းမြို့နေ ဒေါ်စန်းစန်းရီ (လ/ထ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ရမည်းသင်း)၊ (ဒေါ်အေးအေးစန်း)၊ ရဲမှူးမောင်မောင်ဌေး(ငြိမ်း)-ဒေါ်စိုးမိုးထွေး (တရားလွှတ်တော်ရှေ့နေ)တို့၏ဖခင်၊ မြေး ကိုးယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၇-၁၂-၂၀၁၈ ရက် (သောကြာနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရမည်းသင်းမြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြီး (သံတွဲ)
အမက(၁) သံတွဲ(ငြိမ်း)
အသက်(၁၀၁)နှစ်

သံတွဲမြို့၊ ရွှေဘုံသာလမ်းနေ(ဦးဖိုးဖေ-ဒေါ်မယ်သီ)တို့၏သမီး၊ (ဦးကျော်သိန်း၊ အငြိမ်းစားကျောင်းဆရာ၊ အထက-၁၊ သံတွဲ)၏ဇနီး၊ (ဦးတင်ထွန်း)-ဒေါ်သိန်းသိန်းမြ၊ ဒေါ်ခင်ခင်မြ၊ (ဒေါ်ခင်လှမူ)၊ ဒေါ်သိန်းသိန်းကျော်၊ ဒေါ်ခင်မြတ်ထွေးတို့၏ မိခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၆-၁၂-၂၀၁၈ ရက် ည ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ် (၁)ရန်ကုန်သို့ လှူဒါန်းပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၈ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ် ၉၆(ခုနစ်လွှာ)၊ အထက်ပုဇွန်တောင်လမ်းမနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာ
## ဦးမောင်မောင်လေး
အသက်(၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၃၅၊ အနီဃာလမ်း၊ ကျောက်ကုန်းနေ ဒေါ်ကြည်ကြည်ဝေ၏ခင်ပွန်း၊ ဦးခင်မောင်ဦး-ဒေါ်စန်းစန်းဝေ၊ (ဒေါ်တင်တင်ပြုံး)၊ ဒေါ်သီတာပြုံး၊ ဒေါ်မာလာပြုံး၊ ဒေါ်သူဇာပြုံးတို့၏ဖခင်၊ (မောင်လှမျိုးအောင်)၊ မောင်သန်းထွန်းမင်း-မသက်ဖူးဝေ၊ မောင်အောင်ခိုင်ကျော်၊ မောင်အောင်ကျော်ဦးတို့၏အဘိုးသည် ၇-၁၂-၂၀၁၈ ရက် (သောကြာနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၈ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၁၈ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးသန်းမောင်(ဦးတင်လှ)
တောင်ကြီးအသင်း(ရန်ကုန်)
ကန်တော့ခံ
အသက်(၈၈)နှစ်

တောင်ကြီးအသင်းအမှုဆောင် ဦးစဝ်သန်းဌေးကြည်-ဒေါ်မိုးမိုးသန်း တို့၏ဖခင် ဦးသန်းမောင်သည် ၆-၁၂-၂၀၁၈ ရက် ည ၈း၀၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

တောင်ကြီးအသင်း(ရန်ကုန်)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရှုကင်း
(ထားဝယ်မြို့)
အသက်(၉၀)

ထားဝယ်မြို့၊ အနောက်ရပ်၊ အာဇာနည်လမ်းနေ ဦးမြတ်စိန်(ခ)ဦးခွမ်း၏ဇနီး၊ ဒေါက်တာယုဝါ (ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလီမိတက်၊ ဒုတိယဥက္ကဋ္ဌ)-ဒေါ်တင်တင်ဇော်တို့၏ မိခင် ဒေါ်ရှုကင်းသည် ၆-၁၂-၂၀၁၈ ရက် နံနက် ၄း၅၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ထားဝယ်ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီလီမိတက်**

## ဦးထွေးအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)
အမှတ်(၃)အခြေခံပညာဦးစီးဌာန
အသက်(၈၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကျွန်းရင်းရွာနေ(ဦးအေး-ဒေါ်မြအေး)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် (ဝဂ္ဂီ) ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၅)၊ အခန်း(၂၆)နေ (ဒေါ်ကြင်ကြင်)၏ခင်ပွန်း၊ ဦးကျော်ထင်အောင်(ဌာနခွဲ-စာရေးကြီး၊ စီမံရေးရာ၊ မကွေးတက္ကသိုလ်)၊ ဦးမော်မော်ထင်အောင်(အလပြ-ကာယ၊ လ-၂ ဒဂုံ)၊ ဒေါ်မူမူရှိန် (အလပြ ထ-၁၊ လမ်းမတော်)၊ ဒေါ်အေးမိုးမိုးသီတာအောင် (အလပြ ထ-၁ ဒဂုံ)၊ ဦးညီညီလွင် (အထပြ၊ ကာယ၊ ထ-၁ အင်းစိန်)၊ ဒေါ်စောသန္တာအောင် (လ/က၊ ကထိက သချၤာ သဃ်္ဃန်းကျွန်း ပညာရေးကောလိပ်)၊ ဦးကြည်ထင်ပေါ် (တွဲဖက်ပါမောက္ခ-သချၤာ၊ ရန်ကုန်စက်မှုတက္ကသိုလ်)၊ ဒေါက်တာဒေါ်စောမာလာအောင် (ပါမောက္ခ-သချၤာ၊ တောင်ကုတ်ဒီဂရီကောလိပ်)တို့၏ဖခင် မကြော့စန္ဒီသွယ် (တတိယနှစ်အင်္ဂလိပ်စာ)၊ မောင်ဝေယံကျော် (ဒုတိယနှစ်၊ ဘူမိဗေဒ-YU)၊ မမျိုးမြတ်မေကြည်၊ မအေးမြတ်ဆုဆုပန်တို့၏ဘိုးဘိုးကြီးသည် ၆-၁၂-၂၀၁၈ရက် ည ၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၈ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူသားသမီးမြေးများ

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသန်းမောင်(ဦးတင်လှ) (ရွှေမင်းဝံရိပ်သာ ယောဂီ)
2/0 CDC 2128 တောင်ကြီးအသင်း(ကန်တော့ခံ)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ်(၁၀)၊ မြေညီထပ်နေ (ဦးစံတင်-ဒေါ်ရွှေတင်)တို့၏သား၊ (ဦးဘလင်း- ဒေါ်အေးတင်)တို့၏သားသမက်၊ (ဒေါ်အမာ)၏ခင်ပွန်း၊ ဦးစဝ်သန်းဌေးကြည် (ရုံးအဖွဲ့မှူး၊ ကမ္ဘောဇဓမ္မာရုံ)-ဒေါ်မိုးမိုးသန်း(Genius Private School တာမွေ)၊ ဦးထွန်းထွန်း(ခေတ္တ-ဂျပန်)တို့၏ ချစ်လှစွာသောဖခင်၊ Yui ၏အဘိုးသည် ၆-၁၂-၂၀၁၈ရက် ည ၈း၀၄ နာရီ၌ ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းရင်
(စက်မှု-၁၊ ငြိမ်း)
အသက်(၇၃)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း၊ ရွှေညောင်မြို့နေ (ဦးအောင်မြ-ဒေါ်တင်ကြည်)တို့၏သမီး၊ (ဦးကြည်စိုး)-ဒေါ်ညို၊ (ဦးကြည်ဟန်)-ဒေါ်သန်းမေ(ခ)ဒေါ်နှောင်း၊ ဦးဇော်ဝင်းမြ-ဒေါ်အိကေဇာတို့၏အစ်မ၊ ကိုထိန်လင်းစိုး-မစမ်းသီတာအေး၊ ကိုစည်သူမြင့်-မသီတာစိုး၊ ကိုတင်မောင်ဆင့် - မခင်စန္ဒာဟန်၊ ကိုပြည့်စုံဟန်-မသော်တာအေး၊ မအောင်မဒီခ၊ မောင်သုတမြတ်ဇော်တို့၏ ကြီးကြီး၊ မြေးလေးယောက်တို့၏ အဘွားသည် ရန်ကုန်မြို့၊ ၈/၇၃၄၊ အခန်း (2-B)၊ သုမောင်ကွန်ဒို၊ လေးထောင့်ကန်လမ်း၊ ၈/တောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်သန်းရင်သည် ၇-၁၂-၂၀၁၈ ရက် နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်ဝေဘုန်းလျံ(ခ)ချစ်ငယ်လေး
အသက်(၁၈)နှစ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ အမှတ် ၁၃၄၃၊ စွယ်တော် ၁ လမ်းနေ ဦးတင်မောင်ငြိမ်း(ဦးစီးအရာရှိ၊ စီမံ၊ တံတားဦးစီး ဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်မြင့်မြင့်စန်းတို့၏သား မောင်ဝေဘုန်းလျံ(ခ)ချစ်ငယ်လေးသည် ၆-၁၂-၂၀၁၈ ရက် (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွာကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဒုညွှန်ကြားရေးမှူးချုပ်များနှင့်**
**တံတားဦးစီးဌာနမိသားစု**
**နေပြည်တော်**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ စိန်ဖူးဒါယကာကြီး
## ဦးသန်းထွတ်(ခ)ကိုငယ် B.Sc(Physics)
အထက(၂)၊ ကမာရွတ်၊ St. Augustine
အသက်(၆၀)

ရန်ကုန်မြို့နေ [ဦးသုတ(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန)-ဒေါ်ယဉ်ယဉ်မော်(ခ)အန်တီဒေါ်လီမော်(တရားသူကြီး၊ ငြိမ်း၊ ရန်ကင်းမြို့နယ်)]တို့၏သား၊ (ဦးဇော်မင်း)-ဒေါ်နီလာသုတ၊ ဦးတင်ထွတ်-ဒေါ်နွယ်နီအုန်းတို့၏ညီ/မောင်၊ ဦးသိန်းလွင်-ဒေါ်ကေသီသုတ၊ Mr.Brock J.Montgonery-ဒေါ်အေးသီတာသုတတို့၏အစ်ကို၊ ကိုတေဇာအောင်-မခိုင်ဇာဝင်း၊ ကိုနေမျိုးကျော်(ခ)ကိုတေဇ-မအေးအိလွင်လွင်၊ ကိုကျော်မျိုးထွန်း-မကြည်သာညိုဝင်း၊ ဒေါက်တာလင်းလင်းဇော်မင်း၊ မောင်ဉာဏ်ဇော်အောင်၊ David သုတ၊ Arnold သုတတို့၏ဦးလေး၊ မချောသန့်ဖြူစင်၊ မဝင်းလက်လက်ထွန်းတို့၏ အဘိုးလေးသည် ၇-၁၂-၂၀၁၈ ရက် (သောကြာနေ့) နံနက် ၂း၄၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁) တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၁၁၊ အခန်း B-4 နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၂-၂၀၁၈ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြရီထွန်း
(သူနာပြုဆရာမကြီး)အရိုးကုဆေးရုံ
အသက်(၈၀)

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်နေ (ဦးထွန်းလှိုင်-ဒေါ်သိန်းမေ)တို့၏သမီး၊ ရန်ကုန်မြို့နေ ဒေါ်နုရီ၏အစ်မ၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၉၅) နေ ဦးကျော်သူ၏ဇနီး၊ ဦးစိုးပိုင်-ဒေါ်တင်မိုးဆက်၊ ဦးချစ်ပိုင်-ဒေါ်လွင်လွင်မာ၊ ဒေါ်ဇင်ဇင်မင်း တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၅-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၂-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးလဂျာ (Nbang Bum La Ja)
ကထိက(ဘူမိဗေဒ-ငြိမ်း)၊ မန္တလေးတက္ကသိုလ်
အသက်(၇၇)နှစ်

ကချင်ပြည်နယ်၊ နောင်နန်းကျေးရွာနေ (ဦးလမြန်းနော်-ဒေါ်အင်လမ်းကော့)တို့၏ သား၊ (ဦးမရောတူးဂျာ-ဒေါ်မရန်ရွယ်)တို့၏သားသမက်၊ မြစ်ကြီးနားမြို့နေ ဦးဘောက်နော်- ဒေါ်ဂျာတောင်တို့၏ညီ၊ ရန်ကုန်မြို့နေ ဒေါ်ပရီလွမ်း(လ/ထ ညွှန်မှူး၊ သူနာပြု)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဇော်အောင်)-ဒေါက်တာဒေါ်စိုးစိုး (တွဲဖက်ပါမောက္ခ-နည်းပညာတက္ကသိုလ် ပခုက္ကူ) ဒေါက်တာဂျေပီနော်အောန်-ဒေါ်ဆိုင်းလုအောင်၊ ဦးဂျာနော်-ဒေါ်နီလာဆွေ၊ မနန်ဂျာမွန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၇-၁၂-၂၀၁၈ရက်(သောကြာနေ့) နံနက် ၄း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၁၂-၂၀၁၈ရက်(တနင်္လာနေ့) နံနက်၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ထားဝယ်မြို့၊ အနောက်ရပ်၊ အာဇာနည်လမ်း၊ အမှတ် ၁၅နေ ဦးမြတ်စိန်၏ဇနီး ဒေါ်ရှုကင်း ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြတ်သိန်း တူ ဒေါက်တာ ယုစိန်-ဒေါ်တင်ဇာထိုက်**
**တူမ ဒေါက်တာ ယုယုဌေး**
**နှင့် မြေးများ**

## ကျေးဇူးအထူးတင်ရှိခြင်း

၁-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားသော ဦးသန်းစိုး (ဒုအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်) ဆေးရုံတက်ရောက်ကုသနေစဉ်နှင့် ကွယ်လွန်ပြီးနောက် အဘက်ဘက်မှဝိုင်းဝန်းကူညီပြီး နှစ်သိမ့်အားပေးကြသူများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသူများ၊ ရက်လည်ဆွမ်းကျွေးကြွရောက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံး(အားလုံး)ကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးလဇိန်နော်ဘောက်
အသက်(၆၆)နှစ်

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ စက်ယန္တရားရှေ့လမ်း၊ အမှတ် ၃၂၅နေ (ဆရာ ဦးလဇိန်ဂေါင်)-ဒေါ်ဆွမ်လွတ်ဘန်ထွယ်တို့၏ သား၊ ဦးလဇိန်ဂမ်ဖုန်-(Mrs. Jindaral Sanahinankong)တို့၏ ညီ၊ ဦးလဇိန်လထွယ်-ဒေါ်ဖုန်ဂန်နန်ထန်၊ လဇိန်ထွယ်ဂျာ (ခ) မိုးနှောင်း၊ ဒေါ်လဇိန်ရွယ်ဂျီး၊ ဦးဆွမ်လွတ်ဂွန်မော်၊ (ဦးလဇိန်တူးလွမ်)-ဒေါ်ညိုညိုဝင်း၊ ဦးလဇိန်ထွယ်တန်-ဒေါ်Z ဒေါင်နန်း၊ လဇိန်ထွယ်ယော်၊ လဇိန်ထွယ်ဆွမ်၊ ဒေါ်လဇိန်ဆိုင်းခမ်-ဦးစနယ်ဖလောင်၊ မလဇိန်မော်ခမ်းတို့၏အစ်ကို၊ ဦးလဇိန်ဂွမ်ဂျာဖူ-ဒေါ်အိမ်မက်မိုး၊ ဦးလဇိန်ဂွမ်ဂျာနော်(ခ) နောနော်-ဒေါ်အိအိဟိန်း၊ ဦးလဇိန်ဂွမ်ဂျာလ(ခ)ဒီးလား-Mrs. Yuko Yukotobi တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်ဂေါ့လူဒွဲဘူ၏ခင်ပွန်းသည် ၃-၁၂-၂၀၁၈ရက်(တနင်္လာနေ့) ည ၉ နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၁၂-၂၀၁၈ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ဝန်ပေါင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
မင်္ဂလာဗျူဟာအသင်းချုပ်၏ ကန်တော့ခံပုဂ္ဂိုလ်
## ဒေါ်ခင်စန်းစန်း (B.A.Ed.B.Ed)
အသက် (၈၄)နှစ်

(သမာခိမြို့ဝန် ဦးသော်-ဒေါ်လေးမေ)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ သုခလမ်း၊ အမှတ် ၉/၅ နေ အသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်ဝေဝေမြင့် (ဒုညွှန်မှူး၊ ငြိမ်း၊ လျှပ်စစ်)၏အစ်မ ဒေါ်ခင်စန်းစန်းသည် ၄-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မင်္ဂလာဗျူဟာအသင်းချုပ်**

## ဦးသိန်းဝင်းမြင့်(ခ)ဦးဖိုးသား
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၆)နေ ဒေါက်တာရင်ရင်လွင်(ညွှန်ကြားရေးမှူး၊ လေ့ကျင့်ရေး၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ခန့်စည်သူ (Grade-11)၊ မယွန်းပြည့်ပြည့်ဝန်း(Grade-10, TTC) တို့၏ ဖခင်၊ တူ တူမ လေးယောက်တို့၏ ဦးလေး၊ မြေးတစ်ယောက်၏ အဘိုးလေးသည် ၆-၁၂-၂၀၁၈ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၈ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 6G/6556 Chana SC 1026 P/U(4×2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝံ့မြတ်သူ ၈/ရနခ(နိုင်)၀၇၂၁၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်အိမင်းဌေး (ပဲခူး၊ ပြင်ဦးလွင်-စစ်တက္ကသိုလ်)
အထက(၃) ပဲခူးကျောင်းသူဟောင်း
အသက်(၃၇)နှစ်

ဦးမင်းအောင်-ဒေါ်စန်းစန်းဌေးတို့၏သမီး၊ (ဦးကုဋ္ဌေဌေး)၊ ဒုတိယဗိုလ်မှူးကြီး သိန်းသန်းဌေး-ဒေါ်ဆုယဉ်ဝင်းတို့၏ညီမ၊ ဦးဇော်မင်းဌေး၏အစ်မ၊ မောင်ဘုန်းမင်းခိုင် (ကြယ်စင်ကိုယ်ပိုင်အလယ်တန်းကျောင်း-ပြင်ဦးလွင်မြို့)၏ မိခင် ဒေါ်အိမင်းဌေး၏ တစ်လပြည့် လပတ်ဆွမ်းကျွေးတရားတော်နာကို ၅-၁၂-၂၀၁၈ရက်၌ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်ရှိနေအိမ်တွင် အရဏ်ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုငွေတို့ကို ကျွေးမွေးလှူဒါန်းခြင်းနှင့် ပန်းခြံကုန်းရပ်ကွက်ရှိ ရွှေဂူဘုန်းတော်ကြီးကျောင်းစာသင်တိုက်တွင် မုန့်ဟင်းခါးဆွမ်း၊ အချိုပွဲတို့ ဆက်ကပ်လှူဒါန်းကျွေးမွေးရာသို့ ခင်မင်ရင်းနှီးစွာဖြင့် ကြွရောက်လာခဲ့ကြသော ဦးကြင်သိန်း [အထက-၃၊ ပဲခူးကျောင်းအုပ်ကြီး(ငြိမ်း)] အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(ဟောင်း) ပဲခူးတိုင်းဒေသကြီး]၊ ဦးထွန်းအောင်ကျော် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကညန၊ နေပြည်တော်)၊ ဒေါက်တာတိုးမြင့်၊ ဒေါက်တာခင်ဇော်သောင်း၊ ရဲမှူးလေးဝင်း(ငြိမ်း)၊ ဦးလှမြင့်၊ ဦးဝေလင်း၊ ဦးမြင့်ကြူ၊ ဒေါ်ကလျာ၊ ဒေါ်အေးနီနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သမီးလေး **အိ** နှင့်တကွ ကျွတ်လွတ်ထိုက်သူအားလုံးတို့ကို အမျှပေးဝေပါတယ်။ ကုသိုလ် အမျှ-အမျှ-အမျှ

သမီးလေးရေ ကုသိုလ် အမျှ-အမျှ-အမျှ သာဓုခေါ်ပါ သမီးလေးရယ် သာဓု-သာဓု-သာဓု

## ဦးသိန်းဝင်းမြင့်(ခ)ဦးဖိုးသား
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃ လမ်း၊ အမှတ် (၈၃)နေ (ဦးအောင်ငွေ-ဒေါ်ကြူကြူ)တို့၏ သား၊ (ဦးချစ်ရင်-ဒေါ်ခင်နှင်းလွင်)တို့၏ သားသမက်၊ ဒေါ်ကြင်ပို့၊ ဒေါ်ကျင်ကြည်(ဒေါ်တင်မုန့်ဆိုင်)၊ (ဦးမြင့်သိန်း)တို့၏ တူ၊ ဒေါ်ညွှန့်ညွှန့်အေး၊ ဦးစိန်ဝင်း-ဒေါ်မိမိထွေး၊ ဦးစိန်မင်း-ဒေါ်တင်တင်နွဲ့၊ဒေါ်အေးအေးသိန်း၊ ဒေါ်ခင်သန်းညွှန့်၊ (ဦးသိန်းမြင့်ထွန်း)၊ ဒေါ်ဝင်းဝင်းပြုံး၊ ဒေါ်ရင်ရင်ထွေး-ဦးဖိတ်လင်းတို့၏ညီမောင်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၆)နေ ဦးသိန်းဝင်းမြင့်(ခ)ဦးဖိုးသားသည်၆-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၂-၂၀၁၈ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းခြင်း
## ဒုတိယဗိုလ်မှူးကြီးစိုးညွှန့် (ငြိမ်း)၊ D.S.A(25)
နေပြည်တော်
အသက်(၅၇)နှစ်

ဒုတိယဗိုလ်မှူးကြီးစိုးညွှန့်(ငြိမ်း)သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၊ ဝေ့ဌာနီဆေးရုံကြီး၌ ၃-၁၂-၂၀၁၈ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မောချယ်ရီမြက်ခင်းတုဖြန့်ချိရေးမှ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**မောချယ်ရီမြက်ခင်းတုဖြန့်ချိရေး**

## ပျောက်ဆုံးကြောင်း

Royal Asia Man Trading Private Ltd မှ ဒေါ်အေးအေးထွန်း ၁/မကတ(နိုင်)၁၀၄၂၇၆ ဝယ်ယူခဲ့သော မော်တော်ယာဉ်စာရွက်စာတမ်းဖြစ်သည့် အင်ဂျင်ပါဝါ 1790 CC,Chassis No. ZNE 10-0143251 Toyota Wish 2004 အနက်ရောင်ယာဉ်၏ Customs Statement မူရင်းစာရွက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါအတိုင်းပေးပို့ပေးပါရန်။

(ကျေးဇူးဆပ်ပါမည်။)

**ဒေါ်အေးအေးထွန်း ဖုန်း-၀၉-၄၃၁၅၇၃၆၀**
**အမှတ် ၂၅၊ ဥပုသ်တော်ရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊မန္တလေးတိုင်းဒေသကြီး**

# တောင်သူလယ်သမားများ ပုံစံသစ်၊ ခေတ်မီနည်းစနစ်များနှင့်အညီ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိစေမည်

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဝိုင်းမော်မြို့နယ်အတွင်းရှိ စွန့်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဝိုင်းမော်မြို့နယ်အတွင်းရှိ စွန့်လွှတ်မြေများ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ပူတာအို ဒီဇင်ဘာ ၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေယာများအား တောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ပြန်လည်စွန့်လွှတ်မြေများ လက်ခံရယူကြမည့် တောင်သူများ၊ မြို့မိ မြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်ရင်း(၂)ရင်းမှ စွန့်လွှတ်သည့် မြေဧရိယာ ၁၁၀ ဒသမ ၅၂ ဧကကို မူလတောင်သူ ၂၅ ဦးထံသို့ *စာမျက်နှာ ၄ ကော်လံ ၁* ❄

# ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲအတွက် မြန်မာ ယူ-၂၁ အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၇**

ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၁ အသင်းသည် အပြီးသတ်ကစားသမား ၂၀ ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ဒီဇင်ဘာ ၆ ရက်တွင် မကွေးအသင်းနှင့် နောက်ဆုံးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး ဒီဇင်ဘာ ၇ ရက်တွင် အပြီးသတ်လူစာရင်းကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်း၏ အပြီးသတ်လူစာရင်းတွင် အမာခံကစားသမား အစုံအလင်ပါဝင်လာပြီး စိုးမိုးကျော်၊ ဘုန်းသစ္စာမင်း၊ မြတ်ကောင်းခန့်၊ ဝင်းနိုင်ထွန်း စသည့်ကစားသမားများ ပါဝင်လာသည်။ အပြီးသတ်ရွေးချယ်ရာတွင် *စာမျက်နှာ ၁၂ ကော်လံ ၄* ●



ဒီဇင်ဘာ ၆ ရက်က မြန်မာ ယူ-၂၁ အသင်းနှင့် မကွေးအသင်း ခြေစမ်းပွဲယှဉ်ပြိုင်ကစားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

# အာဆီယံတက္ကသိုလ်ပြိုင်ပွဲအတွက် မြန်မာဂေါက်သီးရိုက်အသင်း လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အဖွဲ့သည် နေပြည်တော်၌ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာတက္ကသိုလ်ဂေါက်သီးရိုက်အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦး ရွေးချယ်ထားပြီး နိုဝင်ဘာ ၁၃ ရက်မှစ၍ နေပြည်တော်၌ လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာတက္ကသိုလ် ဂေါက်သီးရိုက်လက်ရွေးစင်ကစားသမား ကောင်းထက်ထွန်းသည် ဒီဇင်ဘာ ၇ ရက်က ကစားဖော်များဖြစ်သည့် အာကာဇော်၊ ခင်ဇာနည်အောင်တို့နှင့် လေ့ကျင့်မှုပြုလုပ်နေစဉ် ကျင်းအမှတ်(၈)တွင် ကိုက် ၁၂၀ အကွာအဝေးကို Volvik DS77 ဘောလုံးကို Taylormade RBZ (Pitching Wedge) တုတ်ဖြင့်ရိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ပြိုင်ပွဲဝင်မည့် မြန်မာတက္ကသိုလ် ဂေါက်သီးရိုက် အားကစားအဖွဲ့တွင် အားကစားသမားများအဖြစ် အမျိုးသား-ကောင်းထက်ထွန်း၊ လှိုင်မင်းထက်၊ ကျော်ဇင်ထွန်း၊ ဉာဏ်လင်းထွန်း၊ ဝေယံစိုး၊ အာကာဇော်၊ အမျိုးသမီး-ဇေရီဝင်းထွန်း၊ ခင်ဇာနည်အောင်၊ ခင်မြတ်မြတ်သူ၊ သိမ့်သိမ့်မိုး၊ စိမ့်ရတနာနှင့် သိမ့်ဘိုဘိုဉာဏ်တို့ ပါဝင်ကြသည်။

**ဖိုးသော်ဇင်**